ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 9 March 2021 ၁၀၃၁၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း NCA တွင် လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**CDM လှုပ်ရှားမှုမှာ ရုတ်တရက်ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ ယခင်ကတည်းက ကြိုတင်စီစဉ်ထားသည်ဟု ယူဆကြောင်း၊ CDM လှုပ်ရှားမှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ငွေကြေးစီးဝင်မှုအရင်းအမြစ်များကို စိစစ်ဖော်ထုတ်နေကြောင်း၊ ယမန်နေ့ကလည်း သတင်းထုတ်ပြန်ထားကြောင်း၊ နိုင်ငံတကာတွင် ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများရှိသော်လည်း အစိုးရနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများကိုသာ ဆန္ဒပြခြင်းဖြစ်ပြီး စီးပွားရေးထိခိုက်အောင် လုပ်ဆောင်ခြင်းမရှိပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ငွေကြေးလည်ပတ်မှုများ၊ ကုန်ထုတ်လုပ်မှုများထိခိုက်အောင် ဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း**

**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့် ပထမရက်သတ္တပတ်အတွင်း ပုံမှန်အခြေအနေရှိခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ဆန္ဒပြမှုများရှိသဖြင့် မိမိတို့အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်အထိ မြို့နယ် ၂၀၀ ကျော်တွင် ဆန္ဒပြမှုများရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ အကြမ်းဖက်လုပ်ရပ်များစတင်လာသည်ကိုတွေ့ရပြီး လုံခြုံရေးဝန်ထမ်းများအား

စာမျက်နှာ ၄ ကော်လံ ၁ သို့

ကြေးမုံ ယနေ့ ဖတ်စရာ

မတူကွဲပြားမှု၏ အလှတရား
ဆောင်းပါး စာမျက်နှာ » ၆

တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံရေးယဉ်ကျေးမှု
ဆောင်းပါး စာမျက်နှာ » ၁၈

အငြိမ်းစားလစာထုတ်ယူကြသည့် ပင်စင်စား မိဘပြည်သူများ အဆင်ပြေချောမွေ့စေရေး
ဆောင်းပါး စာမျက်နှာ » ၂၃

ကြေးမုံ

# ဦးတည်ချက်များကို အလေးထား၍ တိုင်းရင်းသားပြည်သူအကျိုး ဖော်ဆောင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သောနိုင်ငံဖြစ်သည်။ သာဓကအားဖြင့် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော လူဦးရေစာရင်းအရ ရှမ်းပြည်နယ်တွင် တိုင်းရင်းသား ခြောက်သန်းနီးပါး၊ ကချင်ပြည်နယ်တွင် တစ်သန်းခွဲကျော် နေထိုင်ကြရာတွင် တိုင်းရင်းသားမျိုးနွယ်စုကွဲများနှင့်အတူ ချစ်ချစ်ခင်ခင် အတူတကွ လက်တွဲနေထိုင်ကြသည်။ အလားတူပင် ကျေးလက်ဒေသများတွင်လည်း တိုင်းရင်းသားပြည်သူပေါင်းစုံ စုပေါင်းနေထိုင်ကြသည်။

မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးသောဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရိုးသားဖြူစင်စွာဖြင့်၊ အေးချမ်းစွာဖြင့်နေထိုင်လျက်ရှိကြသည်။ ထိုသို့ အေးချမ်းစွာနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူလူနည်းစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးမှုများနှင့်အတူ တိုင်းရင်းသားပြည်သူများက အတူလက်တွဲပူးပေါင်းဆောင်ရွက်ကြပါမှ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သည်။

သို့သော် နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းမငြိမ်းချမ်းမှု၊ ကိုဗစ်-၁၉ ကပ်ဘေးရောဂါကဲ့သို့သော သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်မှု၊ မမျှော်လင့်ဘဲဖြစ်ပေါ်လာသော တိုင်းပြည်မတည်ငြိမ်မှုများကြောင့် တိုင်းရင်းသားပြည်သူများ တည်ငြိမ်အေးချမ်းစွာနေထိုင်ရေး၊ လူမှုစီးပွားမြင့်မားတိုးတက်ရေးတို့မှာ အလှမ်းဝေးစေခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်၍ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းဖြင့် အမြန်ဆုံးကုစားရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်တွင် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး စသည့်ဦးတည်ချက်များကို ချမှတ်ပြီး တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ ဦးတည်ချက်ပါအချက်များအနက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

လတ်တလောတွင် နယ်စပ်ဒေသများ၌ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများတွင် နိုင်ငံသားစိစစ်ရေးကတ်များ မရရှိသေးသဖြင့် အမြန်ရရှိအောင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံကျသော အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာရေးအတွက် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းကာ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အစဉ်အဆက်ဆောင်ရွက်ပေးလျက်ရှိသော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးတို့ကိုလည်း ပိုမိုတိုးတက်ကောင်းမွန်ဖြစ်ထွန်းလာအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်ရှိကာလတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စနစ်တကျကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းတွင် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ရပ်တန့်မထားဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်အောင် အလျင်အမြန်စီမံဆောင်ရွက်နေသည်။ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်။ မိမိတို့တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိနားလည်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ အတူလက်တွဲပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်က ချမှတ်ထားသော ဦးတည်ချက်များအောင်မြင်စွာ အကောင်အထည်ပေါ်လာအောင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် တိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၈-၃-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၁၇ | ၁၆၁,၅၀၀ |
| MTSH | ၃,၆၅၀ | ၃,၅၅၀ | ၆၅ | ၂၃၅,၂၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁ | ၈,၁၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၃၆ | ၉၈,၈၀၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၂၀ | ၆၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၅.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၄.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၈.၄၆ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၃၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၈.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၄၈၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၂.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၄.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၈၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၁ ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကား

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးများဟာ ကမ္ဘာ့နိုင်ငံများရဲ့ အဓိကကျတဲ့ အင်အားစုကြီးဖြစ်ပြီး အမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၅ ခုနှစ်မှာ မတ်လ (၈) ရက်နေ့ကို **“အပြည်ပြည် ဆိုင်ရာ အမျိုးသမီးများနေ့”** အဖြစ် တရားဝင် အသိအမှတ်ပြုခဲ့ပါတယ်။

မြန်မာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှာ အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီး သူရဲကောင်းများစွာ ရှိခဲ့ကြသလို ခေတ်အဆက်ဆက်မှာလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များမှာ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများ ပေါ်ထွက်ခဲ့ပါတယ်။

**မြန်မာနိုင်ငံ လူဦးရေ (၅၄.၈)သန်းခန့်မှာ အမျိုးသမီးပါဝင်မှုက (၅၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။ နယ်ပယ်စုံ၊ ကဏ္ဍစုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားနေပြီး နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေမှာလည်း စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တာဝန်ထမ်းဆောင်နေကြတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။**

ဒါကြောင့် မြန်မာအမျိုးသမီးများအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုကို ကိုယ်စားပြုတဲ့အနေနဲ့ နှစ်စဉ် မတ်လ (၈) ရက်နေ့ ရောက်တိုင်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတကာမှာ အခမ်းအနားတွေကျင်းပတဲ့နည်းတူ ကျွန်တော်တို့ နိုင်ငံမှာလည်း မြန်မာအမျိုးသမီးများရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေဖို့ အခုလို နိုင်ငံတော်အဆင့်အခမ်းအနားများ ကျင်းပရခြင်း ဖြစ်ပါတယ်။



မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာ အမျိုးသမီးတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေအရပ်ရပ်ကို ဝိုင်းဝန်းဖြေရှင်းပြီး ၎င်းတို့ရဲ့ စွမ်းပကားတွေ မြင့်မားလာစေဖို့အတွက် အမျိုးသမီးအရေးတွေကို နေရာအနှံ့မှာ ဘက်စုံထောင့်စုံကနေ ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများရဲ့ အခန်းကဏ္ဍ တိုးတက်မြင့်မားရလေအောင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ရေးဆွဲအကောင်အထည်ဖော်မှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ရေးဆွဲထားရှိမှု၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan – MSDP)၊ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan-CERP)ကို ရေးဆွဲအကောင်အထည်ဖော်မှုတို့ဟာ မြန်မာအမျိုးသမီးများအတွက် ထိရောက်တဲ့ အထောက်အပံ့ကောင်းများရရှိစေတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

ထပ်မံရေးဆွဲနေတဲ့ COVID-19 ကပ်ရောဂါအလွန် မြန်မာနိုင်ငံရဲ့ စီးပွားရေး ပြန်လည်ထူထောင်ရေးနဲ့ ပြုပြင်ပြောင်းလဲရေးစီမံချက် (Myanmar Economic Recovery and Reform Plan-MERRP) ကဲ့သို့သော နိုင်ငံတော်ရဲ့ စီးပွားရေးကုစားမှုစီမံချက်တွေမှာလည်း ကျား/မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းပကားမြှင့်တင်မှုရှုထောင့်တို့ကို ပေါင်းစပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂက ယခု ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ချမှတ်ထားတဲ့ ဦးတည်ချက်ဆောင်ပုဒ်ကတော့ **Women in leadership: Achieving an equal future in a COVID-19 world (တန်းတူညီမျှတဲ့ အနာဂတ်ဖော်ဆောင်ဖို့ အမျိုးသမီးကဏ္ဍမြှင့်တင်လို့ COVID-19 တုံ့ပြန်စို့)** ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆောင်ပုဒ်နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိလုပ်ဆောင်မှုများက ကိုက်ညီမှုရှိနေတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ယိုယွင်းပျက်စီးနိမ့်ကျခဲ့ရတဲ့ ကဏ္ဍပေါင်းစုံကို ပြန်လည်ထူထောင်နိုင်ရေးမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို ဒီဆောင်ပုဒ်က မီးမောင်းထိုးပြလျက်ရှိပါတယ်။

စစ်မှန်တဲ့ တန်းတူညီမျှမှုရှိစေရေးအတွက် အမျိုးသမီးများနဲ့ အမျိုးသမီးငယ်တွေရဲ့ တစ်ဦးချင်းတန်ဖိုးကို အသိအမှတ်ပြုသလို မိသားစု၊ ရပ်ရွာနဲ့ လူ့အဖွဲ့အစည်းအတွက် ၎င်းတို့ရဲ့ တန်ဖိုးရှိမှုကိုလည်း လေးစားအသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ လူတိုင်း ကျား/မ မဟူ၊ နိုင်ငံကြီးငယ်မရွေး အခြေခံလူ့အခွင့်အရေးများနဲ့ တန်းတူရည်တူ အခွင့်အရေးရှိခြင်းကို အလေးအနက်ဂရုပြုရန်ဆိုတာကို ဖော်ပြထားပါတယ်။ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းမှာ အမျိုးသမီးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့၌ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများ ညီလာခံက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီး (၁၂)ရပ်ပါဝင်တဲ့ဘေဂျင်းကြေညာစာတမ်း (Beijing Declaration)နဲ့ ဘေဂျင်းလုပ်ငန်းစီမံချက်ကို အတည်ပြု ချမှတ်ခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ခုမှာလည်း ကျား/မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ အားလုံး စွမ်းပကားတိုးမြှင့်စေရေးဆိုတဲ့ အချက်ပါရှိပြီး ဒီအချက်ကို မြန်မာနိုင်ငံအနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ချိတ်ဆက်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။

အားလုံးသိကြတဲ့အတိုင်း ဒီနေ့အချိန်ကာလဟာ ကမ္ဘာ့နိုင်ငံများအားလုံး COVID-19 ကပ်ရောဂါဖြစ်ပွားမှုများနဲ့ ရင်ဆိုင်နေရချိန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီကပ်ရောဂါကို အန်တုရင်ဆိုင်ရင်း ဒီရောဂါဖြစ်ပွားမှုကြောင့် ယိုယွင်းပျက်စီးအားနည်းခဲ့ရတဲ့ ကဏ္ဍပေါင်းစုံကို ပြန်လည်ထူထောင်ရေး ကြိုးပမ်းနေကြပါတယ်။ ကျွန်တော်တို့ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့အတူ အင်တိုက်အားတိုက်၊ စိတ်ပါလက်ပါ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်နေကြတာကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရတဲ့အတွက် မြန်မာအမျိုးသမီးများကို ချီးကျူးဂုဏ်ပြုပါကြောင်းနဲ့ လေးစားအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးတွေကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံက တတ်နိုင်သရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများနဲ့ အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာကဏ္ဍ အသီးသီးကနေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

ဒီလိုဆောင်ရွက်ခြင်းအားဖြင့် မြန်မာအမျိုးသမီးများအနေနဲ့ ကျွန်တော်တို့ ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်ရာမှာ ပိုမိုပါဝင်ခွင့်ရရှိကြကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးစွာသော အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းမှာ အဓိကအင်အားစုကြီး တစ်ခုဖြစ်တဲ့ မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်မှာ နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့ကြသလို ယနေ့ကာလမှာလည်း COVID-19 ကပ်ရောဂါအပါအဝင် တွေ့ကြုံနေရတဲ့စိန်ခေါ်မှုများနဲ့ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကဏ္ဍစုံမှာ အောင်မြင်တဲ့ မြန်မာအမျိုးသမီးများ ဖြစ်ကြပါစေ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အားလုံးသိကြတဲ့အတိုင်း ဒီနေ့အချိန်ကာလဟာ ကမ္ဘာ့နိုင်ငံများအားလုံး COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုများနဲ့ ရင်ဆိုင်နေရချိန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီကပ်ရောဂါကို အန်တုရင်ဆိုင်ရင်း ဒီရောဂါဖြစ်ပွားမှုကြောင့် ယိုယွင်းပျက်စီးအားနည်းခဲ့ရတဲ့ ကဏ္ဍပေါင်းစုံကို ပြန်လည်ထူထောင်ရေး ကြိုးပမ်းနေကြပါတယ်။ ကျွန်တော်တို့ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့အတူ အင်တိုက်အားတိုက်၊ စိတ်ပါလက်ပါ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်နေကြတာကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရတဲ့အတွက် မြန်မာအမျိုးသမီးများကို ချီးကျူးဂုဏ်ပြုပါကြောင်းနဲ့ လေးစားအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။**

○ ရှေ့ဖုံးမှ

ခား၊ ဂျင်ကလီ၊ လေးခွ၊ ကုန်းသီး၊ တူမီး၊ လုပ်သေနတ်တို့နှင့် ပစ်ခတ်တိုက်ခိုက်သည့်အပြင် မီးရှို့ဖျက်ဆီးခြင်းလုပ်ရပ်များကိုလည်း ဆောင်ရွက်လာကြောင်း၊ ဆူပူဆန္ဒပြသူအချို့ကို ဖမ်းဆီးခဲ့သော်လည်း တချို့ကို စစ်ဆေးပြီး ပြန်လွှတ်ရန် စီစဉ်နေကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် အသက်သာဆုံးနှင့် အညင်သာဆုံး ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ရာ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ငါးဦး သေဆုံးခဲ့ပြီး အမျိုးသား ၈၅ ဦး၊ အမျိုးသမီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိုသို့သေဆုံးမှုတွင် မန္တလေးမှ အမျိုးသမီး တစ်ဦးနှင့် နေပြည်တော်မှ အမျိုးသမီးတစ်ဦးတို့မှာ ရဲတပ်ဖွဲ့ဝင်များ အသုံးပြုသည့် လက်နက်ကြောင့် မဟုတ်ဘဲ ပြင်ပမှပစ်ခတ်သည့် လက်နက်တစ်ခုကြောင့် ဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း။

**စိစစ်ဖော်ထုတ်နေ**

CDM လှုပ်ရှားမှုမှာ ရုတ်တရက်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ယခင်ကတည်းက ကြိုတင်စီစဉ်ထားသည်ဟု ယူဆကြောင်း၊ CDM လှုပ်ရှားမှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ငွေကြေးစီးဝင်မှုအရင်းအမြစ်များကို စိစစ်ဖော်ထုတ်နေကြောင်း၊ ယမန်နေ့ကလည်း သတင်းထုတ်ပြန်ထားကြောင်း၊ နိုင်ငံတကာတွင် ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများရှိသော်လည်း အစိုးရနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများကိုသာ ဆန္ဒပြခြင်းဖြစ်ပြီး စီးပွားရေးထိခိုက်အောင် လုပ်ဆောင်ခြင်းမရှိပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ငွေကြေးလည်ပတ်မှုများ၊ ကုန်ထုတ်လုပ်မှုများထိခိုက်အောင် ဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း။

ယင်းထက်ဆိုးရွားသည်မှာ ဆရာဝန်များအနေဖြင့် ဆေးရုံများပိတ်ထားခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းမှာ ရန်သူ၊ မိတ်ဆွေ မခွဲဘဲ ကုသပေးရမည်ဖြစ်ပြီး ယင်းကို မျက်ကွယ်ပြု၍ ဆောင်ရွက်နေကြကြောင်း၊ ယင်းသို့ဆောင်ရွက်မှုမှာ ဆရာဝန်များအနေဖြင့် ယင်းတို့၏ ကတိသစ္စာ အဓိဋ္ဌာန်ကို ဖောက်ဖျက်ခြင်းဖြစ်သဖြင့် ပြည်သူအပေါ် ယင်းသို့ မဆောင်ရွက်သင့်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆေးရုံများမြန်မြန်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေကြောင်းခရီးများမှာ ပုံမှန်ပြေးဆွဲနေပြီး မကြာမီရက်ပိုင်းအတွင်း ရန်ကုန်–မန္တလေး မီးရထားပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အနည်းငယ်သာ ပြန်လည်ဖွင့်လှစ်သည်ကို တွေ့ရှိရကြောင်း၊ ပုဂ္ဂလိကဘဏ်အားလုံး အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဘဏ်များအတွက်လုံခြုံရေးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူအကျိုးအတွက် ဘဏ်များဖွင့်လှစ်ရန် လိုအပ်ကြောင်း။

ဒီမိုကရေစီစနစ်အရ နိုင်ငံတကာတွင် ဆန္ဒပြမှုများရှိပါကြောင်း၊ ဆန္ဒပြမှုမဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာပါက ဖြိုခွင်းနှိမ်နင်းမှုများရှိပါကြောင်း၊ မိမိတို့အနေဖြင့် သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း မီဒီယာများက ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ပြမှုမရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေမှု အပြည့်အစုံကိုလည်း ဖော်ပြခြင်းမရှိဘဲ ၎င်းတို့လိုအပ်သည့်အပိုင်းများသာ ရွေးချယ်ရိုက်ကူး၍ ထပ်ကာထပ်ကာထုတ်လွှင့်ပြီး ပြည်သူများနှင့် နိုင်ငံတကာမှ အမြင်မှားစေရန် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

**စစ်ဆေးတွေ့ရှိ**

ပြီးခဲ့သည့်အစိုးရ၏ ပြည်ပစီးပွားရေးအကြံပေးဖြစ်သူ SEAN TURNELL မှာ မြန်မာနိုင်ငံမှတိမ်းရှောင်ရန် ဆောင်ရွက်နေမှုကို အချိန်မီတားဆီးနိုင်ခဲ့ပြီး ၎င်းထံ၌ တိုင်းပြည်၏ လျှို့ဝှက်အဆင့်ရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များကို စစ်ဆေးတွေ့ရှိရကြောင်း၊ ၎င်းနှင့်ဆက်စပ်၍ ပြည်ထောင်စုအစိုးရအဆင့် တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးအချို့သည် ငွေကြေးသုံးစွဲမှုများတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ သုံးစွဲထားသည်ကို တွေ့ရသည့်အတွက် လာရောက်ရှင်းလင်းရန် ခေါ်ယူချိန်တွင် ထွက်ပြေးတိမ်းရှောင်နေကြကြောင်း၊ ယင်းမှာ ၎င်းတို့၏လုပ်ရပ် မမှန်ကန်၍ဖြစ်ကြောင်း၊ အလားတူ ယခင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုနှင့်အထက် အဆင့်ရှိသူများ၏ ဆောင်ရွက်မှုများကို စိစစ်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများရှိသည့်အတွက် အရေးယူနိုင်ရန် လုပ်ဆောင်နေကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအခြေအနေတွင် မြို့နယ် ၁၈ မြို့နယ်၌ စိစစ်ဆောင်ရွက်ခဲ့ရာ မှတ်ပုံတင်မရှိဘဲ မဲပေးသည့် လူဦးရေ ၃၅၀၇၇၀ ရှိသည်ကို တွေ့ရသည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည်ဆိုသည့် အချက်ပါဝင်ကြောင်း၊ သို့ဖြစ်၍ အသက်ပြည့်ပြီး မဲပေးခွင့်ရှိသူတိုင်း ဥပဒေနှင့်အညီ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင်(သို့မဟုတ်) သက်သေခံကတ်ပြားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသက်ပြည့်သူတိုင်း မဲပေးနိုင်ရေးအထူးစီမံချက်ဖြင့် မှတ်ပုံတင်နှင့် သက်သေခံကတ်ပြားများ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း။

**ဒီမိုကရေစီစနစ်အရ နိုင်ငံတကာတွင် ဆန္ဒပြမှုများရှိပါကြောင်း၊ ဆန္ဒပြမှုမဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာပါက ဖြိုခွင်းနှိမ်နင်းမှုများရှိပါကြောင်း၊ မိမိတို့အနေဖြင့် သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း မီဒီယာများက ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ပြမှုမရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေမှု အပြည့်အစုံကိုလည်း ဖော်ပြခြင်းမရှိဘဲ ၎င်းတို့လိုအပ်သည့်အပိုင်းများသာ ရွေးချယ်ရိုက်ကူး၍ ထပ်ကာထပ်ကာထုတ်လွှင့်ပြီး ပြည်သူများနှင့် နိုင်ငံတကာမှ အမြင်မှားစေရန် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း NCA တွင် လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များအနေဖြင့် ယင်းအချက်ကို ဦးစားပေးလုပ်ငန်းစဉ်ထဲတွင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**ဝင်ရောက်ဖြေရှင်းပေးခဲ့**

တပ်မတော်အနေဖြင့် ၁၉၄၈ ခုနှစ်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းစေရေးအတွက် ဝင်ရောက်ဖြေရှင်းပေးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံသည် မိမိတို့ထက် လူဦးရေများပြားသည့် နိုင်ငံများအကြားတွင် တည်ရှိသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အင်အားရှိရန်နှင့် အသင့်ဖြစ်အောင် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တိုင်းပြည် တည်တည်ငြိမ်ငြိမ်ဖြစ်သွားလျှင် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ရေး စဉ်းစားရမည်ဖြစ်၍ ကောင်စီဝင်များ လေ့လာကြစေလိုကြောင်း၊ သတ်မှတ်ထားသည့် နိုင်ငံသားတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပုဒ်မ ၃၈၆ အရ စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းရန် တာဝန်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးခင်မောင်ဆွေနှင့် ဒေါ်အေးနုစိန်တို့က လူမှုကွန်ရက်စာမျက်နှာများမှ အခွန်အကောက်ရရှိရေးနှင့် နည်းပညာအရခြယ်လှယ်နေသည့် အဖွဲ့အစည်းများအား ဖော်ထုတ်အရေးယူရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့် ဥပဒေများအား ပယ်ဖျက်ရေးနှင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPHနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်နေသူများအား စိစစ်ဖော်ထုတ်အရေးယူသွားရေး၊ ဆူပူဆန္ဒပြမှုများတွင် အသုံးချခံနေရသူများအား နိုင်ငံရေးပညာပေးလုပ်ငန်းများဆောင်ရွက်သွားရေး၊ မဲမသမာမှုကိစ္စနှင့် အခြားဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များအား အမြန်ဆုံး ပြည်သူသို့ချပြရေး၊ နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်စေသည့် ပိုစတာနှင့် ဆိုင်းဘုတ်များအား ရိုက်နှိပ်လျက်ရှိသည့် ပုံနှိပ်လုပ်ငန်းများအား ဖော်ထုတ်အရေးယူသွားရေး၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်များ ဆောင်ရွက်ပေးရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရေး၊ ရပ်ဆိုင်းထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့်ဥပဒေများကို ပယ်ဖျက်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ CRPH တွင်ပါဝင်နေသူများအား စိစစ်အရေးယူဆောင်ရွက်လျက်ရှိပြီး အချို့ပုဂ္ဂိုလ်များက ၎င်းတို့အနေဖြင့် CRPH တွင် ပါဝင်မှုမရှိသည်ကို ဆက်သွယ်ပြောဆိုလာမှုများရှိကြောင်း၊ အလားတူ အချို့ဆရာဝန်များကလည်း ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်ဆောင်ရွက်မှုများမရှိသည်ကို ဆက်သွယ်ပြောကြားလာကြောင်း၊ ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ညီညွတ်မှုမရှိသည့် ကိစ္စရပ်များဆောင်ရွက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ နိုင်ငံရေးတွင် အသုံးချခံမဖြစ်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆူပူဆန္ဒပြမှုများတွင် မူးယစ်ဆေးဝါးသုံးစွဲထားသည့် လူငယ်များပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် CDM လှုပ်ရှားမှုတွင် ပါဝင်သူအနည်းငယ်သာရှိကြောင်း၊ CDMတွင် ပါဝင်လှုပ်ရှားမှုမရှိသည့် ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် အရှက်ခွဲခြင်းများ ပြုလုပ်နေသူများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများအတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံမှုရှိအောင် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

**ဖိတ်ခေါ်ရန်လိုအပ်**

တိုင်းပြည်စီးပွားရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်စေရန်အတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကိုလည်း ဖိတ်ခေါ်ရန်လိုအပ်ပြီး ပြည်တွင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်စေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကလေးငယ်များ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများအား COVID–19 စည်းကမ်းချက်များနှင့်အညီ တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် တင်ပြထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း COVID–19 စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

မဲမသမာမှုနှင့် ငွေကြေးအလွဲသုံးစားဆောင်ရွက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များအား သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပြည်သူသို့အသိပေးထုတ်ပြန်ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပြုလုပ်ရာတွင် ရိုးသားမှုရှိရန်လိုကြောင်း၊ မိမိထောက်ခံမှုရအောင်ဆောင်ရွက်ပြီး အခြားသူကို ပုတ်ခတ်ပြောဆို၍ နစ်နာအောင်ဆောင်ရွက်ခြင်းသည် မရိုးသားသည့်နိုင်ငံရေးဖြစ်သဖြင့် တိုင်းပြည်အတွက် များစွာနစ်နာရကြောင်း၊ မရိုးသားသည့် နိုင်ငံရေးဆောင်ရွက်ချက်များကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူချိန်ကာလအတွင်း တိုင်းပြည်ကောင်းအောင် ရိုးရိုးသားသားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားနေ

**COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေကြောင်း၊ တစ်ဖက်တွင်လည်း ကာကွယ်ဆေးရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေပြီး စာချုပ်အရရောက်ရှိရမည့် ကာကွယ်ဆေးများလည်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းနိုင်ရန် စနစ်တကျခွင့်ပြုပေးထားကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပညာလည်းသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ COVID-19 ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများက ပြည်သူများစနစ်တကျလိုက်နာရေးအတွက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားနေပါကြောင်း။**

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းမြှင့်တင်သွားရန် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းအသိပေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်မှ မဲစာရင်းများ စိစစ်နေသည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ပြည်သူများ၏ လုံခြုံရေးအတွက် တရားဥပဒေစိုးမိုးရေးကို သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များမှ အင်အားသုံးမှုကို အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းအသိပေး ပြောကြားခဲ့သည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်) အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ အမျိုးသားပြတိုက်(နေပြည်တော်)၊ Mini Theatre ၌ အမျိုးသားပြတိုက် (နေပြည်တော်)၏ သမိုင်းကြောင်းနှင့် ပြခန်းများ ခင်းကျင်းပြသထားရှိမှုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းပြသ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ လက်ဆောင်ပစ္စည်းများပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်(ကျောက်ခေတ်၊ ကြေးခတ်၊ သံခေတ်)ပြခန်း၊ သမိုင်းတင်ခေတ်ဦး ( ဘီစီ ၂ ရာစုမှ အေဒီ ၁၀ ရာစု )ပြခန်း၊ သမိုင်းတင်ခေတ်(အေဒီ ၁၁ ရာစုမှ အေဒီ ၁၄ ရာစု )ပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်းနှင့် အာဆီယံပြခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားပြတိုက်(နေပြည်တော်)မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် သမိုင်းမတင်မီနှင့် သမိုင်းတင်ပြီးခေတ်များက ပျောက်ကွယ်နေသော သဲလွန်စများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းရသော အလုပ်ဖြစ်ကြောင်း၊ ရှာဖွေဖော်ထုတ်ရရှိသော တွေ့ရှိချက်များကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် ပေါင်းစပ်လိုက်ပါက နိုင်ငံတော်အတွက် အဖိုးတန်သည့် သမိုင်းအချက်အလက်များ ရရှိလာမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဖော်ထုတ်ထိန်းသိမ်းရေးကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်မှ လူမှုရေးဦးတည်ချက် ပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို မိမိတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူသင့်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

❖

# မတူကွဲပြားမှု၏ အလှတရား

ထွန်းထွန်း (ခရေရိပ်)

Diversity is beauty ဆိုတဲ့စကားစုကို ကျွန်တော် ရင်းနှီးလာခဲ့တာ မှတ်မှတ်ရရဆိုရရင် ၂၀၁၁ ခုနှစ်လောက်က ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ လွယ်လွယ်ကူကူ မှတ်သားလိုက်တာကတော့ မတူကွဲပြားမှုတွေဟာ အလှတရားပဲဖြစ်ပါတယ်။ လူတစ်ယောက်နဲ့ တစ်ယောက် ဖြတ်သန်းလာတဲ့အတွေ့အကြုံ၊ ဘဝပေးအခြေအနေတွေအပေါ် မူတည်ပြီး အသိအမြင်တွေ၊ ခံယူချက်တွေက မတူညီနိုင်ပါဘူး။

ဒီလိုပါပဲ နိုင်ငံတစ်ခုနဲ့တစ်ခုလည်း ရေမြေတောတောင်၊ ပထဝီအနေအထားတွေ၊ တည်နေရာတွေ၊ မဟာဗျူဟာအနေအထားအရ အရေးပါမှုတွေ မတူညီနိုင်ပါဘူး။ နောက်ခံအကြောင်းတရားတွေအရလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတွေကလည်း အမျိုးမျိုးကွဲပြားသွားမှာဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်း**

ကျွန်တော်တို့ နိုင်ငံကို မလွဲသာ မရှောင်သာ အခြေအနေတွေကြောင့် ဖေဖော်ဝါရီလဆန်းက စတင်ပြီး တပ်မတော်က နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူခဲ့ရပါတယ်။ ထိုကာလနောက်ပိုင်း နိုင်ငံအနှံ့အပြားမှာ ဆန္ဒပြမှုတွေ၊ ဆူပူအုံကြွမှုတွေ ပေါ်ပေါက်လာပါတယ်။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် နိုင်ငံ့ဝန်ထမ်းအချို့အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM မှာ ပါဝင်လာကြပါတယ်။

ပိုစတာတွေကိုင်ကာ ဆောင်ပုဒ်တွေ၊ ကြွေးကြော်သံတွေကို လက်သီးလက်မောင်းတန်းပြီး အော်ဟစ်နေကြတဲ့ လူငယ်တွေကိုလည်း ရန်ကုန်အပါအဝင် မြို့ကြီးများရဲ့ လမ်းမတွေပေါ်မှာ မြင်တွေ့နေရပါတယ်။ ဒါပေမဲ့ သူတို့ကို လမ်းလွဲအောင် အသိမှား၊ အမှတ်မှားတွေရိုက်သွင်းပြီး ရုပ်သေးရုပ်လို လိုရာကြိုးဆွဲ ကခိုင်းလို့ရအောင် ဖန်တီးနေသူတွေလည်း ရှိနေပါတယ်။

ဝန်ထမ်းတွေအားလုံး CDM လှုပ်ရှားမှုမှာ ပါဝင်ပြီဆိုရင် အစိုးရရဲ့ ယန္တရားတစ်ခုလုံး ရပ်ဆိုင်းသွားပြီး နွေဦးတော်လှန်ရေးဟာ အောင်မြင်ပြီလို့ ယူဆနေကြပါတယ်။ ဆန္ဒပြလို့ အောင်မြင်တယ်ဆိုတာ အခွင့်အရေးတစ်ခုအတွက်၊ လူတစ်စု၊ အဖွဲ့အစည်းတစ်ခုအတွက် ဖြစ်နိုင်ပေမယ့် နိုင်ငံတစ်ခုအနေနဲ့ကတော့ ဒီလောက်မလွယ်ကူပါဘူး။

တူနီးရှားနိုင်ငံမှာ ၂၀၁၁ ခုနှစ်က သစ်သီးရောင်းသူတစ်ဦးက စီးပွားရေးကျပ်တည်းတဲ့ဒဏ်ကို မခံနိုင်တဲ့အတွက် ဆန္ဒပြတဲ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် မီးရှို့ပြီး အဆုံးစီရင်ရာမှ တူနီးရှားနိုင်ငံရဲ့ နွေဦးတော်လှန်ရေး လူထုလှုပ်ရှားမှု စတင်ခဲ့ပါတယ်။ အလုပ်လက်မဲ့မှု၊ ကုန်ဈေးနှုန်းမြင့်မားမှု၊ အဂတိလိုက်စားမှု၊ လွတ်လပ်စွာ ပြောဆိုခွင့်မရှိမှု၊ ဆင်းရဲနွမ်းပါးမှု စတဲ့အကြောင်းရင်းတွေကြောင့် ဆန္ဒပြမှုတွေ စတင်ခဲ့တာ ဖြစ်ပါတယ်။

**အိမ်နီးချင်းနိုင်ငံ**

စံပယ်တော်လှန်ရေး (Jasmine Revolution) လို့လည်း အမည်တွင်ခဲ့ပြီး နှစ်ပေါင်းများစွာ စိုးမိုးအုပ်ချုပ်ခဲ့တဲ့ အာဏာရှင်သမ္မတ ဘင်အလီကို ရက်ပေါင်း ၂၈ ရက်နဲ့ ဖြုတ်ချနိုင်ခဲ့ပါတယ်။ ထိုအာရပ်တော်လှန်ရေးက အိမ်နီးချင်းနိုင်ငံ အီဂျစ်၊ ယီမင်၊ လစ်ဗျားနဲ့ ဆီးရီးယားနိုင်ငံတွေကိုလည်း ပျံ့နှံ့သွားခဲ့ပြီး အာရပ်ကမ္ဘာတစ်လွှား ကူးစက်ခဲ့တဲ့ လူထုအုံကြွမှုတော်လှန်ရေးတစ်ခု ဖြစ်ပါတယ်။

အာရပ်နွေဦး လှိုင်းဂယက်ကြောင့် တူနီးရှားနဲ့ အီဂျစ်နိုင်ငံတို့မှာ အာဏာရှင်စနစ်ကို တွန်းလှန်နိုင်ခဲ့တယ်ဆိုပေမယ့် အများစုလိုလားတောင့်တနေတဲ့ အဆင့်မီတဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်နိုင်ခြင်း မရှိခဲ့ပါဘူး။

တူနီးရှားနိုင်ငံရဲ့ နွေဦးတော်လှန်ရေး လူထုလှုပ်ရှားမှုတွေမှာကဲ့သို့ ဆန္ဒပြမှုတွေ၊ သပိတ်မှောက်မှုတွေ၊ စီတန်းလှည့်လည်မှုတွေ လူမှုကွန်ရက်ကို အသုံးချပြီး ဆက်သွယ်စည်းရုံးလှုံ့ဆော်တာကို လုပ်ဆောင်နေတဲ့ မြန်မာနိုင်ငံက G-Z တွေအဖို့တော့ အားတက်စရာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ အာဖရိကမြောက်ဘက်အကျဆုံး နိုင်ငံငယ်တစ်ခုဖြစ်တဲ့ တူနီးရှားနဲ့ အာရှရဲ့ မဟာဗျူဟာမြောက် အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတဲ့မြန်မာနိုင်ငံကတော့ နောက်ခံအကြောင်းတရားတွေရော၊ အခြေအနေချင်းရော ကွာခြားလှပါတယ်။

မညီညွတ်တဲ့ လူ့ဘောင်အဖွဲ့အစည်းက မငြိမ်းချမ်းနိုင်သလို ငြိမ်းချမ်းမှုမရှိရင်လည်း ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လက်တွေ့မဖြစ်ပေါ်နိုင်ပါဘူး။ ရန်သူကို မိတ်ဆွေတွေဖြစ်အောင်၊ ဆန့်ကျင်ဘက်သဘောထားအမြင်တွေကို ညီညွတ်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံရေးယဉ်ကျေးမှု ဖြစ်ပါတယ်။

မတူညီနိုင်တာတွေကို အလှတရားအဖြစ် နားလည်လက်ခံပေးရမှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုတွေကို တန်ဖိုးထားပြီး ရန်သူဆိုရင်လည်း မိတ်ဆွေအဖြစ် ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါတယ်။

မိမိနဲ့အယူအဆ၊ သဘောထားမတူသူတွေကိုလည်း ကွဲလွဲခွင့်ပေးရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရမှာ မတူကွဲပြားမှုတွေကို အင်အားအဖြစ် စုစည်းပြီး ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်နဲ့ အောင်မြင်မှုရအောင် စုပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မတူညီတဲ့ သဘောထားအမြင်တွေကို အတိုးအလျှော့၊ အပေးအယူ ဆွေးနွေးညှိနှိုင်းတဲ့ နည်းနဲ့သာ အဖြေရှာရမှာ ဖြစ်ပါတယ်။

**ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်**

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ ပတ်သက်ရင်ဖြစ်စေ၊ ဖက်ဒရယ်နဲ့ ပတ်သက်ရင်ဖြစ်စေ ဘယ်လိုပင် အယူအဆအမျိုးမျိုးတွေ ကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့ စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီဆိုတဲ့အတိုင်း အများဆန္ဒအတိုင်း ဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ ဆန္ဒကိုလည်း အလေးထားရမှာဖြစ်ပါတယ်။

မိမိဆန္ဒနဲ့ မကိုက်ညီတိုင်း ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို သဘောထားပြီး ခွဲခြားဆက်ဆံတာမျိုး၊ လူမှုရေးအရ ပြစ်ဒဏ်ခတ်တာမျိုး၊ လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားတာမျိုးတွေက ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားတဲ့ အတွေးအခေါ်တွေသာဖြစ်ပြီး ဒီမိုကရေစီနဲ့ ကိုက်ညီမှုမရှိတာကို တွေ့ရပါတယ်။

ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းကိုးကွယ်မှုသည်လည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုကို ဖြစ်ပေါ်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနဲ့ ခွဲခြားဆက်ဆံမှုတွေကို မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး မိမိတို့ လိုရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုး ဖွင့်ဆိုပြီး ပြောဆိုနေကြသော်လည်း အနှစ်သာရအနေနဲ့ ပေါင်းစည်းခြင်းနဲ့ သဟဇာတဖြစ်မှုပဲ ဖြစ်ပါတယ်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးမှာ ထည့်သွင်းပြောကြားခဲ့တာကို အမှတ်ရမိပါတယ်။

> **ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ ပတ်သက်ရင်ဖြစ်စေ၊ ဖက်ဒရယ်နဲ့ ပတ်သက်ရင်ဖြစ်စေ ဘယ်လိုပင် အယူအဆအမျိုးမျိုးတွေ ကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့ စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီဆိုတဲ့အတိုင်း အများဆန္ဒအတိုင်း ဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ ဆန္ဒကိုလည်း အလေးထားရမှာဖြစ်။**

ယနေ့ ပြည်သူတို့အလိုအပ်ဆုံးကား ညီညွတ်ရေး၊ ငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ ချစ်ခြင်း၊ မုန်းခြင်း မတူကွဲပြားမှုတွေနဲ့ ဘယ်လိုပင်ပေါင်းစည်းနေပေမယ့် တူညီတဲ့ ဘုံမျှော်မှန်းချက်က ငြိမ်းချမ်းခြင်းပင်ဖြစ်ပါတယ်။

ဆရာကြီး ဒဂုန်တာရာရဲ့ ၁၉၈၁ ခုနှစ် အောက်တိုဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ရေးဖွဲ့ခဲ့တဲ့ **အချစ်နှင့် အမုန်း** ကဗျာမှာတော့

**“ပျိုးသော သစ်ပင်**
**ရှင်သန်သောအခါ၊ မြေမှာပေါက်လာ**
**ဖူးညှာသီးဆင့်၊ အပွင့်ခိုင်တွဲ**
**ကြဲသောမျိုးကို ခူးရမြဲ။**
**အမုန်းပင်ကို**
**စိုက်လိုမူကား၊ ဝန်တိုငြူစူ**
**မကြည်ဖြူစတမ်း၊ ဆိုးသွမ်းရက်စက်**
**ညှဉ်းပန်းလေရာ၊ လိမ်ညာဖုံးဖိ**
**လုယက်သတ်ဖြတ်၊ သူ့အားရှုံ့ရှာ**
**မေတ္တာကင်းပ၊ မဲ့ကြရွံ့ကြ ကဲ့ရဲ့ကြ**
**ရန်သူကဝိုင်း၊ တစ္ဆေသချိုင်း**
**တောရိုင်း ကန္တာရ ခြောက်သွေ့လှသည်**
**သူ့သာ အထီးကျန်။**
**အချစ်ပင်ပျိုး**
**စိုက်ပျိုးသူကား၊ သနားကြင်နာ**
**ညှာတာသည်းခံ၊ စံလျှင်ဝေမျှ**
**ခံစရာရှိက၊ ရှေ့မှသူရပ်**
**မားမားမတ်သည်၊ အများပြည်သူ**
**လူတကာက၊ မြတ်နိုးခံရ**
**မေတ္တာခံရ၊ ရန်သူမရှိ**
**လိုလားသူသာ၊ ဝန်းရံကာလျက်**
**နှစ်သက်ခင်မင်၊ လွတ်လပ်ပျော်ရွှင်**
**စည်ပင်ဝပြော၊ လှပလန်းဆန်း**
**ငြိမ်းချမ်းသာယာ အေးမြမြဲ။**
**အမုန်းပင်မျိုး**
**သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်**
**မုန်းညှော်ကျွန့်ကြ၊ သူ့ဘဝ၏**
**ဓမ္မတရား၊ သင်ကြားခဲ့သည်**
**သင်ဘယ်သစ်ပင် စိုက်မည်နည်း ” ။ ။**

ဆရာကြီးက ငြိမ်းချမ်းခြင်းဆိုတဲ့ ပန်းတို့ပွင့်ချိန်ကို မျှော်မှန်းတွေးခေါ်ကာ ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာတရားကို ကိုယ်စားပြုကာ စိုက်ပျိုးမယ်ဆိုရင် ကမ္ဘာကြီးသည် အေးချမ်းသာယာလွတ်လပ်စွာနဲ့ တည်ရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုသစ်ပင်မျိုးကို စိုက်ပျိုးမလဲ ဆိုတာတော့ ကိုယ်တိုင်သာ ရွေးချယ်ကြရမှာပဲ ဖြစ်ပါတယ်။ ။

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား (၂၀၂၂ ခုနှစ်) ကျင်းပ

**နေပြည်တော်  မတ်  ၈**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား (၂၀၂၂ ခုနှစ်)ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်၍ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Online စနစ် Hybrid ပုံစံဖြင့် ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်နှင့် ဦးစိုင်းလုံးဆိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာနှင့် စောဒန်နီယယ်တို့၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်ခင်မေရီ၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက Online စနစ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က video message ဖြင့် အမှာစကားပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၅)၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ပါ ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ အမျိုးသမီးအခွင့်အရေးများကို လေးစားခြင်း၊ ကာကွယ်ပေးခြင်း၊ မြှင့်တင်ပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးနေပါကြောင်း။

မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်ကစ၍ နိုင်ငံအဆင့်ယန္တရားအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအပြင် အမျိုးသမီးအရေးကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုအောက်တွင် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကော်မတီအဆင့်ဆင့်ကို ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း။

အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့်လည်း အစိုးရဦးဆောင်သည့် ကော်မတီအတွင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women–NSPAW) (၂၀၁၃–၂၀၂၂)ကို ၂၀၁၃ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့ပြီး အဆိုပါစီမံကိန်းကို CEDAW၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်း စီမံချက်တို့ကို အခြေခံ၍ လုပ်ငန်းဧရိယာ ၁၂ ရပ် ချမှတ်ဆောင်ရွက်ကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရေးအတွက် နည်းပညာလုပ်ငန်းအဖွဲ့ လေးဖွဲ့ကို ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အလိုက် လုပ်ငန်းအစီအစဉ်(Work Plan)များကိုလည်း နှစ်အလိုက် ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ NSPAW Phase II ကိုလည်း ဆက်လက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဆက်လက်ဆောင်ရွက်သွားမည်**

၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်(Joint Communique)ပါ ဦးစားပေးကဏ္ဍ (၆)ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ နိုင်ငံအဆင့် လုပ်ငန်းစီမံချက်ကို အတည်ပြုပြီး အကောင်အထည်ဖော်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာကဏ္ဍအနေဖြင့်လည်း ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်သည်များကိုလည်း အတည်ပြုပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ ထို့ကြောင့်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို ဥပဒေကြောင်းအရ ပိုမိုကာကွယ်ပေးနိုင်ရေးအတွက် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို သတင်းပို့တိုင်ကြားနိုင်ရေးအတွက် ၂၄ နာရီ Help Line ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်ကတည်းက စတင်ထူထောင်ပြီး အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင်ခရီးစရိတ်နှင့် အသက်မွေးဝမ်းကျောင်းစရိတ် ထောက်ပံ့ပေးခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း၊ လုံခြုံရေးအတွက် နားခိုရာနေရာများ စီစဉ်ပေးခြင်း၊ အခြားသောဝန်ဆောင်မှုများရရှိနိုင်ရေး ညွှန်းပို့ချိတ်ဆက်ပေးခြင်းများကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ(Case Manager) ၂၅၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသူများကို ပံ့ပိုးပေးမှုအနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ ကယား စသည့်နေရာ ငါးခုတွင် One Stop Women Support Center (OSWSC) များ ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW) အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အကောင်အထည်ဖော်မှုများကို UNCEDAW ကော်မတီသို့ အစီရင်ခံစာများကို တင်သွင်းလျက်ရှိရာ လက်ရှိတွင် မြန်မာနိုင်ငံ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာတင်သွင်းနိုင်ရေးအတွက် အစီရင်ခံစာရေးသားရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး အစီရင်ခံစာပြုစုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် အာဆီယံအမျိုးသမီးကော်မတီ (ACW)နှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (ACWC) ၌လည်း နိုင်ငံအဆင့် Focal Point အဖြစ် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ASEAN Regional Plan of Action on the Elimination of Violence Against Women–RPA EVAW) နှင့်ပတ်သက်၍ ကာလလတ် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကြိုးပမ်းကာကွယ်သွားရမည်**

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လက်ရှိအချိန် ကိုဗစ်–၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အမျိုးသမီးကဏ္ဍကို နောက်ကျန်မနေခဲ့စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကြောင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိပြီးသည့် အောင်မြင်မှုများ ပြန်လည်ဆုတ်ယုတ်မသွားစေရန် ကြိုးပမ်းကာကွယ်သွားရမည် ဖြစ်ပါကြောင်း၊ **"တန်းတူညီမျှတဲ့ အနာဂတ်ဖော်ဆောင်ဖို့ အမျိုးသမီးကဏ္ဍမြှင့်တင်လို့ COVID–19 တုံ့ပြန်စို့"**ဆိုသည့် ဆောင်ပုဒ်အတိုင်း ကိုဗစ်–၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးနှင့် ပိုမိုတန်းတူညီမျှသော အနာဂတ်ဖော်ဆောင်ရေးတို့အတွက် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# သောက်သုံးရေ အခက်ကြုံနေသည့် ဘုန်းတော်ကြီးကျောင်းအတွက် သောက်သုံးရေ သွားရောက်လှူဒါန်း

**ညောင်ဦး  မတ်  ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပျဉ်ချောင်းကျေးရွာ ရွှေလင်းပင်ဘုန်းတော်ကြီးကျောင်းတွင် သောက်သုံးရေအခက်ကြုံတွေ့နေရကြောင်း သိရ၍ ယနေ့နံနက် ၈ နာရီက ညောင်ဦးမြို့နယ် စဉ့်ကူနယ်မြေမီးသတ်စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး တပ်ကြပ်ကြီးရဲမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သောက်သုံးရေ ဂါလန် ၁၆၀၀ ဖြည့်တင်းလှူဒါန်း**

ထိုသို့ သောက်သုံးရေ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် စဉ့်ကူနယ်မြေ မီးသတ်စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး တပ်ကြပ်ကြီးရဲမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပျဉ်ချောင်းကျေးရွာ ရွှေလင်းပင်ဘုန်းတော်ကြီးကျောင်းရှိ စေတီတော်အား ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများကို ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ၊ ကျောင်းသားကျောင်းသူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး သောက်သုံးရေဂါလန် ၁၆၀၀ အား ရေလှောင်ကန်အတွင်း စနစ်တကျ ဖြည့်တင်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တိုင်းပြည်ကောင်းကျိုးအတွက် ခွဲခြားရှုမြင်ရမည့် “ဓမ္မနှင့် အဓမ္မ”

ငြိမ်းချမ်းမောင်

(ယမန်နေ့မှအဆက်)

**အဓမ္မလုပ်ဆောင်ခဲ့ခြင်း**

ပြည်သူများဘက်မှ မှန်ရာကိုဆိုပါလျှင် အမှန်တရားအတွက်၊ ဒီမိုကရေစီပျောက်ဆုံးမည်စိုးသည့်အတွက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြသည်ကို တရားသောနည်းလမ်း ဓမ္မအဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော် အမှန်တရားအတွက် ဖြစ်သည်ဟုဆိုပါက စဉ်းစားဆင်ခြင်၊ ဆုံးဖြတ်လုပ်ကိုင်ကြရန် လိုပေမည်။ ဒီမိုကရေစီပျောက်ဆုံးမည်ဆိုပါက သံသယအမြင်သာ ဖြစ်ပေလိမ့်မည်။ သံသယဆိုသည်မှာ မကောင်းသောအမှုသာဖြစ်၍ ဓမ္မမဖြစ်နိုင်ပေ။

အမှန်တရားဆိုသည်မှာလည်း ဖြစ်နိုင်သည်များရှိသော်လည်း အမှန်တရားစင်စစ်ကား ဖြစ်မလာပေ။ မလျော်ကန်သော ခံယူချက်များကြောင့် အဓမ္မအမှုများ ဆောင်ရွက်လာခဲ့ရာ ဓမ္မလမ်းကြောင်းမှ သွေဖည်သွားခဲ့ပေသည်။ ယနေ့ပြည်သူအများစု လိုလားနေကြသော အမှန်တရားသည် အနိုင်ရပါတီအား ဖယ်ရှားလိုက်သဖြင့် မကျေနပ်သော အမှန်တရားဖြစ်လာခဲ့သည်။ အမှန်တရားစင်စစ်မှာ ဓမ္မစင်စစ်ဖြစ်ဖို့ လိုပေမည်။ အမှန်တွင် အမှန်တရားအတွက်ဟုဆိုကာ အဓမ္မလုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပေသည်။

**အမှန်တရားအတွက်အမုန်းခံ**

တပ်မတော်အပေါ်တွင် ယခင်က မကျေနပ်မှုများ၊ အမြင်မကြည်လင်မှုများ ရှိခဲ့သည်ကို မငြင်းဆိုလိုပါ။ ယခုအခါ တပ်မတော်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာလျှောက်လှမ်းနေသည်။ ယနေ့တပ်မတော်သည် အာဏာရှင်မဟုတ်ပါ။ ယနေ့တပ်မတော်သည် အမှန်တရားအတွက်၊ တိုင်းပြည်၏ အနာဂတ်အတွက် အမုန်းခံဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ထိုသို့ဆိုလျှင် တပ်မတော်ဘက်တော်သား၊ တပ်မတော် လော်ဘီလားဟု အထင်မှားကြလိမ့်မည်။ စာရေးသူသည် တပ်မတော်ဘက်တော်သားလည်းမဟုတ်၊ လော်ဘီလည်းမဟုတ်၊ ပြည်သူထဲက ပြည်သူတစ်ယောက် ဖြစ်ပါသည်။ တိုင်းပြည်နှင့်ပြည်သူအကျိုးအတွက် အမုန်းခံရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ဆောင်းပါးအပိုင်း(၁)တွင် တပ်မတော်သည် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ တာဝန်ယူလိုက်ရခြင်း၏ အကြောင်းရင်းဖြစ်စဉ်အမှန်ကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤနေရာတွင် ရွေးကောက်ပွဲ၌ မဲမသမာမှုဖြစ်စေသည့် အကြောင်းအချက်ကို အကျဉ်းချုပ် တင်ပြထားခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပါတီအဖွဲ့အစည်း ကြီး၊ ငယ်မျိုးစုံတို့နှင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သူများ၊ အချက်အလက်များကို ခိုင်မာစွာဆန်းစစ်နိုင်သည့် မီဒီယာများနှင့် ရွေးကောက်ပွဲကို စိတ်ဝင်စားသူများအနေဖြင့် ဖြစ်စဉ်အမှန်ကို သိရှိနားလည်ကြမည်ဖြစ်သည်။ ပြည်သူတို့အနေဖြင့် ရွေးကောက်ပွဲအနိုင်/ အရှုံးသာ သိရှိကြပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိကြမည် မဟုတ်ပေ။ စိတ်လည်းဝင်စားကြမည်လည်းမဟုတ်ဟု ထင်မြင်ယူဆမိပါသည်။

**သမာသမတ်ဆောင်ရွက်**

အမှန်တကယ်တွင် ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်သည်။ အခြေခံအုတ်မြစ်မခိုင်မာပါက ဒီမိုကရေစီနိုင်ငံကို တောင့်တင်းခိုင်မာအောင် တည်ဆောက်နိုင်မည်မဟုတ်ပါ။ ရွေးကောက်ပွဲသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ချင့်ချင့်ချိန်ချိန် ကိုင်တွယ်ဆုံးဖြတ်လုပ်ကိုင်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့ခေါင်းဆောင်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရွေးချယ်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် အလွန်အရေးကြီးသည့် လုပ်ငန်းဖြစ်ပါသည်။ အတတ်နိုင်ဆုံး မှန်ကန်အောင် ဆောင်ရွက်ကြရပါသည်။ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်သူ၊ မှန်မှန်ကန်ကန် ဖြေရှင်းဆုံးဖြတ်ပေးနိုင်သူ သမာသမတ်ကျသောပုဂ္ဂိုလ်များအား ရွေးချယ်ဖွဲ့စည်းပေးရပါသည်။ မိမိနဲ့ပလဲနံပသင့်သူ၊ မိမိအမိန့်နာခံသူကို ဒိုင်လူကြီးခန့်လျှင် ငါးပါးမှောက်ပါလိမ့်မည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သမာသမတ်ကျသော ခုံသမာဓိပုဂ္ဂိုလ်များ ဖြစ်ဖို့လိုပါသည်။ ဥပမာအားဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးအား တာဝန်ပေးခဲ့ရာ သမာသမတ်ကျစွာဖြင့် မည်သည့်ဘက်မှမလိုက်ဘဲ ဆောင်ရွက်ခဲ့သည်ကို ရွေးကောက်ပွဲစောင့်ကြည့်သူများ၊ မီဒီယာများ၊ ပြည်သူများအားလုံး သိရှိခဲ့ကြပြီးဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲကို တရားမျှတစွာ၊ လွတ်လပ်စွာ၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးခဲ့သောကြောင့်လည်း NLD ပါတီအနိုင်ရပြီး အစိုးရတာဝန်ငါးနှစ်ယူခဲ့ပြီးဖြစ်သည်ကို သိရှိကြမည်ဖြစ်ပါသည်။

**“ဓမ္မ”မဟုတ် “အဓမ္မ”**

၂၀၁၅ ရွေးကောက်ပွဲတွင် အတိုက်အခံဘဝဖြင့် NLD ပါတီအနိုင်ရခဲ့သည့် သမာသမတ်ကျသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မည်သည့်ပါတီကို ကိုယ်စားပြုသည့် သမ္မတက ခန့်အပ်တာဝန်ပေးခဲ့ပါသနည်း။ မတူကွဲပြားသော်လည်း အဂတိကင်းရှင်းစွာဖြင့် သန့်သန့်ရှင်းရှင်း အနိုင်ရခဲ့သည်မှာ တရားနည်းလမ်းကျသည့် ဓမ္မဖြစ်ပါသည်။ ယခု ၂၀၂၀ ရွေးကောက်ပွဲတွင် NLD အစိုးရကိုယ်စားပြုသည့် NLD ပါတီ အနိုင်ရခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မည်သည့်ပါတီကိုယ်စားပြုသည့် သမ္မတက ခန့်အပ်တာဝန်ပေးခဲ့ပါသနည်း။ ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းမဲစာရင်း အမှားအယွင်းဖြစ်နေသည်ကို ဖြေရှင်းမပေးနိုင်သည့် ကော်မရှင်သည် မည်သည့်ဘက်က လိုက်ခဲ့ပါသနည်း။ အမှန်တရားကို လိုလားသည့် ပြည်သူများ၏ဆန္ဒကို ခဏထား၍ ရှုံးနိမ့်ခဲ့သည့်ပါတီ၊ အင်အားနည်းသည့်ပါတီ၊ ပါတီငယ်များနှင့် တပ်မတော်၏ဆန္ဒတို့ကို လျစ်လျူရှုခဲ့သည်မှာ “ဓမ္မ”မဟုတ် “အဓမ္မ”ဟု ဆိုရမည်ဖြစ်သည်။

အမှန်တကယ်တွင် ရွေးကောက်ပွဲပြဿနာကို ဖြေရှင်းနိုင်မည်ဆိုပါက တပ်မတော်သည် ယခုလို နိုင်ငံ့တာဝန်ကို ယူစရာအကြောင်းမရှိပါ။ ဖော်ပြပါရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဖြစ်ပေါ်လာသည့် အခြေအနေများကို တပ်မတော်သည် အစောပိုင်းကတည်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လွှတ်တော်၊ အစိုးရအဖွဲ့တို့ကို တွေ့ဆုံညှိနှိုင်းပေးရေး အကြိမ်ကြိမ်အသိပေးခဲ့သော်လည်း လက်မခံငြင်းဆန်ခဲ့သည်ကို နိုင်ငံရေးပါတီများ၊ ပြည်တွင်း၊ ပြည်ပမီဒီယာများ၊ တိုင်းရင်းသားပြည်သူများအားလုံး သိရှိခဲ့ကြပြီးဖြစ်သည်။ ရွေးကောက်ပွဲကို စောင့်ကြည့်ခဲ့သည့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများကလည်း ကော်မရှင်၏ အားနည်းချက်ကို ပြောကြားပြီး ရွေးကောက်ပွဲရလဒ်ကို လက်ခံ၍ ညှိနှိုင်းဆောင်ရွက်ဖို့ အကြံပြုခဲ့သည်။ ပြည်သူများက UEC ကို ကန့်ကွက်ကြသည်။ ကုလသမဂ္ဂနှင့် အနောက်နိုင်ငံသံတမန်များက စိုးရိမ်ပူပန်ကြောင်း၊ ညှိနှိုင်းဆွေးနွေး အဖြေရှာစေလိုကြောင်း ပြောကြားကြသည်။ သံဃနာယကဆရာတော်ကြီးများက ညှိနှိုင်းအဖြေရှာဖို့ တိုက်တွန်းခဲ့သည်။

**တောင်းဆိုမှုများကိုပယ်ချ**

သို့သော် UEC ရော၊ အစိုးရအဖွဲ့ကရော ဂရုစိုက်ခြင်းမရှိချေ။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဖြေရှင်းရေးလမ်းကြောင်းကို ငြင်းဆန်ရန်၊ သွေဖည်ရေးကိုသာ ဦးတည်ထားခဲ့သည်။ အမှန်တွင် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲရလဒ်ကို ပြင်ဆင်ခိုင်းခြင်းမဟုတ်ပေ။ စစ်မှန်သော ရွေးကောက်ပွဲရလဒ်ကို လက်ခံမည်သာဖြစ်သည်။ သို့သော် တွေ့ရှိထားသော မဲစာရင်းအမှားအယွင်းများ၊ မသမာမှုများကိုသာ ထုတ်ဖော်ဖြေရှင်းပေးပါရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက် ရွေးကောက်ပွဲမတိုင်မီကတည်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဥပဒေနှင့် မညီညွတ်သည့် လုပ်ဆောင်မှုများအား UEC ကိုရော၊ အစိုးရအဖွဲ့ကိုရော အသိပေးခဲ့သည်ကို ဥပေက္ခာပြုခဲ့သည်။ ရွေးကောက်ပွဲပြီးသောအခါ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် နိုင်ငံသားတစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကန့်ကွက်ပိုင်ခွင့်အရေးအရ စာရွက်စာတမ်းကူးယူခွင့် တောင်းခံခြင်းကိုလည်း ငြင်းပယ်ခဲ့သည်။ ထို့နောက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ် နှစ်ရာကျော်တို့ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူပေးပါရန် တောင်းဆိုမှုကိုလည်း ပယ်ချခဲ့သည်။

**ဖြေရှင်းပေးရန်တောင်းဆိုခဲ့**

ဤသို့ အကြိမ်ကြိမ်ငြင်းပယ် ပယ်ချခံရပြီးနောက် နောက်ဆုံးအဆင့်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ယူပြီး ညှိနှိုင်းဆွေးနွေးပေးပါရန် တင်ပြခဲ့သော်လည်း လက်မခံခဲ့ပေ။ ထိုသို့နောက်ဆုံးအချိန်အထိ ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်အားလုံးကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ ပြည်သူများ၊ ပြည်တွင်း ပြည်ပမီဒီယာများ၊ ရပ်ကွက်ရှင်လူပြည်သူများ အားလုံးသိရှိကြပါသည်။ ရွေးကောက်ပွဲတွင် NLD အနိုင်ရသည်ကို အားလုံးသိရှိကြသလို တပ်မတော်အနေဖြင့်လည်း သိရှိပါသည်။ တပ်မတော်သည် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ဖြစ်ထွန်းရေး၊ လွတ်လပ်ပြီး သန့်ရှင်းတရားမျှတသည့် ရွေးကောက်ပွဲအဖြစ်ပေါ်လွင်စေရေး၊ မတူကွဲပြားသောပါတီများ၊ ပြည်သူများ၏ သဘောထားဆန္ဒများကို အသိအမှတ်ပြုရေးအတွက် မဲစာရင်းမှားယွင်းမှု၊ မသမာမှုများကို ဖြေရှင်းပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် ယခင် NLD အစိုးရသည် ပါတီစတင်ဖွဲ့စည်းစဉ်ကလုပ်ထုံးလုပ်နည်းအတိုင်း မိမိအာဏာလက်မလွှတ်ရေးအတွက် အလုံးစုံပျက်စီးရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းသွားခဲ့သည်။ မည်သို့ပင် ညှိနှိုင်းဆွေးနွေးရေးဆောင်ရွက်စေကာမူ လုံးဝလက်မခံငြင်းဆန်ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မဲစာရင်းအမှားအယွင်းကိစ္စများကို ဆောင်ရွက်သင့်ပါသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို သွေဖည်၍ အာဏာတည်ဆောက်ရေးကို ဇွတ်အတင်းလုပ်ဆောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကို ရွေးကောင်ပွဲအပြီး ရက်ပေါင်း ၉၀ တွင် ကျင်းပရမည်ဖြစ်၍ ရက်ပေါင်း ၉၀ မတိုင်မီကတည်းက ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုမှုများကို မျက်ကွယ်ပြု၍ အမျိုးမျိုးအဖုံဖုံ ငြင်းဆန်ခဲ့ရာမှ ရက်ပေါင်း ၉၀ ပြည့်ခါနီးအချိန်တွင် NLD ပြောရေးဆိုခွင့်ရှိသူက “တောင်းဆိုမှုသက်သက်ရှိတိုင်းတော့ ဥပဒေကိုကျော်လွန်ပြီး လိုက်လျောလို့မရဘူး” ဟု အချိန်ဆွဲကာ တုံ့ပြန်ခဲ့သည်။ ရက်ပေါင်း ၉၀ တွင် လွှတ်တော်မခေါ်လျှင် ၎င်းတို့ အနိုင်ရသည့် ရွေးကောက်ပွဲရလဒ် ပျက်ပြားသွားမည်ကိုစိုးရိမ်သဖြင့် ဥပဒေကို ခုတုံးလုပ်ကာ ဆန့်ကျင်ခဲ့သည်။ ဤသည်မှာ ဓမ္မလော၊ အဓမ္မလော ခွဲခြားရှုမြင်နိုင်မည်ဖြစ်သည်။

**အခွင့်ကောင်းယူလှုပ်ရှား**

ထိုသို့သော ပကတိဖြစ်စဉ်အမှန် အကြောင်းတရားများကြောင့် တပ်မတော်သည် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ယူခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၉ သို့ ❍

❖ ပြည်သူများဘက်မှ မှန်ရာကိုဆိုပါလျှင် အမှန်တရားအတွက်၊ ဒီမိုကရေစီပျောက်ဆုံးမည်စိုးသည့်အတွက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြသည်ကို တရားသောနည်းလမ်း ဓမ္မအဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော် အမှန်တရားအတွက် ဖြစ်သည်ဟုဆိုပါက စဉ်းစားဆင်ခြင်၊ ဆုံးဖြတ်လုပ်ကိုင်ကြရန်လိုပေမည်။ ဒီမိုကရေစီပျောက်ဆုံးမည်ဆိုပါက သံသယအမြင်သာဖြစ်ပေလိမ့်မည်။ သံသယဆိုသည်မှာ မကောင်းသောအမှုသာဖြစ်၍ ဓမ္မ မဖြစ်နိုင်ပေ။

❖ အမှန်တရားဆိုသည်မှာလည်း ဖြစ်နိုင်သည်များရှိသော်လည်း အမှန်တရားစင်စစ်ကား ဖြစ်မလာပေ။ မလျော်ကန်သော ခံယူချက်များကြောင့် အဓမ္မအမှုများ ဆောင်ရွက်လာခဲ့ရာ ဓမ္မလမ်းကြောင်းမှ သွေဖည်သွားခဲ့ပေသည်။ ယနေ့ပြည်သူအများစု လိုလားနေကြသော အမှန်တရားသည် အနိုင်ရပါတီအား ဖယ်ရှားလိုက်သဖြင့် မကျေနပ်သောအမှန်တရားဖြစ်လာခဲ့သည်။ အမှန်တရားစင်စစ်မှာ ဓမ္မစင်စစ်ဖြစ်ဖို့လိုပေမည်။ အမှန်တွင် အမှန်တရားအတွက်ဟုဆိုကာ အဓမ္မ လုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပေသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

○ စာမျက်နှာ ၈ မှ

ယခုအခြေအနေသည် အာဏာသိမ်းခဲ့ခြင်း မဟုတ်သည်ကို ခွဲခွဲခြားခြား ရှုမြင်ဖို့လိုအပ်သည်။ အာဏာသိမ်းမည်ဆိုပါက အာဏာသိမ်းမည်ကို မည်သည့်အသံမှမထွက်၊ မည်သူမျှမသိဘဲ ရုတ်ချည်း အငိုက်ဖမ်း၍ လျှပ်တစ်ပြက်သိမ်းယူလိုက်သည့် အစဉ်အလာများကို ၁၉၆၂ ခုနှစ်တွင်သာမက အခြားနိုင်ငံများ၏ အာဏာသိမ်းမှုဖြစ်စဉ်များကို ကြည့်လျှင် သိမြင်နိုင်သည်။ လက်နက်ကိုင် တပ်မတော်သားများက တစ်ပြိုင်တည်း ချက်ချင်းသိမ်းယူပြီး အစိုးရအဖွဲ့ဝင်အားလုံးကို ဖမ်းဆီးထိန်းသိမ်းကာ ခုခံသူများအား ပစ်ခတ်နှိမ်ခဲ့သည်ကို မြင်တွေ့ကြဖူးမည်ဖြစ်သည်။

ယခုနိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူဆောင်ရွက်ရာတွင် အညင်သာဆုံးနည်းလမ်းဖြင့် အဓိကကျသူများ၊ ဥပဒေဖောက်ဖျက်သူများကိုသာ ရွေးချယ်ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ အပြစ်မရှိသူများကို လွတ်လပ်စွာ ထွက်ခွာခွင့်ပြုခဲ့သည်။ ယင်းကို အခွင့်ကောင်းယူ၍ ဆူပူအုံကြွမှုဖြစ်အောင် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားမှုများ၊ နိုင်ငံတော်အာဏာကို ပြည်တွင်းမှပင် တရားမဝင်စင်ပြိုင်ထူထောင်မှုပုံစံများ ပြုလုပ်လာကြသည်။ အကယ်၍သာ အာဏာသိမ်းသည်ဆိုပါက ထိုသို့ပင် အခွင့်မသာဘဲ တစ်ယောက်မကျန် ထောင်နန်းစံရမည်မှာ သေချာပါသည်။

**ပြည်သူလူထုကိုခုတုံးလုပ်**

သို့သော် NLD အစိုးရသည် အစောပိုင်းကတည်းက ပုဂ္ဂိုလ်ရေးဆည်းကပ်မှုအားကို ထူထောင်ကာ ပြည်သူလူထုအားဖြင့် တလွဲအသုံးချနိုင်အောင် ကြိုတင်စည်းရုံးထားနိုင်ခဲ့သည်။ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းပြု၍ ပြည်သူသည်သာအဓိကပါဟု မြှောက်ပင့်ပေးလာခဲ့သည်။ ပြည်သူကို ယုံကြည်ကြောင်း၊ အလေးထားကြောင်း၊ ကျေးဇူးရှိကြောင်း၊ အားကိုးကြောင်း တွင်တွင်ထပ်ထပ် ပြောကြားလာခဲ့သည်။ ငါးနှစ်တာ ကာလအတွင်း မယ်မယ်ရရ ထူးထူးခြားခြား ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း ပြည်သူကို ချစ်သည်ဟု ဟစ်ကြွေး၍ လူထုအားကို ယူထားခဲ့သည်။ ခေါင်းဆောင်ကောင်းတို့မည်သည် ပြည်သူကို ကျောသားရင်းသား မခွဲခြားဘဲ၊ သားဆိုးသမီးဆိုးမခွဲခြားဘဲ တစ်သွေးတည်း တစ်သားတည်း မခွဲခြားဘဲ ဆက်ဆံကြရသည်။ ပြည်သူလူထုအကျိုးစီးပွားနှင့်ယှဉ်လျှင် ခေါင်းဆောင်သည်သာ အနစ်နာခံဆောင်ရွက်ကြရသည်။ ပြည်သူလူထု ဒုက္ခရောက်မည်ဆိုလျှင် ခေါင်းဆောင်သည်သာလျှင် ဒုက္ခအရောက်ခံကြသည်။ ပြည်သူလူထုနစ်နာမည့်အလုပ်၊ ပြည်သူလူထုကို ချခင်းသည့်အလုပ် မလုပ်ပေ။

**အမုန်းတရားများဖန်တီး**

တိုင်းပြည်နှင့် လူထုမနစ်နာဘဲ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာလျှင် ရနိုင်သည်ကိုသိပါလျက်နှင့် ယခုအခါ ကြိုတင်စီမံထားသည့်အတိုင်း NLD ပါတီက ပြည်သူလူထုကို လမ်းမပေါ်သို့ တွန်းပို့သောနည်း၊ ပြည်သူလူထုကို သေကျေပျက်စီးစေသောနည်းကို ရွေးချယ်လိုက်သည်ဟု ဆိုရမည်ဖြစ်သည်။ အမှန်တကယ်တွင် ပြည်သူလူထုတွင် အပြစ်တစ်စုံတစ်ရာမရှိပါ။ ပြည်သူလူထု၏ စိတ်ဓာတ်များကို အရောင်ဆိုးပေးခဲ့သဖြင့် ပြည်သူလူထုပါဝင်လာခဲ့ခြင်းဖြစ်သည်။ တပ်မတော်အပေါ်တွင် ပြည်သူလူထု အမုန်းတရားများ တိုးပွားလာစေရန်အတွက် ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာ၏ဖိအားများ တိုးပွားလာစေရန်အတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ အတိတ်က ပုံရိပ်ဆိုးများကို အကြောင်းခံ၍ ပြည်သူလူထုအမြင်တွင် တပ်မတော်မုန်းတီးရေး၊ အာဏာရှင်စနစ် ကျဆုံးရေးဆိုပြီး ရိုက်သွင်းပေးခဲ့သည်။ တပ်မတော်သည် နိုင်ငံ့တာဝန်ယူလိုက်သည်နှင့် ပြည်သူလူထုအမြင်တွင် ထိုခံယူချက်များ ပေါက်ကွဲထွက်လာတော့သည်။

**အလုံးစုံပျက်သုဉ်းရေး**

NLD အစိုးရသည် ပြဿနာတစ်ရပ်ကို အပ်နှင့်ထွင်းလျှင် ရနိုင်ပါလျက် ပုဆိန်နှင့်ပေါက်အောင် ဖန်တီးပေးခဲ့သည်။ UEC ကို ခုတုံးလုပ်ကာ အသုံးချခဲ့သည်။ မဲမသမာမှုများ၊ မဲစာရင်းမှားယွင်းမှုများ၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာရေးများကို မျက်ကွယ်ပြုခဲ့သည်။ မိမိတို့နှင့်အသွင်မတူသော ပါတီအဖွဲ့အစည်းများ၏ အကျိုးစီးပွားကို အလေးထားခြင်းမရှိခဲ့ပေ။ မိမိတို့ကို ထောက်ခံသော ဝန်းရံသူများ၊ ပြည်သူများအား အားပေးအားမြှောက်ပြုလုပ်ခဲ့သည်။ ပြည်သူများအားလုံးကို ကိုယ်စားပြုသည့် နိုင်ငံ့ခေါင်းဆောင်များဖြစ်ပါလျက်နှင့် မိမိတို့ပါတီကိုသာ ဦးစားပေးကာ၊ ရှေ့တန်းထွက်ကာ အားပေးခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအပြီးကာလများတွင် နှစ်ဖက်လူ့အဖွဲ့အစည်းများ ထိပ်တိုက်ဖြစ်၍ ပြဿနာဖြစ်နေကြသည်ကို တားဆီးခြင်းမရှိပေ။ မတည်မငြိမ်ဖြစ်မှုများ၊ မမှန်မကန်ဖြစ်မှုများကို တပ်မတော်အပါအဝင် ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းစွာ ဖြေရှင်းပေးပါရန် မေတ္တာရပ်ခံမှုများကို လက်မခံခဲ့ပေ။ အင်အားကြီးပါတီ၏ ရှိရင်းစွဲဝါဒဖြစ်သည့် ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး လမ်းကြောင်းပေါ်သို့သာ လျှောက်လှမ်းခဲ့သည်။

ယင်းတို့သည် တိုင်းပြည်နှင့်လူမျိုးပျက်စီးရေးကို ရည်ရွယ်လုပ်ဆောင်မှုများသာ ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ရှေးရှုခြင်းမရှိသည့် အာဃာတကြီးမားသော ငါနှင့်မတူ ငါ့ရန်သူ လုပ်ဆောင်မှုများသာဖြစ်သည်။ ယင်းတို့သည် အနည်းစုပြည်သူအရေးကို မထောက်ထားသည့် အဓမ္မဝါဒသာဖြစ်သည်။ မတူကွဲပြားမှုများကို အလေးထားသည့် ဒီမိုကရေစီစစ်စစ်မဟုတ်ပေ။ တိုင်းပြည်ကောင်းကျိုးကို စုပေါင်းဆောင်ရွက်ကြသည့် ပြည်သူများအဖြစ် ပါဝင်လာအောင် မစည်းရုံးဘဲ အစိုးရတစ်ရပ် ပြုတ်ကျစေသည့် တိုင်းပြည်ပျက်စီးရေးတွင် ပါဝင်လာသည့် ပြည်သူများဖြစ်လာအောင် တွန်းပို့ပေးသည့် အဓမ္မဝါဒဟု ဆိုချင်ပါသည်။ ။

# ရေစင်တစ်ခွက် ပန်းတစ်ခက်

❖ ကြောင်းရင်းဇာစ်မြစ် ၊ ဖြစ်သနစ်ကို
ပိုင်းဆစ်သေချာ ၊ ဖြေမရှာဘဲ
သည်ဟာအမှန် ၊ တစ်ယူသန်ဖြင့်
နှုတ်လှန်စိတ်စော ၊ ဘယ်သို့ပြောလည်း
မောရုံမျှသာ ရှိချေမည်...။

❖ တစ်စုတစ်သိုက် ၊ ပေါင်းဆုံဆိုက်လို့
အကြိုက်တူကြ ၊ ညီညွတ်ကြလည်း
ဒေါသအမျက် ၊ မသိဖက်လျက်
အဖျက်ကိုပင် ၊ အမှန်ထင်ကာ
သို့ထင်မှုက ၊ ဆူသွေးကြွသော်
ပန်းလျှရုံသာ ရှိချေမည်...။

❖ ပွဲရှိန်ဗျပ်ဗျပ် ၊ စဉ်မပြတ်ဖို့
ဇာတ်တူသားချင်း ၊ ဟောင်းဇာတ်ခင်းလျက်
ပြောင်ငြင်းလက်ညှိုး ၊ ပြောင်းပြန်ထိုးကာ
မိုက်မျိုးစုံလင် ၊ ဇာတ်ကွက်ဆင်လည်း
နေဝင်မိုးချုပ် ၊ ကိုယ်ဇာတ်ရုပ်ကို
အထုပ်ဖြည်ရုံ ရှိချေမည်...။

❖ မောင်မယ်နုထွေး ၊ ဆင်ခြင်တွေးလော့
အရေးသည်မှာ ၊ တစ်ဦးစာတွက်
အရေးသည်မှာ ၊ တစ်ဖွဲ့စာတွက်
သူငါတက်ကြွ ၊ ဟစ်အော်ကြလည်း
ဟန်ပြလှုပ်ရှား ၊ ဟန်စကားနှင့်
နောက်ပါးခိုနေ ၊ လက်ပါးစေတို့
လေပစ်သမျှ ၊ လိုက်လုပ်ကြလျှင်
ဘဝနာရုံ ရှိချေမည်...။

❖ ပညာသတိ ၊ ယှဉ်ကာကြည့်လျက်
အသိမှန်စေ ၊ မေတ္တာခြွေသည်
ရေစင်တစ်ခွက် ပန်းတစ်ခက်...။
ဘုန်းမိုရ်ထံတော် ကပ်လှူဆက်...။
အေးချမ်းပါစေ နိုင်ငံတွက်...။

ကိုရင်စော

# နိုင်ငံတော်မှ အားထားရသည့် အလုပ်သမား၊ လယ်သမားများအတွက် အသိပေးကြေညာချက်

နိုင်ငံတော်ကို အရေးပေါ်အခြေအနေသတ်မှတ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်မှ အားထားရသော အလုပ်သမားများ၊ တောင်သူလယ်သမားများ နေ့စဉ်တွေ့ကြုံခံစားနေရသည့် အခက်အခဲအကျပ်အတည်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလကုန်အထိ အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ (WCC) တွင် (၃၄)မှု၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် (၉၉)မှု၊ ခုံသမာဓိအဖွဲ့တွင်(၃၈)မှုနှင့် ခုံသမာဓိကောင်စီတွင် (၂၄)မှု ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးနိုင်ခဲ့ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား၊ လယ်သမားများအကြား ပေါ်ပေါက်လာမည့် အခက်အခဲပြဿနာများကို တရားဝင်ဖွဲ့စည်းထားသည့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁) အရ ဖွဲ့စည်းထားသည့် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ရေးအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အရေအတွက် |
|---|---|---|
| ၁ | အခြေခံအလုပ်သမားအဖွဲ့အစည်း | ၂၈၇၈ |
| ၂ | အခြေခံအလုပ်ရှင်အဖွဲ့အစည်း | ၂၇ |
| ၃ | မြို့နယ်အဆင့်အလုပ်သမားအဖွဲ့အစည်း | ၁၆၁ |
| ၄ | မြို့နယ်အဆင့်အလုပ်ရှင်အဖွဲ့အစည်း | ၁ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်အဆင့်အလုပ်သမားအဖွဲ့အစည်း | ၂၄ |
| ၆ | အလုပ်သမားအဖွဲ့ချုပ် | ၉ |
| ၇ | အလုပ်ရှင်အဖွဲ့ချုပ် | ၁ |
| ၈ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ | ၁ |
| ၉ | အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) | ၃၅၈၇ |
| ၁၀ | မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | ၃၂၅ |
| ၁၁ | ခုံသမာဓိအဖွဲ့ | ၁၅ |
| ၁၂ | ခုံသမာဓိကောင်စီ | ၁ |

## တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၈**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ တင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအနေဖြင့် မူလလုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သလို ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အထက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းလိုသည့်ကိစ္စရပ်များ၊ ပံ့ပိုးဆောင်ရွက်လိုသည့်ကိစ္စရပ်များကို တင်ပြပေးစေလိုပါကြောင်း၊ မိမိတို့တာဝန်ယူနေသည့်ကာလအတွင်း ဝန်ကြီးဌာန၏လုပ်ငန်းဆောင်ရွက်မှုများကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုသာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တစ်ခု တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကိုဗစ်-၁၉ ရောဂါ အသိပညာပေးအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်သည်များကို အကြံပြုသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အထွေထွေဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းရင်းသားဘာသာသင် Teaching Assistant (TA) နှင့် Language Teacher (LT) ခန့်ထားမှုနှင့်ပတ်သက်၍ ဒေသခံများအား ဦးစားပေးခန့်ထားရေးနှင့် လစာတိုးမြှင့်ခံစားခွင့်ပြုရေး၊ မှတ်ပုံတင်လျှောက်ထားရာတွင် မျိုးနွယ်စုအမှန်ဖြစ်စေရေး၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်များ ဖော်ထုတ်ကျင်းပနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဝန်ကြီးဌာနတွင် သုတေသနဌာနခွဲ သီးသန့်ထားရှိနိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာထား၍ ဆောင်ရွက်ခြင်းကို “မူ” တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**သတင်းစဉ်**

## လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၈**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် ဆန်၊ စပါး ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်က နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ နှစ်စဉ် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာပြီး စပါးများထွက်ပေါ်ချိန်၌ အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက် ကျရောက်သည့်ဒေသများတွင် တောင်သူလယ်သမားများထံမှ စပါးဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ယခုနှစ် အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် စပါးဝယ်ယူမှုအခြေအနေများနှင့် ဆန်အိတ်များ ပြန်လည်လက်ခံရရှိမှုအခြေအနေများ၊ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် စပါး၊ ဆန် ဝယ်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နယူးဇီလန်နိုင်ငံက နိုင်ငံလူဦးရေအားလုံးအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံအလောက်ဝယ်ယူမည်



**ဆစ်ဒနီ မတ် ၈**

နယူးဇီလန်နိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထပ်မံဝယ်ယူမည်ဖြစ်ကြောင်းနှင့် ဝယ်ယူမည့်ကာကွယ်ဆေးအရေအတွက်သည် နိုင်ငံလူဦးရေအားလုံးအတွက် လုံလောက်မှုရှိမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က မတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံ အစိုးရသည် ပြည်သူလေးသန်းကျော်အား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် လုံလောက်မည့် အရေအတွက်ဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈ ဒသမ ၅ သန်းကို အပိုဆောင်းအဖြစ် ဝယ်ယူမည့်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ယင်းကာကွယ်ဆေးများသည် ယခုနှစ်၏ ဒုတိယနှစ်ဝက်အတွင်း နယူးဇီလန်နိုင်ငံသို့ ရောက်ရှိလာမည်ဟု မျှော်လင့်ထားကြောင်း ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းဖြင့် ပြီးခဲ့သည့်လအတွင်းက စတင်ခဲ့ပြီး ယခုနှစ်ကုန်တွင် နိုင်ငံလူဦးရေ အားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၂၀၀၀ ကျော်သာရှိပြီး သေဆုံးသူ ၂၆ ဦး ရှိခဲ့ခြင်းကြောင့် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကိုဗစ်-၁၉ ရောဂါကို အကောင်းဆုံးထိန်းချုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယား၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၀ ထပ်မံတွေ့ရှိ၊ စုစုပေါင်း ၁၈၂ ဦး ရှိလာ

**ဆိုးလ် မတ် ၈**

တောင်ကိုရီးယားနိုင်ငံတွင် မကြာသေးမီရက်များက ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၀ ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၈၂ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။



မတ် ၄ ရက်က တောင်ကိုရီးယားနိုင်ငံတွင် တွေ့ရှိခဲ့သည့် အဆိုပါ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသော အတည်ပြုလူနာ ၂၀ အနက် ၁၁ ဦး သည် ပြည်ပနိုင်ငံများမှ ပြန်လာသူများဖြစ်ကြပြီး ကျန်ကိုးဦးသည် ပြည်တွင်း၌ ကူးစက်ခံရခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဌာနချုပ်က ရှင်းလင်းပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံရှိ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရသူအားလုံးအနက် ၁၅၄ ဦးသည် ဗြိတိန်နိုင်ငံမှ ပြန်လာသူများဖြစ်ကြပြီး ကျန် ၂၁ ဦးသည် ဘရာဇီးနိုင်ငံမှ ပြန်လာသူများဖြစ်ကြကြောင်း သိရသည်။ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သည် မူလကဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ်ထက် ကူးစက်မှုပို၍ မြန်ဖွယ်ရှိသည်။

တောင်ကိုရီးယားအစိုးရသည် နိုင်ငံအတွင်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ် ကူးစက်မှုထိန်းချုပ်ရန် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်မှစ၍ ဗြိတိန်နိုင်ငံမှလာသော ခရီးသည်တင်လေကြောင်းလိုင်းအားလုံးကို တားမြစ်ပိတ်ပင်ထားသည်။

ကမ္ဘာ့နိုင်ငံများမှ တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်လည်ပတ်သော ခရီးသည်အားလုံးသည် အစိုးရက သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးစင်တာများတွင် သီတင်းနှစ်ပတ်ကြာ ရောဂါစောင့်ကြည့်မှု ခံယူရမည်ဖြစ်သလို ၇၂ နာရီအတွင်း စစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း ဆေးစစ်ချက်အဖြေများကိုလည်း ပြသနိုင်ရမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၉၂၈၁၇ ဦး ရှိလာကြောင်း အစိုးရက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျော်တီ**

# သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက် ၅၀၀ ကျော်ရှိလာ

**ကိုလံဘို မတ် ၈**

သီရိလင်္ကာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၅၀၀ ကျော်အထိ ရောက်ရှိလာခဲ့ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယနေ့အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ဦးရေ ၅၀၂ ဦးရှိလာပြီး ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၈၅၆၉၅ ဦးရှိလာကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၈၂၀၅၉ ဦး ရှိခဲ့သဖြင့် နိုင်ငံအတွင်း ပိုးတွေ့ဆဲလူနာ ၃၁၃၄ ဦးသာရှိတော့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများအား AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြင့် ပထမဦးစွာထိုးနှံပေးခဲ့ပြီးနောက် ဖေဖော်ဝါရီလလယ်ပိုင်းမှစတင်ပြီး အသက် ၃၀ ကျော်အရွယ်ရှိသော နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စဉ်ဆက်မပြတ်ရရှိရေးမှာ အခက်အခဲတစ်ခုဖြစ်ကြောင်း သမ္မတ ဂိုတာဘာယာရာဂျာပတ်ဆာ၏ အကြံပေးဖြစ်သူ လာလစ်ဝီရာတွန်ကာကပြောကြားသည်။ အစိုးရအနေဖြင့် အသက် ၃၀ ကျော်အရွယ်ရှိသော နိုင်ငံသားအရေအတွက် အနည်းဆုံး ၁၃ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၆ သန်း လိုအပ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးစင်တာ ၄၀၀၀ ကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဆော်ဒီအရှေ့ပိုင်းမှ ရေနံတင်ဆိပ်ကမ်းနှင့် အာရမ်ကိုကုမ္ပဏီအဆောက်အအုံများအား မောင်းသူမဲ့လေယာဉ်တစ်စင်းနှင့် ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်

**ရီယာ့ဒ် မတ် ၈**

ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းရှိ ရေနံတင်ပို့သည့် ဆိပ်ကမ်းတစ်ခုနှင့် အာရမ်ကိုရေနံကုမ္ပဏီ အဆောက်အအုံများအား မတ် ၇ ရက်တွင် မောင်းသူမဲ့လေယာဉ်တစ်စင်းနှင့် ဒုံးကျည်တစ်စင်းတို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဆော်ဒီအာရေဗျ စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းရှိ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရေနံတင်ဆိပ်ကမ်းများအနက် တစ်ခုဖြစ်သည့် ရက်စ်တာနူရာဆိပ်ကမ်း၏ ခါတ်ဆီသိုလှောင်ကန်နေရာ တစ်ခုအား မတ် ၇ ရက် နံနက်ပိုင်းတွင် မောင်းသူမဲ့လေယာဉ်တစ်စင်းက တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းမောင်းသူမဲ့လေယာဉ်သည် ပင်လယ်ပြင်မှ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

မတ် ၇ ရက် နှောင်းပိုင်းတွင် ဒါရန်မြို့ရှိ အာရမ်ကိုရေနံကုမ္ပဏီ ဝန်ထမ်းများနေထိုင်သည့် လူနေအိမ်များအနီးသို့ ပဲ့ထိန်းဒုံးကျည်တစ်စင်း၏ အစအနများကျရောက်ခဲ့ကြောင်း၊ ယင်းကုမ္ပဏီ၏ ဝန်ထမ်းများနေထိုင်ရာ ဒေသတွင် ဝန်ထမ်းနှင့် မိသားစုဦးရေ ထောင်နှင့်ချီ နေထိုင်ကြကြောင်း ဆော်ဒီအာရေဗျ စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

ယင်းမောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီး သေကျေမှုများ မဖြစ်ပေါ်ခဲ့ဟု စွမ်းအင်ဝန်ကြီးဌာနက ပြောသည်။

သို့သော်ယီမင်အခြေစိုက် ဟူသီသူပုန်အဖွဲ့က ဆော်ဒီအရှေ့ပိုင်းရှိ ရေနံတင်ဆိပ်ကမ်း ရက်စ်တာနူရာနှင့် ဒမ်မမ်ဒေသရှိ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များအား မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**




# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဂျပန်ဝန်ကြီးချုပ် ဆူဂါအား ဧပြီလတွင် တွေ့ဆုံရန် စီစဉ်နေ

**ဝါရှင်တန် မတ် ၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျပန်ဝန်ကြီးချုပ် ဆူဂါအား ဧပြီလတွင် အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံရန် စီစဉ်လျက်ရှိကြောင်း အမေရိကန်သတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Axios က သတင်းဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အား လူကိုယ်တိုင် လာရောက်တွေ့ဆုံမည့် ပထမဆုံးသော နိုင်ငံ့ခေါင်းဆောင်တစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်းလည်း အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios က မတ် ၇ ရက်တွင် ဖော်ပြခဲ့သည်။



သမ္မတ ဂျိုးဘိုင်ဒင်သည် ဝန်ကြီးချုပ် ဆူဂါနှင့် တွေ့ဆုံဆွေးနွေးရန်ရှိသော်လည်း ယခုအချိန်အထိ အဆိုပါတွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချရသေးကြောင်း အိမ်ဖြူတော်တာဝန်ရှိသူတစ်ဦးက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေပေါ်မူတည်၍ ဂျပန်ဝန်ကြီးချုပ် ဆူဂါ၏ အမေရိကန်ခရီးစဉ်ကို တတ်နိုင်သမျှ အစောဆုံးသွားရောက်နိုင်ရန် ဂျပန်နိုင်ငံအစိုးရက မျှော်လင့်လျက်ရှိကြောင်း ဂျပန်နိုင်ငံ၏ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ကာတိုကတ်ဆူနိုဘူက သတင်းထောက်များအား ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါတို့သည် ဇန်နဝါရီလအတွင်းက ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ရှိခဲ့သော်လည်း ဝန်ကြီးချုပ် ဆူဂါ၏ ခရီးစဉ်အတွက် သွားရောက်မည့် ရက်အတိအကျကို လက်ရှိအချိန်အထိ မသိရှိရသေးကြောင်း ကာတိုကတ်ဆူနိုဘူက အတည်ပြုပြောကြားခဲ့သည်။

ဂျိုးဘိုင်ဒင်သည် သမ္မတရာထူးတာဝန်စတင်ထမ်းဆောင်ပြီးနောက်ပိုင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါအပါအဝင် အခြားသောနိုင်ငံ့ခေါင်းဆောင်များနှင့် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါ၊ မက္ကဆီကို သမ္မတ အန်ဒရီမန်နျူရယ်လိုပက်ဇ်အိုဘရာဒေါတို့နှင့် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။


သို့ရာတွင် သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိအချိန်အထိ မည်သည့်လူချင်းတွေ့ဆုံဆွေးနွေးမှုမျှ မလုပ်ဆောင်ရသေးကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကုန်ကျစရိတ်မျှဝေကျခံရေး အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ သဘောတူညီ

**ဆိုးလ် မတ် ၈**

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် တောင်ကိုရီးယားနိုင်ငံတွင် တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကုန်ကျစရိတ်မျှဝေကျခံရေးဆိုင်ရာ စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ စည်းမျဉ်းအရ သဘောတူညီခဲ့ကြကြောင်း သိရသည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်ပြီးနောက် ဝါရှင်တန်၌ ပြုလုပ်သည့် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ဒုတိယအကြိမ်ဆွေးနွေးပွဲအပြီး မတ် ၇ ရက်တွင် နှစ်နိုင်ငံစလုံးက ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကုန်ကျစရိတ် မျှဝေကျခံရေးနှင့်စပ်လျဉ်းသည့် သဘောတူညီချက်တစ်ရပ်ရရှိရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုကို ၂၀၁၉ ခုနှစ်အတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် နှစ်နိုင်ငံစလုံးက အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ နှုတ်ဆိတ်နေခဲ့ကြသည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်က တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကုန်ကျစရိတ်မျှဝေကျခံရေးတွင် တောင်ကိုရီးယားနိုင်ငံဘက်မှ တိုးမြှင့်ထည့်ဝင်ရန် တောင်းဆိုခဲ့သော်လည်း တောင်ကိုရီးယားနိုင်ငံက အဆိုပါတောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် လာမည့် ဘဏ္ဍာရေးနှစ်တွင် ကုန်ကျစရိတ်မျှဝေကျခံရေးနှင့်စပ်လျဉ်း၍ ဖေဖော်ဝါရီလအတွင်းက ဂျပန်နိုင်ငံနှင့် သဘောတူညီမှုရရှိခဲ့ကြောင်းလည်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် နောက်လာမည့်နှစ်များအတွက် ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာငွေကြေးထည့်ဝင်မှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**

# အီကွေတိုရီယယ်လ်ဂီနီယာနိုင်ငံ တပ်စခန်း၌ ပေါက်ကွဲမှုများဖြစ်ပွား လူ ၂၀ ထက်မနည်း သေဆုံးပြီး ၆၀၀ ကျော် ဒဏ်ရာရရှိ



**မာလာဘို မတ် ၈**

အီကွေတိုရီယယ်လ်ဂီနီယာ နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ဘာတာမြို့ရှိ တပ်စခန်းတစ်ခုတွင် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်က ပေါက်ကွဲမှုလေးကြိမ် ဖြစ်ပွားခဲ့ပြီးနောက် လူ ၂၀ ထက်မနည်း သေဆုံးပြီး ရာနှင့်ချီ ဒဏ်ရာရရှိကာ အနီးအနားရှိ လူနေအိမ်အများအပြား ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

ဘာတာမြို့ရှိ အင်န်ကိုယာ အင်န်တိုမာတပ်စခန်းတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် အနီးအနားရှိ အခြားအဆောက်အအုံများသို့ မီးကူးစက်ပျံ့နှံ့သွားပြီး မီးခိုးလုံးကြီးများနှင့်အတူ မီးလောင်ပြိုကျသွားသည့် အဆောက်အအုံများအား ရိုက်ကူးထားသော ဗီဒီယိုပြကွက်တစ်ခုကို ဒေသဆိုင်ရာရုပ်သံလွှင့်ဌာနတစ်ခုက ထုတ်လွှင့်ပြသထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ပြိုကျသွားသည့်အဆောက်အအုံ အကျိုးအပဲ့များအောက်တွင် ပိတ်မိသွားသော လူတချို့ကို ဒေသဆိုင်ရာ ကူညီကယ်ဆယ်လုပ်သားများက အဆောက်အအုံအကျိုးအပဲ့များကြားမှ ဆွဲထုတ်ပြီး ဒဏ်ရာရရှိသူတချို့သည် ဆေးဝါးကုသမှုခံယူရန် ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေကြသည်ကို အဆိုပါဗီဒီယိုပြကွက်တွင် ပြသထားသည်။

အီကွေတိုရီယယ်လ်ဂီနီယာ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အဆောက်အအုံအကျိုးအပဲ့များအောက်တွင် လူအများအပြား ပိတ်မိထားဖွယ်ရှိသည့်အတွက် သေဆုံးသူဦးရေလည်း ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။

ဒေသဆိုင်ရာ လယ်သမားများက ၎င်းတို့၏ လယ်ကွင်းများကို မီးရှို့ပြီး မထိန်းချုပ်နိုင်သောကြောင့် တပ်စခန်းတစ်ခုတွင် သိုလှောင်ထားသည့်ပေါက်ကွဲပစ္စည်းများသို့ မီးကူးစက်လောင်ကာ ပေါက်ကွဲမှုလေးကြိမ် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဘာတာမြို့သည် အဆိုပါတပ်စခန်းရှိ တပ်ဖွဲ့ဝင်များ၏ ပေါက်ကွဲပစ္စည်းထိန်းသိမ်းမှုပေါ့ဆခြင်းကြောင့် ဒုက္ခခံခဲ့ရကြောင်း၊ ယင်းမီးလောင်မှုသည် ဒေသဆိုင်ရာ လယ်သမားများက၎င်းတို့၏ လယ်ကွင်းများကို မီးရှို့ပြီး မထိန်းချုပ်နိုင်သောကြောင့် တပ်စခန်းရှိပေါက်ကွဲပစ္စည်းများကို မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း အီကွေတိုရီယယ်လ် ဂီနီယာသမ္မတ တီယိုဒိုရိုအိုဘီယံငွေမာက ရှင်းလင်းပြောကြားသည်။

အီကွေတိုရီယယ်လ်ဂီနီယာ ကာကွယ်ရေးဝန်ကြီးဌာနမှ ရယူထားသည့် အချက်အလက်အရ အဆိုပါပေါက်ကွဲမှုတွင် လူ ၂၀ ထက်မနည်း သေဆုံးပြီး ၆၀၀ ခန့် ဒဏ်ရာရရှိကာ လူနေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ **ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**



# ဗီယက်နမ်၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်ဆောင်ရွက်

**ဟန်နွိုင်း မတ် ၈**

ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေသန်း ၁၀၀ ကျော် ထိုးနှံပေးရန် စီစဉ်ခြင်းနှင့်အတူ နိုင်ငံ၏ သမိုင်းတစ်လျှောက် အကြီးမားဆုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယနေ့စတင်ဆောင်ရွက်လိုက်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

**ဦးစားပေးထိုးနှံ**

ဗီယက်နမ်အစိုးရသည် နိုင်ငံတစ်ဝန်း ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို မြို့တော်ဟန်နွိုင်း၊ နိုင်ငံ၏တောင်ဘက်တွင်တည်ရှိသော ဟိုချီမင်းစီးတီးနှင့် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသည့် နိုင်ငံ၏မြောက်ဘက် ဟိုင်ဒေါင်းပြည်နယ်များတွင် ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ လူနာများကို ဆေးဝါးကုသပေးနေကြသော ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးရန် စီစဉ်ထားသည်။



အဆိုပါ ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်အတွက် အရေးကြီးပြီး ထိရောက်မှုရှိကြောင်း၊ ထို့အပြင် ကာကွယ်ဆေးထိုးနှံမှုသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် မရှိမဖြစ်လိုအပ်သလို ပုံမှန်ဘဝပြန်ရောက်နိုင်ရေး အထောက်အကူပြုရန် အစိုးရ၏ ထိပ်တန်းဦးစားပေးတစ်ခုပင်ဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနသည် လာမည့်ရက်များတွင်လည်း ကျန်ရှိသောပြည်နယ်နှင့် ဒေသများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာများတွင် တာဝန်ထမ်းဆောင်သော စေတနာ့ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင်များ အပါအဝင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးရန် စီစဉ်ထားသည်။

**လက်ခံရရှိ**

ဗီယက်နမ်နိုင်ငံသည် ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၁၇၆၀၀ ခန့်ကို ဖေဖော်ဝါရီ ၂၄ ရက်က ဆေးဝါးကုမ္ပဏီထံမှ လက်ခံရရှိခဲ့သည်။

လက်ရှိအချိန်အထိ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၁၂ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# မလေးရှားနိုင်ငံက Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူမည်

**ကွာလာလမ်ပူ မတ် ၈**

မလေးရှားနိုင်ငံသည် နိုင်ငံလူဦးရေ၏ ထက်ဝက်ကို လုံလုံလောက်လောက် လွှမ်းခြုံနိုင်ရန်အတွက် အမေရိကန် ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အများအပြား ထပ်မံဝယ်ယူမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ၏ သိပ္ပံဝန်ကြီး ခေရီဂျာမာလူဒင်က မတ် ၈ ရက်တွင် ပြောကြားခဲ့သည်။



မလေးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်လအတွင်းက စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီ နိုင်ငံလူဦးရေ၏ ၃၂ သန်းအနက်မှ ၈၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် လက်ရှိ ဝယ်ယူထားပြီးဖြစ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအားလုံးကို ယခုနှစ်အတွင်း ဖြန့်ချိပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း မလေးရှားနိုင်ငံ၏ သိပ္ပံဝန်ကြီး ခေရီဂျာမာလူဒင်က အွန်လိုင်းမှ တစ်ဆင့်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၆၆ ဒသမ ၇ သန်း ဝယ်ယူထားပြီးဖြစ်ကြောင်း မလေးရှားအစိုးရက ပြီးခဲ့သည့်လအတွင်းက ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံသည် အမေရိကန် ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြင် ဗြိတိန်၏ AstraZeneca၊ ရုရှားနိုင်ငံ၏ ဂါမယ်လီယာ သုတေသနအင်စတီကျူ၊ တရုတ်နိုင်ငံ၏ Sinovac Biotech နှင့် CanSino ဆေးဝါးကုမ္ပဏီများနှင့်လည်း ကာကွယ်ဆေးထောက်ပံ့မှုဆိုင်ရာ သဘောတူညီမှုများ ရရှိထားကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အလင်းသစ်**

# ယူဂန္ဒာနိုင်ငံက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် လက်ခံရရှိ

**ကမ်ပါလာ မတ် ၈**

ယူဂန္ဒာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်မှ ထောက်ပံ့ပေးအပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေတစ်သိန်းကို ယမန်နေ့က ဒုတိယအသုတ်အဖြစ် လက်ခံရရှိခဲ့ပြီး မတ် ၅ ရက်ကလည်း ပထမအသုတ်အဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၈၆၄၀၀၀ လက်ခံရရှိခဲ့ကြောင်း သိရသည်။

ယူဂန္ဒာကျန်းမာရေးဝန်ကြီး ရုဒ်အက်က အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အန်တက်ဗီ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လက်ခံရယူခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည့် အစီအစဉ်ကို ယနေ့စတင်ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံသားတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန်ဆောင်ရွက်ရာမှာ ဒါဟာ အစပိုင်းပဲ ရှိပါတယ်။ နိုင်ငံသားတိုင်းအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူရန် မိမိအလှည့်ရောက်ရှိသည့်အချိန်တိုင် စောင့်ဆိုင်းသွားရမှာ ဖြစ်ပါတယ်"ဟု ရုဒ်အက်က ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် Sinopharm မှထုတ်လုပ်သော ဆေးဝါး အလုံးရေ သုံးသိန်းကို ယူဂန္ဒာနိုင်ငံသို့ လှူဒါန်းခဲ့ပြီး ယူဂန္ဒာ ကျန်းမာရေးဝန်ကြီးဌာနမှ ထိုဆေးဝါးများကို သိုလှောင်ထားနိုင်ရန် နည်းပညာအပိုင်းတွင် ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်နေသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၇၅၁၄၆၂၀ ဦး |
| သေဆုံးသူ | ၂၆၀၆၈၂၂ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၃၀၃၂၁၅၅ ဦး |

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၅၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ မတ် ၈**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၅၆ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ၅၉၇၇၆၃ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက် ၁၂၅၂၀ ဦးရှိလာခဲ့ပြီး ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၅၄၅၉၁၂ ဦးရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ၃၀၀၀ ကျော်အထိ မြင့်တက်လာသည်မှာ ၄ ရက်မျှရှိပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် မြင့်တက်လာတာကို သတိပြုမိနေပါတယ်"ဟု ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနမှ လက်ထောက်ကျန်းမာရေးဝန်ကြီး မာရီယာ ရိုဆာရီယို ဗာဂျီရီက အွန်လိုင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တင်းကျပ်သော ကျန်းမာရေးစည်းမျဉ်းများချမှတ်ခြင်း တစ်ခုတည်းကသာလျှင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကိုလျှော့ချရန် တစ်ခုတည်းသော နည်းလမ်းမဟုတ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားသော ဒေသများတွင် သက်ဆိုင်ရာဒေသများအလိုက် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ကုသရေးအဖွဲ့များကို ဖွဲ့စည်းသွားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းအပြင် အဆိုပါဒေသများတွင် ဒေသခံများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများ လိုက်နာမှုရှိစေရန် ညွှန်ကြားမှုများပြုလုပ်သွားမည်ဟု သိရသည်။ နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှုအားနည်းခြင်းကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**







## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀၀ ခန့် သိမ်းဆည်းရမိ

**မောင်တော မတ် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်နယ်ခြားစောင့် ကွပ်ကဲမှု အဖွဲ့(ခွဲ)ရုံးရှေ့ စစ်ဆေးရေးဂိတ်၌ ယနေ့ နံနက် ၁၁ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀၀ ခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကျီးကန်းပြင် နယ်ခြားစောင့်ကွပ်ကဲမှုအဖွဲ့(ခွဲ)ရုံးရှေ့ စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မောင်တော- ကြိမ်ချောင်းသွား ကားလမ်းမပေါ်ရှိ ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် မောင်တောဘက်မှ မောင်းနှင်လာသည့် ထော်လာဂျီအား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း မြင့်နိုင်နှင့် ဝင်းကိုကိုဦးတို့နှစ်ဦး လိုက်ပါလာသည့် ယာဉ်အား ရှာဖွေရာ ဖရဲသီးများဖြင့် ဖုံးအုပ်ထားသည့် အဝါရောင်တိပ်ဖြင့်ပတ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား အထုပ်ကြီးတစ်ထုပ်လျှင် ဆေးပြား ၉၇၅၀ ပါ အထုပ်ကြီး ၆၀ စုစုပေါင်း ဆေးပြား ၅၈၅၀၀၀၊ အလေးချိန် စုစုပေါင်း ၅၈ ဒသမ ၅ ကီလိုခန့်နှင့် ဝင်းကိုကိုဦး ကိုင်ဆောင်သော ဖုန်းတစ်လုံး၊ မြင့်နိုင်ကိုင်ဆောင်သော ဖုန်းတစ်လုံးတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ ဝင်းကိုကိုဦးနှင့် မြင့်နိုင်တို့နှစ်ဦးအား တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝေလ(မောင်တော)

## သိန္နီ၊ တာချီလိတ်နှင့် ကျိုင်းလပ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ညနေ ၅ နာရီခွဲတွင် သိန္နီမြို့နယ် စယ်အူကျေးရွာအုပ်စု နမ့်စလီးကျေးရွာအနီးတွင် ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

ထို့အတူ မတ် ၆ ရက် ည ၇ နာရီတွင် မိုင်းပါလျှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ နမ့်ခင်းကျေးရွာအုပ်စု ကျကကျေးရွာနေ မျိုးဇော် (ခ)ကရင်(ခ)စောအယ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၃၆၃ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးအကြေ ၃ ဒသမ ၃၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြင်းမူမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မြင်းမူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လေ့ဦးကန်ကျေးရွာတွင် မတ် ၇ ရက် ည ၁၁ နာရီကျော်က နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ဦးမြင့်အောင်က နွားစာတဲ အဆောက်အအုံ ဝါးကြမ်းခင်းအား မီးရှို့ရာမှ နွားစားတဲ မီးလောင်ကျွမ်းပြီး နွားစာတဲနှင့်ကပ်လျက်ရှိသည့် နံကပ်နှစ်ထပ်တိုက်အား ဆက်လက် ကူးစက်လောင်ကျွမ်းခံရမှုဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် နွားစာတဲတစ်လုံး၊ နံကပ်တိုက် နှစ်ထပ်အဆောက်အအုံနှင့် ဆိုင်ကယ်နှစ်စီးတို့ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးမြင့်အောင်အား တောချောင်းဦးတိုက်နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)



## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၅၃ စီး၊ သွင်းကုန် ၁၇၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် မတ် ၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၅၅ သန်း)တန်ဖိုးရှိတရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော ရေခဲသေတ္တာ (Used) 14 Nos၊ Acnotin 10 (46 Boxes x 3 Blistersx 10'S)(14 Pkgs) (m) Half Mask Twin Respirator With Chemical 550 Nos Safety Goggle (က) Half Mask Single Respirator 30 Nos (0) Chemical Safety Goggle 30 Nos (G) (0) Audio Video Receiver (PSI) 100 U၊ (ခ) Network Cable 12 U၊ (၅) PSI ဗန်း 120 U၊ (၆) (က) PSI ဗန်း 250 U၊ (၆) (ခ) စလောင်းဒေါက်တိုင် 250 U၊ (ဂ) PSI Receiver (Audio Video Receiver) 50 U၊ (ဃ) စ လောင်းထိပ်ဖုံး 50 U အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမှန်မြင်နိုင်ပါစေ

မင်းသန်းနိုင်(မုဒုံ)

**“မိမိ၏ စိတ်ကို ထိန်းချုပ်ခြင်းတည်းဟူသော ဆုကိုသာ တောင်းပါ သည် ဘုရား”**

(အာသောကမင်းကြီး)

တစ်နေ့က စာရေးဆရာကြီး မောင်ကောင်းမြင့်ရေးသားသည့် **“မြတ်ဗုဒ္ဓဒေသနာ ခြေရာဖွေရှာ မဏ္ဍိုင်မှာ”** စာအုပ်ကို ရှုံးပိတ်ရက်လေးမှာ ဖတ်ရင်း “ဆီးဖြူကဗျာနှင့် လက်ဗလာ” ဆောင်းပါးလေးထဲက အာသောကမင်းကြီးရဲ့ ဆုတောင်းလေးကို ဖတ်မိရင်း သံဝေဂတရားများနှင့်အတူ ဤဆောင်းပါးလေးကို ရေးသားမိခြင်းဖြစ်ပါသည်။

**မိမိစိတ်ကို ထိန်းချုပ်ခြင်း**

စိတ်ကိုထိန်းချုပ်ဖို့ အလွန်ခက်ခဲပါသည်။ ပုထုဇဉ်လူသားတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ သောကများနှင့် မကင်း။ နေ့စဉ်ထိုအရာများနှင့် ကြုံတွေ့ခံစားနေကြသူများပင်။ ဘာသာတရား၏ အဆုံးအမ၊ ဓမ္မများနှင့် လောဘ၊ ဒေါသ၊ မောဟ၊ သောကတရားတွေကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားကျင့်ဆောင်ရင်း စာရေးသူတို့ နေ့စဉ်ဖြတ်သန်းနေကြရသည်။ ပုထုဇဉ်များပီပီ ထိုအရာများနှင့် မကင်းနိုင်ကြ။ အနည်း အများသာ ကွာခြားကြ၏။

**တရားရှာ ကိုယ်မှာတွေ့**

ဆရာကြီးမောင်ကောင်းမြင့်၏ “ကိုယ်မှာတွေ့နိုင်လျက် မေ့နေသော တရားများ” ဆောင်းပါးတစ်ပုဒ်၏ စာစုလေးအချို့ကို စာရေးသူ မှတ်သားရင်း စာဖတ်သူကို ပြန်လည်မျှဝေပါရစေ။ အဆိုပါ ဆောင်းပါးတွင်-

အလျောက် အနိမ့်ဆုံးငါးပါးသီလမှ ငါးပါးစလုံး မပြည့်စုံသော်လည်း တစ်ပါးမက ကျင့်သုံးနေထိုင်ပါက မိမိအတွက်လည်းကောင်း၊ မိမိမိသားစုမှသည် ပတ်ဝန်းကျင်နှင့်အများအတွက်ပါ အကျိုးရှိသည်ဖြစ်၏။ တစ်နည်း နိုင်ငံကြီးပွားချမ်းသာရာအထိ ပြည့်စုံကောင်းမွန်သော တရားများဖြစ်၏။

သို့ပါလျက် ဤတရားများကို မလေ့လာ၊ မဆင်ခြင်၊ မသင်ယူ၊ မပွားများဘဲ အကန်းအန္ဓပုထုဇဉ်အဖြစ် နေထိုင်ကျင့်သုံးလျက်ရှိကြသည်။ ထို့ကြောင့်လည်း မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူများ အကျင့်များသည် ဖြစ်လျက်သာရှိ၏။

ဤအကြောင်းတရား၏ အကျိုးကား လောက၌ ငြိမ်းချမ်းမှုကင်းမဲ့လျက် တစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအထိ အပူမီးတောက်လောင်လျက်ရှိ၏။ လောဘ၊ ဒေါသ၊ မောဟမီးများသည် လူ၏ခန္ဓာကိုယ်၌ မမြင်ရသောအပူငွေ့မှ ပြင်ပတွင်မြင်ရသော မီးကြီးအဖြစ် အကြီးအကျယ် လောင်လျက်ရှိ၏။ တရားဥပဒေမဲ့ကင်းလျက်ရှိ၏။ အဆုံးကား လူသားတို့သည် မြတ်ဗုဒ္ဓဟောကြားတော်မူသော အမြတ်တရားရှိလျက် မေ့လျော့ပေါ့ဆ “သတိ” ကင်းစွာပြုခြင်း၏ အကျိုးများစွာကို ခံစားနေရခြင်းဖြစ်တော့သည်။ “တရားရှာကိုယ်မှာတွေ့၊ မေ့သည့်တရားအနားမှာ”ပင်ဖြစ်သည်။

တွေးမိပါသည်။ ဆရာကြီးမောင်ကောင်းမြင့်၏ “မြတ်ဗုဒ္ဓဒေသနာ ခြေရာဖွေရှာ မဏ္ဍိုင်မှာ” စာအုပ်၏ “ကိုယ်မှာတွေ့နိုင်လျက် မေ့နေသော တရားများ” ဆောင်းပါးလေးက စာရေးသူကို အတွေးများစွာနဲ့ အမှန်မြင်နိုင်ကြမည်ဆိုလျှင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်လိမ့်မည်ဟု စာရေးသူ တစ်ထစ်ချ ယုံကြည်ပါသည်။

**ဆင်ခြင်တုံတရား**

ဘာလိုလိုနှင့် စာရေးသူ၏ နိုင်ငံ့ဝန်ထမ်းလုပ်သက် နှစ်(၃၀)ပြည့်တော့မည်။ ဝန်ထမ်းသက်တမ်းတစ်လျှောက် အောက်ခြေဝန်ထမ်းဘဝမှ ပြန်တမ်းဝင်အရာရှိဖြစ်လာသည်အထိ ဖြတ်သန်းခဲ့ရသော ဝန်ထမ်းဘဝ၊ တာဝန်ထမ်းဆောင်ခဲ့သည့် နေရာဒေသအသီးသီးတွင် ဆုံးဖြတ်ခဲ့မိသော၊ လုပ်ခဲ့မိသော ဖြစ်စဉ်များ၏ အမှန်၊ အမှားကို ယနေ့အချိန်တွင် ဆင်ခြင်တုံတရားဖြင့် ပြန်စဉ်းစားမိပါသည်။ “ ဩော်...... အဲဒီတုန်းက ငါဆုံးဖြတ်ချက်ချခဲ့တာ မှားခဲ့ပါလား”၊ “ဒီဆုံးဖြတ်ချက်ကတော့ မှန်တယ်” ဟု ပြန်စဉ်းစားရင်း အစားထိုးမရနိုင်သည့် ကုန်လွန်ပြီးသော အချိန်များကို နှမြောတမ်းတရင်း ယနေ့လုပ်ခွင့်ရှိနေသေးသည့်အချိန်တွင် အကောင်းဆုံးဖြစ်အောင် လုပ်နိုင်သေးသည်ဟု အားတက်မိသေးသည်။

**သားတို့အတွက် အမွေ**

နောက် ဆယ်စုနှစ်တစ်ခုဆိုလျှင် သက်ပြည့်ပင်စင်စားရတော့မည်။ လုပ်သက်(၃၀)ပြည့်နှင့် သက်ပြည့်ပင်စင်ယူလျှင် မဝေးတော့။ မိမိတာဝန်ထမ်းဆောင်ခဲ့သည့် ဌာနအတွက်၊ မိမိတို့၏ ရာထူးနေရာတွင် ပခုံးပြောင်းတာဝန်ယူကြမည့် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား၊ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းငယ်လေးများအတွက်၊ မိမိ၏ သားသမီးအရင်းနှင့် အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် လူငယ်လူရွယ်များအတွက် ကောင်းမွန်သော အမွေများထားခဲ့ကြရမည်။ လက်ဆင့်ကမ်းခဲ့ကြရမည်။ စာပေဖြင့် ဖြစ်စေ၊ ပြောဆိုသင်ပြခြင်းဖြင့် ဖြစ်စေ အမှန်အမှားကို ဆင်ခြင်တုံတရားဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိအောင် လမ်းပြခဲ့ရမည် မဟုတ်လား။

**ခေတ်များကို ဖြတ်သန်းခြင်း**

စာရေးသူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)ခေတ်မှာ လူဖြစ်ခဲ့သည်။ အထက်တန်းကျောင်းသားဘဝတွင် ၈၈ အရေးအခင်းဖြစ်ခဲ့သည်။ နောက်တော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး(နဝတ)ခေတ်မှာ နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့သည်။ သည်လိုနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်မှ ယနေ့ပါတီစုံဒီမိုကရေစီခေတ်အထိ နိုင်ငံရေးအရ ကျင့်သုံးခဲ့သည့် ခေတ်များအလိုက် အုပ်ချုပ်သူအစိုးရအဖွဲ့အသီးသီး၏ ပေးအပ်သော တာဝန်များကို နိုင်ငံ့ဝန်ထမ်းပီပီ ကျေပွန်စွာထမ်းရွက်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်လား။ အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်ရေးနှင့် နိုင်ငံ၏ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ပြည်သူ့ဘဝသာယာလှပရေးအတွက်၊ နိုင်ငံတော် အေးချမ်းသာယာရေးအတွက် တတ်စွမ်းသမျှ ဖော်ဆောင်ရမည်မှာ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများမဟုတ်လား။

**အမှန်မြင်နိုင်ပါစေ**

အထက်တွင် ဘာသာတရားအဆုံးအမနှင့်လည်း စာရေးသူ စကားပလ္လင်ခံရေးသားခဲ့ပြီးဖြစ်သလို ဆောင်းပါး၏ စာကိုယ်၊ နိဂုံးတွင်လည်း အကြောင်းအကျိုး၊ အကောင်းအဆိုးတချို့ကိုလည်း မိမိဉာဏ်မီသမျှ အသိလေးဖြင့် မျှဝေရေးသားခဲ့ပြီး ဖြစ်ပါသည်။ မိမိချစ်သော ပြည်သူများ၊ လုပ်ဖော်ကိုင်ဖက် နိုင်ငံ့ဝန်ထမ်းများ၊ ခင်မင်ရင်းနှီးရသော မိတ်ဆွေများလည်း လောဘ၊ ဒေါသ၊ မောဟ၊ သောကကင်းစွာဖြင့် မေတ္တာဖြူလွှမ်း ဘေးမသန်းအေးချမ်းစေကြောင်း နေ့စဉ်ဆုမွန်ကောင်းတောင်းရင်း အမှန်မြင်နိုင်ကြပါစေဟု ရေးသားလိုက်ရပါသည်။ ။

> **ကမ္ဘာ့လူသားများအားလုံး မိမိတို့ မြန်မာနိုင်ငံသူ နိုင်ငံသားများအပါအဝင် ဘာသာတရားများ၏ အဆုံးအမနှင့်အညီ နေထိုင်ရင်း အကြောင်းအကျိုး၊ အမှန်အမှားကို ဉာဏ်မျက်စိများဖြင့် မြင်နိုင်ကြမည်ဆိုလျှင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်လိမ့်မည်ဟု စာရေးသူ တစ်ထစ်ချ ယုံကြည်ပါသည်**

“ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံတွင် တရားစစ်၊ တရားမှန်ကို ဒေသနာသုံးရပ်နှင့်အညီ ရှာဖွေနိုင်ပေသည်။ (ဒေသနာသုံးရပ်မှာ အာဏာဒေသနာ(ဝိနည်း)၊ ဝေါဟာရဒေသနာ(သုတ္တန်)နှင့် ပရမတ္ထဒေသနာ(အဘိဓမ္မာ)တစ်နည်းအားဖြင့် အဿာဒဒေသနာ=လောကီချမ်းသာတရား၊ အာဒီနဝဒေသနာ= လောကီ၏ ဆင်းရဲမှုတရားနှင့် နိဿရဏဒေသနာ=သံသရာမှ လွတ်မြောက်ရာ တရားတို့ဖြင့် ကောင်းစွာ ကျင့်သုံး၊ နေထိုင်၊ လွတ်မြောက်နိုင်သည်)

ဗုဒ္ဓ၏ တရားတော်တွင် လောကီချမ်းသာ(တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း)အတွက် ကျင့်သုံးနိုင်သော ကိုယ်ကျင့်ဆိုင်ရာ များစွာ ပါရှိ၏။ သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်များ၊ မင်္ဂလာရှစ်ပါးလာ ကောင်းစွာ အသက်မွေးနေထိုင်မှုလမ်းညွှန်များ၊ မင်းကျင့်တရားများ၊ အပရိဟာနိယတရား(မင်းလူ)ကျင့်ဝတ်များ စသည်.....” လောကုတ္တရာအတွက်ကား ဗုဒ္ဓသည် လောကဒုက္ခအပေါင်းမှ လွတ်မြောက်ရန် ကျင့်ကြံ အားထုတ်ခဲ့သည်ဖြစ်၍ စိတ်၏ငြိမ်းချမ်းမှုမှသည် ဘဝမဖြစ်သည့် (နိဗ္ဗာန်)အထိ ကျင့်ကြံပွားများ အားထုတ်အပ်သော တရားများကို လမ်းညွှန်သွန်သင်ဆုံးမဟောကြားခဲ့သည်ဖြစ်၏။

ဤမှ ပြီးပြည့်စုံသော တရားမြတ်များကို မိမိတို့၏ အဆင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်အောင် အလင်းပြပေးနေသကဲ့သို့ နိုင်ငံသားအားလုံး၊ လူသားအားလုံးအတွက် မြတ်ဗုဒ္ဓ၏ ဆုံးမစကားများပင် မဟုတ်လား။

**ဘာသာတရားများ၏ အဆုံးအမနှင့်အညီ**

လူသားတိုင်းသည် မိမိတို့၏ ယုံကြည်ရာဘာသာတရားများ၏ အဆုံးအမအောက်တွင် နေထိုင်ကြ၏။ ယုံကြည်ကိုးကွယ်ရာ ဘာသာအသီးသီး၏ အဆုံးအမ၊ လိုက်နာကျင့်ကြံရမည့်တရား၊ မေတ္တာတရားကိုယ်စီဖြင့် နိစ္စဓူဝ နေ့စဉ်လိုက်နာကျင့်သုံးကြလျှင် ဘယ်လောက်များကောင်းကြမည်နည်း။ ကမ္ဘာလောကကြီးသည်လည်း အေးချမ်းလိမ့်မည်။ ယခုတော့ ကမ္ဘာ့နိုင်ငံအချို့တွင် အယူစွဲ၊ ဝါဒစွဲ၊ လူပုဂ္ဂိုလ်အစွဲ၊ ပါတီအစွဲများကြောင့် နိုင်ငံလည်း ဖရိုဖရဲဖြစ်ကာ သောကမျက်ရည်ဝေခဲ့ကြရသည်။ ကမ္ဘာကြီး တစ်နေရာတွင် ငြိမ်းချမ်းနေသော နိုင်ငံများရှိကြသလို လောဘ၊ ဒေါသ၊ မောဟများ တောက်လောင်လျက် သောကပွားနေကြသည့် နိုင်ငံသားများလည်း ရှိကြသည်။

ဆိုရပါလျှင် ကမ္ဘာ့လူသားများအားလုံး မိမိတို့မြန်မာနိုင်ငံသူ နိုင်ငံသားများအပါအဝင် ဘာသာတရားများ၏ အဆုံးအမနှင့်အညီ နေထိုင်ရင်း အကြောင်းအကျိုး၊ အမှန်အမှားကို ဉာဏ်မျက်စိများဖြင့်

## ကျိုက်မရောမြို့နယ်၌ လူထုဖြန့်စိုက်ပျိုးရန် မန်ကျည်းပင် ၂၅၀၀၀ နှင့် အခြားပျိုးပင်များပျိုးထောင်

**ကျိုက်မရော မတ် ၈**

ကျိုက်မရောမြို့နယ်အတွင်း၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် လာမည့်မိုးရာသီကာလအတွင်း ပြည်သူလူထုဖြန့် စိုက်ပျိုးရန် အရိပ်ရနှစ်ရှည်ပင်မျိုးဖြစ်သည့် မန်ကျည်းပင် ၂၅၀၀၀ နှင့်အတူ အခြားအရိပ်ရ အပင်မျိုးစုံ ပျိုးပင်များကို လျာထားပျိုးထောင်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ကျိုက်မရောမြို့နယ်ရှိ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်အတွင်း၌ ပြီးခဲ့သည့်ဇန်နဝါရီလမှစ၍ ကျွန်းပျိုးပင် ၃၀၀၀၊ ပျဉ်းကတိုး၂၀၀၀၊ မဟော်ဂနီပင် ၃၀၀၀၊ မန်ကျည်း ၂၅၀၀၀ နှင့် ယူကလစ်ပင်၂၀၀၀ အပြင် စစ်သိမ်ပင် စသည့် ပျိုးပင်ပေါင်း စုစုပေါင်း ၃၅၀၀၀ ကို ပျိုးထောင်ထားရှိပြီး ကျိုက်မရောမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် ပင်လယ်ကမ်းနားများပြိုကျမှုထိန်းသိမ်းရေးအတွက် ပျိုးပင်များကိုလည်း လူထုဖြန့်စိုက်ပျိုးနိုင်ရန် ပျိုးထောင်ထားလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဦးထံမှ သိရသည်။

ချို့မြတ်မြတ်ထွေး(ပြန်/ဆက်)



# CDM အောင်မြင်ဖို့အတွက် လှုပ်ရှားမှုတွေရှိလာတာကြောင့် CDM လှုပ်ရှားမှုမပြုလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် ရုံးတက် / ရုံးဆင်းပြုလုပ်ကြရာမှာ လမ်းခရီးသွားရေးလာရေးတွေ အခက်အခဲဖြစ်လာခဲ့ရတယ်

ဦးမောင်အေး

နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိပြီး အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် သွေးထိုးလှုံ့ဆော်မှုများ၊ ရန်ကုန်မြို့ရှိ လမ်းအသီးသီး၌ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် နိုင်ငံ့ဝန်ထမ်းများ ရုံးတက်/ရုံးဆင်း ပြုလုပ်ကြရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ CDM လှုပ်ရှားမှုမှာ အနည်းနဲ့အများ ပါဝင်နေကြသလို တချို့နိုင်ငံ့ဝန်ထမ်းတွေလည်း ခုဆိုရင် ရုံးပြန်တက်ကြတာတွေ ရှိလာကြပါတယ်။ ဒါလည်းအမှန်၊ အမှားကို ခွဲခြားမသိနိုင်သေးတဲ့ကာလမှာ သူများ ယောင်လို့လိုက်ယောင်တဲ့သဘောလို့လည်း ပြောလို့ရတာပေါ့နော်။ လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကတော့ ကိုယ့်နိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအပေါ် လေ့လာသုံးသပ်ပြီး ပုံမှန်အတိုင်း အလုပ်ဆင်းနေကြပါတယ်။ အဲဒီတော့ ပြဿနာက ဘာရှိလာလဲဆိုတော့ တစ်ဖက်မှာ CDM အောင်မြင်ဖို့အတွက် လှုပ်ရှားမှုတွေ ရှိလာတာကြောင့် CDM လှုပ်ရှားမှုမပြုလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် ရုံးတက်/ရုံးဆင်း ပြုလုပ်ကြရာမှာ လမ်းခရီးသွားရေးလာရေးတွေ အခက်အခဲဖြစ်လာခဲ့ရတယ်။ CDM ကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်တဲ့အတွက် ခရီးသည်တင်ယာဉ်တွေဟာဆိုရင် အဆင်ပြေနိုင်မယ့် လမ်းကြိုလမ်းကြားတွေကနေ ရှောင်ရှားမောင်းနှင်လာကြရတယ်။ အကျိုးဆက်က ခရီးသည်တင်ယာဉ်အသုံးပြုစီးနင်းတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ရုံးတက်ရာမှာ ရုံးချိန်နောက်ကျတာပေါ့။ ရုံးတက်နောက်ကျတဲ့အတွက်ကြောင့် အလုပ်လစ်ဟင်းမှုတွေဖြစ်ပေါ်ပြီး အများပြည်သူအတွက် ဆောင်ရွက်နေရတဲ့ ဝန်ဆောင်မှုလုပ်ငန်းများပါ ကြန့်ကြာမှုများ ဖြစ်ပေါ်စေတာမို့ အကျိုးဆက်က ပြည်သူတွေအတွက် ထိခိုက်နစ်နာစေရတာပါပဲ" ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမောင်အေးက ပြောသည်။

မတ် ၇ ရက်ညပိုင်းကို နောက်ဆုံးထား၍ ယင်းအချိန်အထိ CDM လှုပ်ရှားမှုမပြုလုပ်ကြသော ပြည်သူများကို ပုန်ကန်သူများအဖြစ် သတ်မှတ်အရေးယူမည်ဟု ခြိမ်းခြောက်မှုများ၊ Social Bullying လုပ်မည်ဟု ခြိမ်းခြောက်မှုများ ရှိလာသည်ကိုလည်း တွေ့ရသည်။

"ဈေးရောင်းဈေးဝယ်တွေအတွက် အဆင်မပြေဖြစ်ကြရတယ်။ စောစောထ ဈေးရောင်းသွား၊ စောစောပြန် လုပ်ကြရတယ်။ ဈေးရောင်းရမယ့်အချိန်မှာ ဈေးမရောင်းရတော့ဘူး။ ဆန္ဒပြသူတွေက ပထမတုန်းကတော့ ငြိမ်းချမ်းစွာဆန္ဒပြကြတာပေါ့။ နောက်ပိုင်း တစ်ဆင့်တစ်ဆင့် တက်လာပြီး ဖျက်လိုဖျက်ဆီးပုံစံနဲ့ အကြမ်းဖက်ပုံစံလိုမျိုးတွေ လုပ်ဆောင်လာကြတယ်။ လမ်းမှာရှိတဲ့ နိုင်ငံပိုင်ပစ္စည်းမှန်သမျှကို ဖျက်ဆီးပြီး လုံခြုံရေးကို ကာကွယ်တဲ့သဘောနဲ့ အကာအရံပုံစံမျိုးလုပ်ဆောင်လာကြတယ်။ အမှန်တော့ ကျွန်မအမြင်ပြောရရင် သူတို့အကျိုးအတွက် ကာကွယ်၊ မကာကွယ်တော့ ကျွန်မမသိဘူး။ မြင်နေရတာကတော့ နိုင်ငံပိုင်ပစ္စည်းဆိုတာကလည်း ပြည်သူပိုင်ပစ္စည်းပဲလေ။ ပြည်သူပိုင်ပစ္စည်းမှန်သမျှကို ဖျက်ဆီးတဲ့သဘောလိုမျိုးဖြစ်နေတယ်။ ပြီးတော့လည်း အကာအရံတွေလုပ်ပြီး ညနေအိမ်ပြန်ကြချိန်မှာ အသုံးပြုခဲ့တဲ့ပစ္စည်းတွေကို ဒီအတိုင်းထားခဲ့တယ်။ ဒါဟာသက်သက်ဖျက်လိုဖျက်ဆီး လုပ်တယ်ဆိုတာ သိသာနေတာပဲ။ ဒီမိုကရေစီရရှိရေးသာ ကြွေးကြော်နေတာ ကိုယ်လုပ်ထားတာကို တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာ သူတို့ဆန္ဒပြတဲ့အဖွဲ့မှာ မရှိတော့ဘူး။ ဘာမှမလိုအပ်ဘူးငါတို့သဘောပဲဆိုတဲ့ ပုံစံလုပ်လာကြတာပါ"ဟု ဒေါ်စန်းရီကပြောသည်။

"စဖြစ်တုန်းက ကျွန်တော်တို့လုပ်ငန်းရှင် သူဌေးဆိုရင် ကုမ္ပဏီရုံးခန်းနဲ့ စက်ရုံကို တစ်ခါတည်းပိတ်လိုက်ရတာပေါ့။ ပြီးခဲ့တဲ့ ၃ ရက်အရင်က ရုံးမှာ အစည်းအဝေးလုပ်တယ်။ လုပ်ငန်းရှင်သူဌေးကတော့ အလုပ်ဆက်ပြီးနားရမယ်ပြောတယ်။ ကိုယ်တွေအလုပ်က မီဒီယာလုပ်ငန်းလိုမျိုးဆိုတော့ ပုံနှိပ်လုပ်ငန်းအပါအဝင် စာအုပ်နဲ့ပြက္ခဒိန်တွေ ထုတ်ဝေတယ်။ ပန်းဖလက်(ဖ်)လည်း ထုတ်တယ်။ ဝန်ထမ်းအင်အားက ကုမ္ပဏီရုံးခန်းနဲ့ စက်ရုံပေါင်းဆိုရင် ၁၀၀ နီးပါးလောက်ရှိပြီး ဆန္ဒပြတာတွေ ဖြစ်ပေါ်နေတာကြောင့် ဖေဖော်ဝါရီလအတွက် လုပ်ခလစာကို လုပ်ငန်းရှင်သူဌေးက လုပ်ခလစာအပြည့် မရှင်းပေးတော့ဘဲ လူ ၁၀၀ လုံးရဲ့အကျိုးခံစားခွင့်ရရှိမယ့် လုပ်ခလစာတစ်လစာရဲ့ ၇၀ ရာခိုင်နှုန်းကိုပဲ အဲဒီနေ့က လစာထုတ်ပေးလိုက်တယ်။ နောက်ပိုင်းဆိုရင် လုပ်ခလစာက လုပ်အားခရဲ့ ၅၀ ရာခိုင်နှုန်းအထိပဲ ရမယ့်ပုံစံဖြစ်လာနိုင်တယ်။ ဘာလို့လဲဆိုတော့ ကိုဗစ်ကာလတုန်းကလည်း လုပ်ခလစာက ဒီတိုင်းပဲရခဲ့တာလေ။ လုပ်ငန်းတွေက ရပ်တန့်နေတာဆိုတော့ အလုပ်အပ်မယ့်သူတွေကလည်း ကြော်ငြာဘုတ်လုပ်ငန်းကို ကျွန်တော်တို့ဆီမှာ လာမအပ်ကြတော့ဘူးလေ။ ကျွန်တော့်အထင်ပြောရရင် အလုပ်တွေလည်ပတ်ပြီဆိုရင်တောင်မှ တစ်လနှစ်လလောက်နေပြီးတော့မှ ကိုယ်တွေဆီမှာ အလုပ်လာအပ်နိုင်တော့မယ့်သဘောရှိတယ်။ အဲဒီတော့ အကျိုးဆက်က ကျွန်တော်တို့လို လုပ်ခလစာနဲ့ အလုပ်လုပ်ကိုင်ကြတဲ့သူတွေအတွက် အခက်အခဲဖြစ်လာစေရတယ်။ ရှေ့ဆက်ပြီး နိုင်ငံရေးအခြေအနေမကောင်းရင်တော့ လုပ်ငန်းရှင်သူဌေးတွေအနေနဲ့ သူတို့လုပ်ငန်းတွေကို ရပ်နားထားကြမှာပဲလေ။ လုပ်ငန်းရပ်နားတယ်ဆိုတာထက်ကို ဝန်ထမ်းတွေအတွက် နစ်နာကြေးဆိုပြီး သုံးလစာလောက်ရှင်းပေးပြီး အလုပ်ကို အပြီးရပ်နားလိုက်နိုင်တယ်။ ဖြစ်လာနိုင်တဲ့ အကျိုးဆက်ပေါ့နော်။ နောက်ပိုင်း နိုင်ငံတည်ငြိမ်အေးချမ်းသွားပြီဆိုရင်တော့ ကျွန်တော်တို့လည်း အလုပ်ပြန်လာဆင်းကြပေါ့။ ဒါမျိုးဖြစ်လာနိုင်တဲ့ သဘောရှိတယ်"ဟု ရန်ကုန်မြို့ရှိ ကုမ္ပဏီဝန်ထမ်း ကိုရန်နောင်က ပြောသည်။

"အဲဒီတော့ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးလိုတယ်ဆိုတာကလည်း ပြည်သူနဲ့ပဲ သက်ဆိုင်နေတာဆိုတော့ ဘယ်အရာပဲလုပ်လုပ် စဉ်းစားချင့်ချိန်ပြီး လုပ်ဆောင်ကြဖို့တော့ လိုအပ်လိမ့်မယ်လို့ထင်တယ်။ လောလောဆယ်အကျိုးဆက်က အခြေခံလူတန်းစားပြည်သူတွေ အလုပ်လက်မဲ့ဖြစ်လာကြရပြီး ဝင်ငွေမရှိတဲ့အပြင် စုဆောင်းထားတာတွေကိုပါ ထုတ်သုံးကြရတာဆိုတော့ တဖြည်းဖြည်း လုံးပါးပါးလာပြီး စားဝတ်နေရေးပါ အခက်အခဲဖြစ်လာကြရတယ်"ဟု ကိုရန်နောင်က ပြောသည်။

လက်ရှိ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်ရန်အတွက် ဆောင်ရွက်ပေးထားရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များအား နိုင်ငံပိုင်သတင်းစာများတစ်ဆင့် အသိပေးထုတ်ပြန်ထားကြောင်းလည်း သိရသည်။

မောင်စိန်ဝင်း

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

# မမှန်ကန်တဲ့သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မဖြစ်သင့်တာတွေမဖြစ်ရအောင် အချိန်မီ ဆောင်ရွက်ပေးပါ

**အယ်ဒီတာခင်ဗျာ...**

ကျွန်တော်ကတော့ လုပ်သက် ၃၁ နှစ်ရှိပြီး အငြိမ်းစားယူဖို့လည်း နီးကပ်နေပြီဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။

လတ်တလောဖြစ်ပျက်နေတဲ့ အရေးအခင်းများကို နေ့စဉ်နှင့်အမျှ မြင်နေရကြားနေရတာကြောင့် စိတ်နှလုံးမချမ်းမြေ့ရတာ အမှန်ပါဆရာ။

အထူးသဖြင့် မရင့်ကျက်သေးတဲ့ ဘာမှမသိသေးတဲ့ ကျောင်းသားအရွယ်လူငယ်တွေကို မသမာသူ လူတစ်စုက သွေးထိုးမြှောက်ပင့်ပြီး အသုံးချနေတာကို မြင်ရလို့ ပိုလို့စိတ်မချမ်းမသာ ဖြစ်ရပါတယ်။ သားသမီးချင်း ကိုယ်ချင်းစာမိတဲ့အတွက် အချိန်မတိုင်ခင် ကြွေလွင့်သွားတဲ့ အသက်ပေါင်းများစွာအတွက်လည်း ရင်ထုမနာဖြစ်ရပါတယ်ဆရာ။ သူတို့နေရာမှာ ကိုယ့်သားကိုယ့်သမီးများသာ ဖြစ်ခဲ့ကြမယ်ဆိုရင်ဆိုတဲ့အတွေးနဲ့တင် ဆက်မတွေးရဲအောင် ဝမ်းနည်းရပါတယ်ခင်ဗျာ။

အပြစ်မရှိတဲ့၊ ဖြူစင်တဲ့ လူငယ်တွေရဲ့ခေါင်းထဲကို မသမာသူတွေက သူတို့နေရာတစ်ခုရဖို့အတွက် လှုံ့ဆော်သွေးထိုးပြီး မမှန်ကန်တဲ့ လုပ်ရပ်တွေလုပ်ဖို့ ရိုက်သွင်းထားတာမို့ ခုလို မမြင်ရက်မကြားရက်တဲ့ မြင်ကွင်းတွေကို နေ့တိုင်း မြင်နေရတာပဲဖြစ်ပါတယ်။ နိုင်ငံရေးအတွေ့အကြုံမရှိတဲ့ နုနယ်တဲ့ လူငယ်လေးတွေဟာ မသမာသူတွေရဲ့ လှုံ့ဆော်မှုတွေကို နားယောင်ပြီး တဖြည်းဖြည်းလမ်းမှားရောက်သထက်ရောက်လာရပါတယ်ဆရာ။

အထူးသဖြင့် အမြဲတမ်းဝန်ထမ်းမဟုတ်ကြတဲ့ နေ့စားလေးတွေ၊ ရုံးအကူလေးတွေဟာ အမှားအမှန်မခွဲခြားနိုင်ဘဲ CDM ထဲ ပါဝင်နေကြတာကိုမြင်ရတော့ စိတ်မကောင်းဖြစ်မိတယ်ဆရာ။

အခုချိန်မှာ အလုပ်တစ်ခုရရှိဖို့ သိပ်ပြီးမလွယ်ကူကြတာမို့ ကိုယ့်မှာရှိနေတဲ့အလုပ်လေးကို မပင်မပန်းနဲ့ သက်သက်သာသာ လစာရနေတာကို တန်ဖိုးမထားချင်ကြဘူးဆရာ။

မသမာသူတွေရဲ့ သိမ်းသွင်းမှုနောက်လိုက်ပါပြီး ဆန္ဒပြတယ်။ ပြီးရင် လူမှုကွန်ရက်ပေါ် ဂုဏ်ယူဝင့်ကြွားစွာ တင်ကြတယ်။ ရုံးပေါင်းစုံ၊ ဌာနပေါင်းစုံရှေ့မှာ ထိုင်သပိတ် လုပ်တယ်။

ကိုယ့်လက်ရှိအလုပ်ကျတော့ မသွားဘူး။ ဒီလိုလုပ်နေရတာကို ဝန်ထမ်းငယ်လေးတွေက ဂုဏ်ယူနေကြတယ်ဆရာ။ ဒါဟာ အလွန်လွဲချော်တဲ့ အတွေးအခေါ်ပဲလို့ ကျွန်တော်ထင်မိပါတယ်။

ဒါကြောင့်မို့ ဌာနပေါင်းစုံကရုံးဝန်ထမ်းတွေအားလုံး မဖြစ်သင့်တာတွေမဖြစ်ရအောင် အချိန်မီဆောင်ရွက်ပေးနိုင်ဖို့အတွက် ရင်ဖွင့်လိုက်ရပါတယ် ဆရာခင်ဗျား။

**နိုင်ငံ့ဝန်ထမ်းတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးမှုမြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၉၀၆၀၂ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၇၆၃၀၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၈၅၃၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၉၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၄၇၇၂ ဦး ဖြစ်သည်။

၃။ မဲစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### ပုသိမ်ကြီးမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲရုံပေါင်း ၁၃၉ ရုံ | ၁၉၀၆၀၂ | ၁၇၆၃၀၅ | ၁၈၅၃၇ | ၇၉၄ | ၁၄၇၇၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် မဲရုံပေါင်း ၁၃၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၁၈၃၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၅၅၅၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မဲလက်မှတ် အပို/ အလိုများတွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၈၂၃၉ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုနေသော ဆန္ဒမဲလက်မှတ် ၁၅၄၀ ကို တွေ့ရှိရသည်။ မဲလက်မှတ်များနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

### ပုသိမ်ကြီးမြို့နယ်၏ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၉၆၉၀၀ | ၁၄၄၉၀၅ | ၅၁၉၉၅ | ၄၅၁၅၇ | ၈၂၃၉ | ၁၄၀၁ |
| ၂ | မြို့နယ်ကြိုတင်မဲ လက်မှတ် | ၆၃၉ | ၆၅၄ | | - | - | ၁၅ |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၄၂၉၉ | - | ၄၂၉၉ | ၄၄၂၃ | - | ၁၂၄ |
| စုစုပေါင်း | | ၂၀၁၈၃၈ | ၁၄၅၅၅၉ | ၅၆၂၉၄ | ၄၉၅၈၀ | ၈၂၃၉ | ၁၅၄၀ |

၆။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ထုတ်ပေးစာရင်းအရ မြို့နယ်အရန်လက်ကျန်နှင့် မဲရုံ ၁၃ ရုံ တို့တွင် အပိုတွေ့ရှိရသဖြင့် မဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရပါသည်။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

### ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက် အပို/ပျောက်ဆုံးဆန္ဒမဲလက်မှတ် အသုံးပြုမှုစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ အရေ အတွက် | ထုတ်ပေး ရွက်ရေ | အသုံးပြု | လက်ကျန် | ပျောက်ဆုံး | အပို | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | မြို့မရပ်ကွက် | ၆ | ၁၀၈၅၀ | ၈၁၁၇ | ၂၇၅၀ | | ၁၇ | |
| ၂ | ရေထွက် | ၄ | ၇၂၅၀ | ၅၄၆၉ | ၂၃၁၀ | | ၅၂၉ | |
| ၃ | ရန်ကင်းတောင် | ၄ | ၆၀၀၀ | ၄၃၅၇ | ၁၄၀၂ | ၂၄၁ | | |
| ၄ | ရေကြည် | ၃ | ၃၅၀၀ | ၂၃၁၆ | ၈၄၀ | ၃၄၄ | | |
| ၅ | သမ္မတော | ၂ | ၅၇၀၀ | ၄၁၅၉ | ၁၄၂၄ | ၁၁၇ | | |
| ၆ | တိုတက်ကုန်း | ၂ | ၂၈၅၀ | ၂၀၂၇ | ၃၂၅ | ၄၉၈ | | |
| ၇ | ဘန့်တင် | ၁ | ၆၀၀ | ၄၂၀ | ၈၀ | ၁၀၀ | | |
| ၈ | လက်သစ် | ၁ | ၇၅၀ | ၅၄၃ | ၅၇ | ၁၅၀ | | |
| ၉ | အိုင်ကြီး | ၂ | ၂၆၅၀ | ၂၁၉၆ | ၆၃၄ | | ၁၈၀ | |
| ၁၀ | သလဲကုန်း | ၂ | ၃၁၅၀ | ၂၅၅၇ | ၂၈၀ | ၃၁၃ | | |
| ၁၁ | ကျောက်မီး | ၃ | ၃၂၀၀ | ၂၄၅၀ | ၆၅၄ | ၉၆ | | |
| ၁၂ | ငွေတောင် | ၃ | ၄၁၀၀ | ၃၃၁၇ | ၇၉၄ | | ၁၁ | |
| ၁၃ | ဆည်တော် | ၂ | ၂၅၀၀ | ၁၇၉၂ | ၆၉၀ | ၁၈ | | |
| ၁၄ | ကြူဝန်း | ၂ | ၂၂၀၀ | ၁၅၃၂ | ၅၇၅ | ၉၃ | | |
| ၁၅ | အုန်းချော | ၈ | ၁၇၆၅၀ | ၁၂၄၅၆ | ၄၁၄၄ | ၁၀၅၀ | | |
| ၁၆ | ရွှေစာရံ | ၃ | ၇၉၅၀ | ၅၈၀၉ | ၁၈၈၀ | ၂၆၁ | | |
| ၁၇ | နှမ်းကြီး | ၂ | ၂၅၅၀ | ၂၁၀၄ | ၄၉၆ | | ၅၀ | |
| ၁၈ | ရှင်တော်ကုန်း | ၄ | ၆၂၀၀ | ၃၉၂၀ | ၁၅၀၀ | ၇၈၀ | | |
| ၁၉ | အောင်ချမ်းသာ | ၄ | ၆၃၀၀ | ၄၄၇၉ | ၁၆၈၂ | ၁၃၉ | | |
| ၂၀ | နန္ဒာ | ၄ | ၃၇၅၀ | ၃၀၀၄ | ၆၉၀ | ၅၆ | | |
| ၂၁ | ကြာနီကန် | ၁ | ၂၂၀၀ | ၁၄၆၅ | ၂၈၅ | ၄၅၀ | | |
| ၂၂ | ကောင်းမွန် | ၂ | ၁၄၅၀ | ၁၁၀၃ | ၂၁၁ | ၁၃၆ | | |
| ၂၃ | ဒဟတ်တော | ၅ | ၇၆၅၀ | ၆၀၅၉ | ၁၈၃၀ | | ၂၃၉ | |
| ၂၄ | ကံကြီး | ၁ | ၁၁၀၀ | ၈၆၇ | ၂၄၆ | | ၁၃ | |
| ၂၅ | ကန်ပြင် | ၂ | ၁၆၀၀ | ၁၃၁၈ | ၃၁၅ | | ၃၃ | |
| ၂၆ | အင်ဂျင် | ၂ | ၂၀၀၀ | ၁၅၈၅ | ၃၁၅ | ၁၀၀ | | |
| ၂၇ | မင်းကန် | ၃ | ၂၆၅၀ | ၂၃၅၃ | ၂၉၄ | ၃ | | |
| ၂၈ | ဘုတ် | ၂ | ၁၅၀၀ | ၁၂၄၂ | ၂၇၂ | | ၁၄ | |
| ၂၉ | ဆင်ဘွတ် | ၂ | ၁၇၅၀ | ၁၄၃၅ | ၂၉၈ | ၁၇ | | |
| ၃၀ | ကျွဲရေကုန်း | ၁ | ၁၈၀၀ | ၁၁၇၀ | ၇၇၇ | | ၁၄၇ | |
| ၃၁ | ဆင်ရွာကြီး | ၃ | ၄၄၅၀ | ၃၁၅၀ | ၁၀၀၀ | ၃၀၀ | | |
| ၃၂ | နေရဥ္စယျ | ၂ | ၂၇၅၀ | ၂၃၂၈ | ၄၄၃ | | ၂၁ | |
| ၃၃ | ငြိမ်းချမ်းသာဓံ | ၂ | ၂၁၀၀ | ၁၆၄၆ | ၄၅၃ | ၁ | | |
| ၃၄ | မနောမယ | ၃ | ၂၉၅၀ | ၂၂၆၅ | ၃၈၅ | ၃၀၀ | | |
| ၃၅ | ရွာသစ် | ၂ | ၁၄၅၀ | ၉၉၄ | ၅၆ | ၄၀၀ | | |
| ၃၆ | ပေါက်မြိုင် | ၄ | ၅၀၀၀ | ၃၅၄၆ | ၁၄၀၅ | ၄၉ | | |
| ၃၇ | ဒုန်းကုန်း | ၁ | ၃၀၀ | ၂၁၅ | ၃၅ | ၅၀ | | |
| ၃၈ | အာလောင် | ၁ | ၈၅၀ | ၅၉၀ | ၁၁၀ | ၁၅၀ | | |
| ၃၉ | ပုဂံတပ် | ၁ | ၈၀၀ | ၇၄၉ | ၈၃ | | ၃၂ | |
| ၄၀ | ဘိုးလှကုန်း | ၂ | ၂၂၅၀ | ၁၈၀၃ | ၃၉၇ | ၅၀ | | |
| ၄၁ | ဂျိုင့်ကြီး | ၁ | ၇၅၀ | ၆၁၉ | ၈၁ | ၅၀ | | |
| ၄၂ | သရက်တပင် | ၄ | ၃၇၅၀ | ၃၂၄၃ | ၆၂၂ | | ၁၁၅ | |
| ၄၃ | ဟင်းရွက်စု | ၁ | ၁၁၀၀ | ၉၂၄ | ၂၆ | ၁၅၀ | | |
| ၄၄ | ဇီးချိုကုန်း | ၂ | ၂၅၀၀ | ၁၇၈၈ | ၅၇၈ | ၁၃၄ | | |
| ၄၅ | မဲကင်းကုန်း | ၄ | ၁၀၃၅၀ | ၆၈၀၂ | ၃၀၅၀ | ၄၉၈ | | |
| ၄၆ | နန်းဦးလွင် | ၇ | ၁၅၉၅၀ | ၉၂၂၂ | ၅၅၈၃ | ၁၁၄၅ | | |
| မဲရုံ+ရပ်ကျေးပေါင်း | | | ၁၈၀၇၀၀ | ၁၃၁၅၀၅ | ၄၂၃၅၇ | ၈၂၃၉ | ၁၄၀၁ | |
| မြို့နယ်ကြိုတင် | | | ၆၃၉ | ၆၅၄ | | | ၁၅ | |
| မြို့နယ်လက်ကျန် | | | ၄၂၉၉ | | ၄၄၂၃ | | ၁၂၄ | |
| စုစုပေါင်း | | | ၁၈၅၆၃၈ | ၁၃၂၁၅၉ | ၄၆၇၈၀ | ၈၂၃၉ | ၁၅၄၀ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံရေးယဉ်ကျေးမှု

ပိုက်တင်

တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကို စနစ်တကျဖိဖိစီးစီးကြိုးစားလုပ်ကိုင်တာက နိုင်ငံရေးစနစ်ကောင်းတစ်ရပ် အမှန်တကယ် အခိုင်အမာအမြစ်တွယ်ပြီး ကောင်းစွာရှင်သန်ဖွံ့ထွားလာရေးအတွက် အင်မတန်မှ အခြေခံကျတယ်ဆိုတဲ့သဘောတရားကို မေ့မထားကြဖို့ သတိပေးနှိုးဆော်တာ ဖြစ်ပါတယ်။ တိုင်းပြည်တည်ဆောက်ရေး (Nation Building)နဲ့ နိုင်ငံတော်တည်ဆောက်ခြင်း(State Building)ကို တစ်ပြိုင်နက်တည်း လုပ်ကိုင်ကြဖို့ လိုအပ်တယ်ဆိုတာကိုတော့ အထူးတလည်ပြောမနေလိုတော့ပါဘူး။ ဒီနှစ်ခုကြား ကွဲပြားခြားနားချက်တွေကိုလည်း နိုင်ငံရေးကို အမှန်တကယ်စိတ်ဝင်စားသူတိုင်း သိနိုင်တာကြောင့်ရယ်၊ ဆောင်းပါးရဲ့ ဦးတည်ချက်နဲ့လည်း မသက်ဆိုင်တာကြောင့်ရယ် အများကြီးပြောမနေတော့ပါဘူး။ တိုင်းပြည်တည်ဆောက်ရေးဆိုတာက နိုင်ငံတစ်ခုရဲ့ အမျိုးသားရေးလက္ခဏာရပ်တွေကို ခိုင်မာပီပြင်အောင်၊ ခေတ်ရေစီးကြောင်းနဲ့လည်း ကိုက်ညီပြီး ကိုယ့်တိုင်းပြည်ရဲ့ နဂိုမူလတန်ဖိုးတွေလည်း မပျောက်ပျက်ရအောင် ထိန်းသိမ်းတည်ဆောက်တာဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ခြင်းဆိုတာက နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေကို တောင့်တင်းသည်ထက် တောင့်တင်းအောင် တည်ဆောက်တာလို့ အကြမ်းဖျင်း ပြောလို့ရပါတယ်။

### နိုင်ငံတစ်ခုရဲ့တန်ဖိုး

တိုင်းပြည်တည်ဆောက်ရေးဆိုတာက နိုင်ငံတစ်ခုရဲ့တန်ဖိုး (Value) တွေကို အရည်အသွေးကောင်းသည်ထက်ကောင်းအောင် တည်ဆောက်တာ ဖြစ်ပါတယ်။ တန်ဖိုးတွေဆိုတဲ့အထဲမှာ နိုင်ငံသားတွေရဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အဆင့်အတန်းတွေ၊ အမျိုးသားရေးစရိုက်လက္ခဏာ (National Identity)စတာတွေ အကျုံးဝင်ပါတယ်။ အမျိုးသားရေး စရိုက်လက္ခဏာတို့၊ အမျိုးသားအကျိုးစီးပွား (National Interest) တို့အကြောင်းပြောလိုက်ရင်ဒီမိုကရေစီယဉ်ကျေးမှုကောင်းကောင်း အမြစ်မတွယ်သေးတဲ့ တိုင်းပြည်တွေမှာ ဒါဟာ အမျိုးသားရေးဝါဒ လွန်ကဲလိုမှုလို့ပဲ ခပ်တိမ်တိမ် ယူဆလေ့ရှိတတ်ပါတယ်။ ဒီလိုယူဆတာကပဲ ဒီမိုကရေစီအမှန်တကယ်ဖြစ်ထွန်းဖို့ ကြီးစွာသော အဟန့်အတားကြီးတစ်ခု ဖြစ်နေတတ်ပြန်တာကိုလည်း သတိပြုသင့်ပါတယ်။ အမျိုးသားရေးစရိုက်လက္ခဏာတို့၊ အမျိုးသားအကျိုးစီးပွားတို့ဆိုတာဟာ နိုင်ငံတိုင်းရဲ့အခြေခံအကျဆုံး အကြောင်းတရားတွေအဖြစ် ကောင်းစွာ အကျုံးဝင်နေတယ်ဆိုတာကိုလည်း နားလည်ဖို့ လိုအပ်ပြန်ပါသေးတယ်။ ဗြိတိန်နိုင်ငံသားတွေနဲ့ ဗြိတိန်အစိုးရအတွက် နံပါတ်တစ် ဦးစားပေးက ဗြိတိန်နိုင်ငံရဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေနဲ့ ဗြိတိန်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားသာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအတွက်လည်း ဒီနည်းလည်းကောင်းဖြစ်သလို တခြားဘယ်နိုင်ငံမဆို ဒီသဘောတရားအတိုင်းသာ ဖြစ်ပါတယ်။ ဒီအကြောင်းခြင်းရာတွေကို အလေးအနက်မထားချင်ဘူး၊ မကာကွယ်မတည်ဆောက်ချင်ဘူးဆိုရင် အဲဒီနိုင်ငံဟာ သေချာပေါက် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုစတာတွေမှာ လုံးပါးပါးတာပါပဲ။ အောက်တန်း၊ နောက်တန်းကျလာမှာဖြစ်ပြီးတော့ အခြားနိုင်ငံတွေက တစ်နည်းမဟုတ်တစ်နည်း အမြတ်ထုတ်တာကို အနည်းနဲ့ အများခံရတာပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒီမိုကရေစီစနစ်တည်ဆောက်ကြရတာကိုက အမျိုးသားရေးလက္ခဏာတွေ တောင့်တင်းခိုင်မာရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ကောင်းမွန်စွာ ဖြစ်ထွန်းနိုင်စေရေးအတွက် အကောင်းဆုံးသော နိုင်ငံရေးစနစ် ဖြစ်နေတာကြောင့်လို့ ယူဆနိုင်ပါတယ်။

တိုင်းပြည်တည်ဆောက်ရေးကို ဆောင်ရွက်ကြရာမှာ ဒီမိုကရေစီစနစ်နဲ့လည်း ကိုက်ညီပြီး စောစောကပြောတဲ့ တန်ဖိုးတွေကိုလည်း လိုက်လျောညီထွေရှိအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်မှသာ ဒီမိုကရေစီနိုင်ငံရေးစနစ်နဲ့လည်း သဟဇာတဖြစ်ပြီး အမျိုးသားရေးလက္ခဏာတွေလည်း မပျောက်မပျက်ဘဲနဲ့ ရေရှည်အာမခံချက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်တည်ဆောက်ရေးကို အကောင်အထည်ဖော်တဲ့အခါမှာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးစေဖို့ကော တိုင်းပြည်ရဲ့ နဂိုမူလတန်ဖိုးတွေကို မြှင့်တင်နိုင်ရေးပါ နှစ်ခုစလုံးကို အာရုံစိုက်ကြပြီးတော့ အသင့်တော်ဆုံးဖြစ်တဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာရေးကို ရည်မှန်းကြဖို့ပဲ ဖြစ်ပါတယ်။

> **တိုင်းပြည်တည်ဆောက်ရေးကို ဆောင်ရွက်ကြရာမှာ ဒီမိုကရေစီစနစ်နဲ့လည်း ကိုက်ညီပြီး စောစောကပြောတဲ့ တန်ဖိုးတွေကိုလည်း လိုက်လျောညီထွေရှိအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်မှသာ ဒီမိုကရေစီနိုင်ငံရေးစနစ်နဲ့လည်း သဟဇာတဖြစ်ပြီး အမျိုးသားရေးလက္ခဏာတွေလည်း မပျောက်မပျက်ဘဲနဲ့ ရေရှည်အာမခံချက် ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်တည်ဆောက်ရေးကို အကောင်အထည် ဖော်တဲ့အခါမှာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးစေဖို့ကော တိုင်းပြည်ရဲ့ နဂိုမူလ တန်ဖိုးတွေကို မြှင့်တင်နိုင်ရေးပါ နှစ်ခုစလုံးကို အာရုံစိုက်ကြပြီးတော့ အသင့်တော်ဆုံး ဖြစ်တဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာရေးကို ရည်မှန်းကြဖို့ပဲဖြစ်။**

နိုင်ငံတိုင်းမှာ မတူညီတဲ့တန်ဖိုးတွေရှိနေတယ်ဆိုတာကို လက်ခံကြရပါလိမ့်မယ်။ နဂိုရှိရင်းစွဲတန်ဖိုးတွေကို ပုံပျက်ပန်းပျက် အဖြစ်ခံမယ်ဆိုရင်၊ တစ်နည်းအားဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ဖို့ မေ့လျော့နေကြမယ်ဆိုရင် ဒီတန်ဖိုးတွေနဲ့လိုက်လျောညီထွေရှိတဲ့ နိုင်ငံရေးစနစ်ပုံစံ၊ စီးပွားရေးစနစ်ပုံစံကို တည်ဆောက်ဖို့ မကြိုးစားဘဲ မတော်တဲ့ဝတ်စုံအတင်းဝတ်သလို အခြားတစ်နေရာမှာ အောင်မြင်နေတဲ့ ပုံစံတစ်ခုခု၊ စနစ်တစ်ရပ်ရပ်ကို ဇွတ်အတင်းသွတ်သွင်းမယ်ဆိုရင် ကိုယ့်နဂိုတန်ဖိုးတွေလည်း ထိခိုက်ပျက်စီးမှာဖြစ်သလို နိုင်ငံရေး၊ စီးပွားရေးစနစ်အသစ်ကိုလည်း အောင်မြင်အောင်တည်ဆောက်လို့ ဘယ်လိုမှ မရနိုင်ပါဘူး။

ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့နိုင်ငံရေးယဉ်ကျေးမှု ရေခံမြေခံကိုရရှိဖို့ ကိုယ့်တိုင်းပြည်တည်ဆောက်ရေးကို နည်းစနစ်တကျ လုပ်ကိုင်ရမယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တိုင်းပြည်တစ်ခုရဲ့ ရှိရင်းစွဲတန်ဖိုးတွေကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် တည်ဆောက်တာက ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ နိုင်ငံရေးယဉ်ကျေးမှု ရေခံမြေခံကို တည်ဆောက်ရာလည်း ကျတယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ ဥပမာအားဖြင့် လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာ စည်ပင်ဝပြောစေရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗြဟ္မစိုရ်တရားလေးပါး (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ)ကို ပါးစပ်ပြောမဟုတ်ဘဲ၊ ဟန်ပြသက်သက်မဟုတ်ဘဲ လူအများရဲ့ စိတ်နေသဘောထားတွေအတွင်း အမှန်တကယ် နက်နက်ရှိုင်းရှိုင်းကိန်းဝပ်စေရေးကို ဆောင်ရွက်နိုင်ရင် ဒါဟာ တိုင်းပြည်ကိုကောင်းအောင် တစ်ဖက်ကတည်ဆောက်တာဖြစ်သလို တစ်ဖက်မှာလည်း ဒီမိုကရေစီစနစ်နဲ့ အံဝင်ခွင်ကျဖြစ်တဲ့ နိုင်ငံသားတို့ ထားရှိအပ်သော စိတ်နေသဘောထား (Democratic Attitude) ကို ခိုင်မာအောင် တည်ဆောက်ပေးတာလည်း ဖြစ်တယ်။ ဒါကို ဒီမိုကရေစီနဲ့ အံဝင်ခွင်ကျဖြစ်စေမယ့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် အမြစ်တွယ်နိုင်စေရေး ဦးတည်တဲ့လုပ်ဆောင်ချက်ဖြစ်တယ်လို့လည်း မှတ်ယူလို့ရနိုင်ပါတယ်။

စပါးပင်စိုက်ဖို့အတွက် စပါးပင် ရှင်သန်ဖွံ့ဖြိုးနိုင်မယ့် ရေခံမြေခံမျိုးရှိဖို့လိုသလို စပျစ်သီးစိုက်ဖို့အတွက် စပျစ်ပင်ရှင်သန်ဖွံ့ဖြိုးနိုင်တဲ့ ရေခံမြေခံကို ရွေးချယ်ရပါတယ်။ စပျစ်ပင်စိုက်မယ့် ရေခံမြေခံမှာ စပါးပင်စိုက်ဖို့ကြိုးစားရင် ဘာအကျိုးမှဖြစ်ထွန်းစရာအကြောင်းမရှိပါဘူး။ ဒီမိုကရေစီစနစ်အတွက် အကောင်းဆုံး ရေခံမြေခံဖြစ်တဲ့ ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုကို မဖြစ်မနေပျိုးပြင်ဖန်တီးကြဖို့ ဖြစ်ပါတယ်။ နိုင်ငံအများအပြားမှာ ဒီမိုကရေစီစနစ် တည်ထောင်တဲ့အခါ အောင်မြင်ခြင်း၊ ကျရှုံးခြင်းဆိုတာဟာ နိုင်ငံရေး၊ ယဉ်ကျေးမှုကို ဒီမိုကရေစီစနစ်နဲ့ အံဝင်ခွင်ကျဖြစ်အောင် ပြုပြင်နိုင်တာ၊ မပြုပြင်နိုင်တာနဲ့ တိုင်းပြည်တည်ဆောက်ရေးကို အလေးထားတာ၊ မထားတာအပေါ်မှာပဲ လုံးလုံးတည်မှီတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

### နိုင်ငံရေးယဉ်ကျေးမှုဖြစ်

တိုင်းပြည်တည်ဆောက်ရေးဖြစ်စဉ် (The Process of Nation Building) ဆိုတာကတော့ နိုင်ငံသားတွေအားလုံးမှာ တူညီတဲ့ ဝိသေသ (Common Identity) ဖြစ်ပေါ်စေရေးအတွက် တိုင်းပြည်ချစ်မှု (Patriotism)နဲ့ သွေးစည်းညီညွတ်မှု (Solidarity) ကို ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားတည်ဆောက်တာကို ဆိုလိုပါတယ်။ အဓိကဦးတည်ချက်ကတော့ အမျိုးသားညီညွတ်ရေး (National Unity)နဲ့ အဲဒီညီညွတ်ရေးကို ကောင်းစွာအခြေခံတဲ့ ပေါင်းစည်းညီညွတ် သဟဇာတမျှတစွာ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်း (Integrated, Developed Society) ဖြစ်ပေါ်လာနိုင်ရေးပဲ ဖြစ်ပါတယ်။ တိုင်းပြည်တည်ဆောက်ရေးဆိုတဲ့ စကားရပ်ဟာ အနောက်တိုင်းမှာ လူ့အဖွဲ့အစည်းတွေမှာ စတင်ခေတ်စားလူကြိုက်များခဲ့တဲ့ Nation Building ဆိုတဲ့ စိတ်ကူးစိတ်သန်း (Concept) ကို အခြေခံခဲ့တာဖြစ်ပြီး အချို့သော သဘောတရားရေးမကျေညက်သူ၊ နိုင်ငံရေးပြောဆိုသူတွေ စွပ်စွဲသလို ဒီမိုကရေစီနဲ့ ဝေးကွာရေးကြိုးပမ်းချက်ဆိုတာ လုံးဝမှားယွင်းတဲ့ ယူဆချက် ဖြစ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးနဲ့ တိုင်းပြည်တည်ဆောက်ရေးကို တစ်ပြိုင်နက်တည်း အားသွန်ခွန်စိုက်မလုပ်ကြဘဲနဲ့ ဒီမိုကရေစီဖြစ်ထွန်းဖို့ဆိုတာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရှိနေတိုင်း၊ ရွေးကောက်ပွဲတွေ ပုံမှန်ကျင်းပနေတိုင်း၊ နိုင်ငံသားတွေ လွတ်လပ်စွာ မဲပေးခွင့်ရနေတိုင်း ဖြစ်နိုင်တဲ့ကိစ္စ လုံးဝမဟုတ်ပါဘူး။ နိုင်ငံတော်အပေါ်မှာ၊ နိုင်ငံရေးစနစ်အပေါ်မှာ၊ လွတ်လပ်ခွင့်အပေါ်မှာ၊ နိုင်ငံသားရဲ့ တာဝန်တွေနဲ့ အခွင့်အရေးတွေအပေါ်မှာ နိုင်ငံသားတွေ အားလုံးကတော်တည့်မှန်ကန်တဲ့ သဘောထားတွေ ထားရှိနိုင်ရေး၊ တစ်နည်းအားဖြင့် အဆင့်မီတဲ့ နိုင်ငံရေးယဉ်ကျေးမှု ဖြစ်တည်လာနိုင်ရေးအတွက် တိုင်းပြည်တည်ဆောက်ရေးကို စနစ်တကျကြိုးစားလုပ်ဆောင်နိုင်ကြမှသာ ဒီမိုကရေစီစနစ်ဆိုတာ မှန်မှန်ကန်ကန် ဖြစ်ထွန်းလာနိုင်မှာ ဖြစ်ပါတယ်။ ရေရှည်တည်တံ့ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးရဲ့ ကောင်းကျိုးချမ်းသာကို အပြည့်အဝလွှမ်းခြုံတဲ့၊ ငြိမ်းချမ်းသာယာဝပြောရေးကို အပြည့်အဝ အာမခံချက်ပေးနိုင်တဲ့ နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းနိုင်မှာဖြစ်ပါတယ်။

ဒီတော့ တိုင်းပြည်တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်တစ်ရပ် (Political Orientation) မှန်မှန်ကန်ကန် ထိထိရောက်ရောက် လုပ်ဆောင်ကြမှသာ နိုင်ငံသားတွေအားလုံး သွေးစည်းညီညွတ်လာနိုင်ပါလိမ့်မယ်။ နိုင်ငံသားတွေ အချင်းချင်းကြား ပဋိပက္ခတွေ ချုပ်ငြိမ်းနိုင်မှာ ဖြစ်ပါတယ်။ သွေးစည်းညီညွတ်ရေးကို နိုင်ငံသားအားလုံးဆီမှာ အတူတကွ ဖြစ်တည်မယ့် ဝိသေသ (Common Identity)ကို နည်းလမ်းတကျဖြစ်ထွန်းစေခြင်းအားဖြင့်သာ ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီညီညွတ်မှုကသာ တိုင်းပြည်အပေါ် သစ္စာစောင့်သိမှု၊ တန်ဖိုးထားမှုတို့ကို ဖြစ်ထွန်းစေနိုင်ပြီးတော့ ဒီသွေးစည်းညီညွတ်မှု အခြေခံအားဖြင့်သာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းသာယာဝပြောရေးကို အာမခံချက်ပေးနိုင်မှာ ဖြစ်ပါတယ်။ တိုင်းပြည်တစ်ခုမှာ မတူကွဲပြားတဲ့နိုင်ငံရေးဆိုင်ရာ ယုံကြည်ချက်တွေ၊ ဘာသာရေးဆိုင်ရာကိုးကွယ်ယုံကြည်မှုတွေ၊ လိုအင်ဆန္ဒတွေရှိနေတဲ့ လူ့အသိုင်းအဝိုင်းတွေ ပေါင်းစည်းပြီး လူ့အဖွဲ့အစည်းတစ်ရပ်ရယ်လို့ ဖြစ်တည်နေလေ့ရှိတာကြောင့် တိုင်းပြည်တည်ဆောက်ရေးကို စနစ်တကျ ထိရောက်အောင် ဆောင်ရွက်တဲ့နေရာမှာ စိန်ခေါ်မှုတွေ ဒုနဲ့ဒေးရှိနေတတ်တာလည်း သဘာဝပဲဆိုတာ နားလည်သဘောပေါက်ထားဖို့ လိုအပ်ပြန်ပါသေးတယ်။ အဲဒီလို မတူကွဲပြားမှုတွေရှိလင့်ကစား တူညီတဲ့ဘုံအကျိုးစီးပွား၊ ဘုံကံကြမ္မာ၊ ဘုံအနာဂတ်ဆိုတာ အသေအချာရှိနေကြောင်း အပြည့်အဝ ယုံကြည်မှုရှိကြပြီး တူညီတဲ့အမျိုးသားတန်ဖိုး (National Value) ကို နှစ်နှစ်ကာကာ ယုံကြည်ကြပြီဆိုတာနဲ့ မတူကွဲပြားမှုတွေကြားမှာ ညီညွတ်မှု (Unity in Diversity)ဆိုတာ ဖြစ်တည်လာတယ်လို့ ဆိုပါတယ်။

စာမျက်နှာ ၁၉ သို့ ❒



# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စုပေါင်းထမနဲထိုးပွဲ ကျင်းပ

**နေပြည်တော် မတ် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာ အစဉ်အလာမပျက် စုပေါင်း ထမနဲထိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ရုံးအမှတ်(၃၅)၌ ကျင်းပသည်။

**တက်ရောက်အားပေး**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်အားပေးကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် နှစ်စဉ် ထမနဲထိုးပြိုင်ပွဲကို ကျင်းပခဲ့ပြီး ယခုနှစ်တွင် ကိုဗစ်-၁၉ ကာလ ကန့်သတ်ချက်များနှင့်အညီ မြန်မာ့ရိုးရာအစဉ်အလာမပျက်စေရေး ရည်ရွယ်၍ စုပေါင်း ထမနဲထိုးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းထိန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းဆောင်ရွက်နေမှုနှင့် လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ ကိုရီးယား-မြန်မာစက်မှုဇုန်လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ချုပ် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်တို့မှ ဆောင်ရွက်သော ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးတို့က ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူများအတွက် အငှားအိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းတို့မှ တာဝန်ရှိသူတို့က အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဇော်အေးက အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍ၊ လမ်း/တံတားကဏ္ဍနှင့် မြို့ပြအိမ်ရာ ဖွံ့ဖြိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို ပြည်သူများအတွက် နေထိုင်ရေးအဆင်ပြေစေရန် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ရပ်တန့်သွားမှုမရှိစေဘဲ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုလို စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးရာရောက်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပါကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် စေတနာထား ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ပြည်သူ့ အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**တည်ဆောက်သွားမည်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇)လမ်းနှင့်အမှတ် (၂)လမ်း ကြားရှိ မြေဧရိယာ(၁၇၁)ဧကပေါ်တွင် ပြည်သူ့ အငှားအိမ်ရာ ပထမအဆင့် လေးခန်းတွဲ ငါးထပ်၊ (၁၉၄)လုံး (၃၁၀၄) ယူနစ်တို့ကို ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်သွားမည်ဖြစ်သည်။

ဒုတိယဝန်ကြီးသည် မတ် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ ကိုရီးယား-မြန်မာစက်မှုဇုန်(KMIC) Korea Myanmar Economic Cooperative Industrial Complex စက်မှုဇုန်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက စက်မှုဇုန်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

တင်ပြချက်များပေါ် ဒုတိယဝန်ကြီးက ကိုရီးယား-မြန်မာစက်မှုဇုန် (KMIC)သည် ရန်ကုန်မြို့ပတ်ဝန်းကျင် လှည်းကူးဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မှာကြားသည်။

စက်မှုဇုန်သို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသည့် စက်ရုံပေါင်း ၁၀၀ ကျော် ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ရာ KMIC စက်မှုဇုန် တည်ဆောက်ခြင်းဖြင့် နိုင်ငံခြားပို့ကုန် များ တိုးမြှင့်တင်ပို့နိုင်ခြင်း၊ အခွန်အခရငွေများ တိုးပွားရရှိနိုင်ခြင်း၊ ဒေသနှင့်အနီးဝန်းကျင်မှ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်းများစွာ ဖန်တီးပေးနိုင်ခြင်းတို့အပြင် ဒေသတွင်းလမ်းပန်း ဆက်သွယ်ရေးနှင့် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၁၈ မှ

အဲဒီအခြေအနေကို ရောက်တာနဲ့ တိုင်းပြည်တည်ဆောက်ရေးဆိုတာ ခရီးတစ်ခုပေါက်ပြီလို့ ပြောနိုင်သလို သင့်တင့်ကောင်းမွန်တဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကလည်း ဖြစ်တည်လာပြီလို့ ဆိုရပါလိမ့်မယ်။ အဲဒီအခါ ကောင်းမွန်တဲ့နိုင်ငံရေးစနစ်တစ်ရပ် တည်ဆောက်ရေး ကောင်းသည်ထက်ကောင်းအောင် မွမ်းမံပျိုးထောင်ရေးဆိုတဲ့ ကိစ္စတွေဟာလည်း လွယ်ကူချောမွေ့လာနိုင်ပြီလို့ ဆိုပါတယ်။

**စိန်ခေါ်မှုတွေ များပြား**

ဒီတော့ ကိုယ့်ရေမြေသဘာဝ၊ ယဉ်ကျေးမှုတန်ဖိုးတွေ၊ အစဉ်အလာကောင်းတွေကို အကောင်းဆုံးဖြစ်အောင် မျက်ခြည်မပြတ် အာရုံစိုက်ထားကြပြီး အင်မတန်မှ စိန်ခေါ်မှုတွေ များပြားလှတဲ့ ရာစုနှစ်သစ်ထဲမှာ ကိုယ့်နိုင်ငံဟာ ကောင်းစွာရှင်သန်ဖွံ့ဖြိုးနိုင်ဖို့အတွက် အစွန်းမထွက်တဲ့ အတွေးအခေါ်တွေကို အခြေခံပြီး သင့်တော်ကောင်းမွန်တဲ့ နိုင်ငံရေးယဉ်ကျေးမှု၊ ရေခံမြေခံကောင်းတစ်ရပ်ပေါ်ပေါက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို သေချာပေါက် အာမခံချက်ပေးမယ့် နိုင်ငံရေးစနစ်ကောင်းတစ်ရပ် အားကောင်းမောင်းသန် ဖြစ်ထွန်းလာစေရေးကို ဦးတည်ပြီးတိုင်းပြည်တည်ဆောက်ရေး အလုပ်ကို လက်တွေ့ကျကျ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ တည်ဆောက်နိုင်ဖို့ တင်ပြနှိုးဆော်လိုရင်း ဖြစ်ပါတယ်။

**(၁-၃-၂၀၂၁ ရက်နေ့ထုတ် ရတနာပုံ သတင်းစာတွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ပိုက်တင်၏ “တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံရေးယဉ်ကျေးမှု” ဆောင်းပါးကို ရတနာပုံ သတင်းစာအယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)**

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**

**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း မရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH)အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့် ဥပဒေနှင့်ဆန့်ကျင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်နိုင်သောပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၈**

နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူအား ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ (ပ)၃၀/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အစိုးရဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရေး အဓိကကြိုးကိုင်ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်သော နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၂ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်(၂)ရှိ ရွှေဂုံတိုင်ဟိုတယ်၌ ဖမ်းဆီးရမိခဲ့ပြီး ထိန်းသိမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဦးမင်းသူ၏ ဝန်ခံထွက်ဆိုချက်များအရ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများကို တာဝန်ဝတ္တရားပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်နိုင်ရေးအတွက် ၈၈ မျိုးဆက်(ငြိမ်း/ပွင့်)မှ မင်းကိုနိုင်၊ ကျော်မင်းယု(ခ) ဂျင်မီတို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း။

ဖေဖော်ဝါရီ ၁၄ ရက်တွင် NLD ပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဖြစ်သော ဦးအောင်ကြည်ညွှန့်က **"CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများအား လှုံ့ဆော်စည်းရုံးနိုင်ရန် CDM Supporting Team များ ဖွဲ့စည်းကာ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ NLD ပါတီဝင်များမှ ဝိုင်းဝန်းကူညီကြရန်"** ညွှန်ကြားချက်စာတစ်စောင်ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဦးမင်းသူသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးခန့်ဖြင့် ပါတီခရိုင်ရုံးတွင် အစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေး၌ CDM Supporting Team အား ဖွဲ့စည်းခဲ့ကြောင်း။

အဆိုပါ CDM Supporting Team တွင် ဦးမောင်မောင်ဆွေ(မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ဦးကျော်ထွေး (ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း)၊ ဦးဝင်းနိုင်ဦး (ပျဉ်းမနားမြို့နယ် NLD ပါတီ၊ အတွင်းရေးမှူး)၊ ဦးကျော်မြင့်ဦး(မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၁၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ ဦးသန်းစိုးအောင် (ပျဉ်းမနားမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် ဦးဇော်မင်းဦး (စိုက်ပျိုးရေးဦးစီးဌာန၊ အငယ်တန်းအင်ဂျင်နီယာ)တို့ပါဝင်ခဲ့ပြီး ၎င်းအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် နေပြည်တော်ရှိ CDM လုပ်ဆောင်နေသည့် ဝန်ထမ်းများကို ကူညီထောက်ပံ့ပေးရန် ဦးနေလင်း(Relax ဗီနိုင်း)၊ ဦးမြတင့်(NLD ပါတီ၊ ခရိုင်နာယက)၊ ဦးဇော်မင်းကျော် (ရန်ကုန်မြို့၊ ခေတ်ပြတိုက်စာပေတိုက်ပိုင်ရှင်)၊ ဦးလှမျိုး(မြန်မာနိုင်ငံ ဆရာများသမဂ္ဂ)နှင့် ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်တွင်း ပြည်ပမှ ထောက်ပံ့ငွေများ ရရှိထားကြောင်း ဝန်ခံထွက်ဆိုထားသည်။

ထို့ပြင် ဦးမင်းသူသည် နေပြည်တော်ခရိုင်ပါတီရုံးတွင် ရုံးထိုင်၍ ဆန္ဒပြအဖွဲ့ခေါင်းဆောင်များဖြစ်သည့် ဦးဝင်းနိုင်ဦး (ပျဉ်းမနားမြို့နယ် NLD ပါတီအတွင်းရေးမှူး)၊ ဦးမျိုးကိုဇင်မြင့်(NLD ပါတီ၊ နေပြည်တော် လူငယ်လုပ်ငန်းကော်မတီအဖွဲ့ဝင်)၊ ဦးကျော်မင်းလှိုင် (ဥတ္တရသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ဦးလှိုင်မင်းဦး(NLD ပါတီ၊ ဇမ္ဗူသီရိမြို့နယ် တွဲဖက်အတွင်းရေးမှူး) နှင့် အောင်အောင် (NLD ပါတီ၊ ပုဗ္ဗသီရိမြို့နယ်ဥက္ကဋ္ဌ)တို့နှင့်ချိတ်ဆက်၍ ဆန္ဒပြအဖွဲ့များ လှုပ်ရှားသွားလာနိုင်ရန် လမ်းကြောင်းထိန်းခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည့်အပြင် ဆန္ဒပြအဖွဲ့များနှင့် သွားရောက်ပူးပေါင်း၍ ဆူပူဆန္ဒပြစေရန် လှုံ့ဆော်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဦးမင်းသူ၏ ထွက်ဆိုချက်များအရ ဆက်စပ်တရားခံများကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်တွင် ဦးကျော်မင်းလှိုင်အားလည်းကောင်း၊ မတ် ၂ ရက်တွင် ဦးသန့်ဇင်ထွန်းအား လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ကျန်ရှိသည့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၇ ရက်တွင် ဖမ်းဆီးရမိတရားခံများဖြစ်သည့် ဦးမင်းသူကို ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ (ပ)၃၀/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးကျော်မင်းလှိုင်အား ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်း၌ (ပ)၂၃/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးသန့်ဇင်ထွန်းအား လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်း၌ (ပ)၂၄/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်လှစ်၍ ထိန်းသိမ်းထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော်ကောင်စီနယ်မြေတွင် CDM ဦးဆောင်လှုပ်ရှားမှု Diagram



# သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်သည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်

**နေပြည်တော်  မတ် ၈**

သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်သည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ နိုင်ငံတော်အတွင်း ငြိမ်းချမ်းစွာဆန္ဒပြသည်ဟူသည့် ခေါင်းစဉ်အမျိုးမျိုးဖြင့် နေရာအနှံ့အပြားတွင် ဥပဒေမဲ့လုပ်ရပ်များကို များပြားစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်အနှံ့ ဆောင်ရွက်နေချိန်တွင် မတ် ၅ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် အမျိုးသမီးဝတ်လုံချည်များအား ကြိုးတန်းဖြင့်ချည်နှောင်၍ လူသွားလမ်းများအပေါ် မှထားရှိခြင်း၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများအား ကြိုးတန်းတွင်ချည်နှောင်ပြီး လူပုဂ္ဂိုလ်နှင့် သံဃာတော်များ အောက်မှသွားလာနေရသည်ကို တွေ့ရှိရကြောင်း။

မတ် ၈ ရက်တွင် (နွေဦးတော်လှန်ရေး)ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့)ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဝတ်လုံချည် အမျိုးမျိုးအား အလံတိုင်ကဲ့သို့ ချည်နှောင်ပြီး လှည့်လည်ဆန္ဒပြခြင်း၊ နိုင်ငံတော်အဆင့် ထေရ်ကြီးဝါကြီး (ဆရာတော်တစ်ပါး) ရုပ်ပုံများအား ဗီနိုင်းဖြင့်ထုတ်၍ အမျိုးသမီးဝတ်လုံချည်များတွင် ကပ်ကာ ကြိုးဖြင့်တန်း၍ အများပြည်သူအသုံးပြုလမ်းများတွင် ချိတ်ဆွဲထားရှိသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ အများဆုံး ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ထိုသို့ဆောင်ရွက်နေမှုများသည် ဘာသာသာသနာကို အလွန်စော်ကားခြင်း၊ နိုင်ငံတော်အတွင်းရှိ သံဃာတို့အား လုံးဝအလေးမထား၊ ဂရုမစိုက်ကြောင်းပြသည့် အပြုအမူများဖြစ်သကဲ့သို့ ယခင်အစိုးရကာလတွင် အမျိုးဘာသာသာသနာအား လျော့နည်းစေခဲ့သည့် လုပ်ရပ်များမှတစ်ဆင့် လူငယ်ထုအတွင်း ဝါဒမှိုင်းတိုက်ခံရပြီး မလုပ်သင့် မလုပ်ထိုက်အပ်သော ကိစ္စရပ်ကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ရပ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကို အပြည့်အဝကြည်ညိုလေးစားကိုးကွယ်ကြသည့် လူထုများ၊ သံဃာထုများအနေဖြင့် နိုင်ငံနှင့်တစ်ဝန်းလွန်စွာစိတ်မကောင်း ဝမ်းနည်းရသည့် ဖြစ်စဉ်များဖြစ်ကြောင်းနှင့် လက်ခံနိုင်ဖွယ်မရှိသဖြင့် သာသနာတော် ညှိုးနွမ်းအောင်ဆောင်ရွက်သည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကိုထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# CDM လှုပ်ရှားမှုတွင် အဓိကဦးဆောင်ပါဝင်သော ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာအာကာမိုးသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော်  မတ် ၈**

လှိုင်မြို့နယ် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ MICT ဝင်းအပေါက်ဝ၌ မတ် ၂ ရက် နံနက် ၈ နာရီက တက္ကသိုလ်ပေါင်းစုံ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုပေါင်းဆန္ဒပြရန်စုဝေးနေစဉ် CDM လှုပ်ရှားမှုတွင် အဓိကဦးဆောင်ပါဝင်သည့် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာအာကာမိုးသူအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား နိုင်ငံသားအစုအဖွဲ့တစ်ခုကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ၊ ကြောက်ရွံ့စေလျှင်၊ သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီးပုဒ်မ-၅၀၅(က)ဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဒေါက်တာအာကာမိုးသူသည် CDMထောက်ပံ့ရေးကော်မတီတစ်ရပ်အား ၎င်းအပါအဝင် ပါမောက္ခ ခုနစ်ဦးဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘဏ္ဍာငွေ ရှာဖွေရေးအဖွဲ့၊ သယ်ယူထောက်ပံ့ရေးအဖွဲ့၊ သတင်းနှင့်ပြန်ကြားရေးအဖွဲ့၊ မှတ်တမ်းနှင့်အချက်အလက်ပြုစုရေးအဖွဲ့၊ နည်းပညာနှင့် ဥပဒေအကြံပေးအဖွဲ့ဟူ၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခနှင့် ကထိက ၁၅ ဦးဖြင့် ဦးဆောင်ဖွဲ့စည်းကာ CDM လှုပ်ရှားမှု ဆောင်ရွက်ခဲ့ခြင်းကို ဖော်ထုတ်တွေ့ရှိရကြောင်း။

အဆိုပါ CDM ဦးဆောင်လှုပ်ရှားသူ ပါမောက္ခနှင့် ကထိက ၁၅ ဦးအနက် ဒေါက်တာအာကာမိုးသူနှင့် ချိတ်ဆက်လှုပ်ရှားသည့် ကျန်ပါမောက္ခနှင့် ကထိက ၁၄ ဦးတို့အား ဆက်စပ်တရားခံအဖြစ် အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ တရားခံ ၁၄ ဦးမှာ ဒေါက်တာဝေယံလင်း(ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)၊ ဒေါက်တာနန်းနွယ်(တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)၊ ဒေါက်တာအောင်ကျော်စွာ(တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန)၊ ဦးကြည်ထင်ပေါ် (တွဲဖက်ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သင်္ချာဌာန)၊ ဒေါက်တာဝင်းပပထွန်း (တွဲဖက်ပါမောက္ခ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ စိတ်ပညာဌာန)၊ ဦးလှမျိုး(ကထိက၊ ဒဂုံတက္ကသိုလ်၊ မနုဿဗေဒဌာန)၊ ဒေါက်တာကျော်သန်းမိုး (ကထိက၊ ဒဂုံတက္ကသိုလ်၊ ရူပဗေဒဌာန)၊ ဒေါက်တာယဉ်ယဉ်ဝင်း(ကထိက၊ ရန်ကုန်တက္ကသိုလ်၊ ဥပဒေဌာန)၊ ဦးတင်အောင်မိုး (ကထိက၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာသန်းလွင်ဦး(ကထိက၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာန)၊ ဦးသန်းထိုက်အောင်(ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သမိုင်းဌာန)၊ ဦးအောင်ကျော်စိုး(ကထိက၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာန)၊ ဒေါက်တာတိုးတိုးကျော်(ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) နှင့် ဒေါက်တာသုလင်းဝေ (ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ဆူပူအကြမ်းဖက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၈**

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သာစည်ဘုရားအနီး၌ ယနေ့ မွန်းလွဲပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူဆန္ဒပြသူအင်အား ၇၀ ခန့်က ဂျင်ကလိ၊ လေးခွတို့ဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့မှ အရာရှိတစ်ဦး မျက်လုံးအောက်တွင် လေးခွထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများအနက်မှ အမျိုးသား လေးဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိကာ လူစုခွဲထွက်ပြေးသွားခဲ့ကြောင်း သတင်းရရှိသည်။

ယင်းသို့ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးရန်အကြံဖြင့် ဆူပူအကြမ်းဖက်ခဲ့ကြသူများအား ဆက်လက်စုံစမ်းဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်အစိုးရအားဆန့်ကျင်သည့် ရည်ရွယ်ချက်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၈**

နိုင်ငံတော်အစိုးရအားဆန့်ကျင်သည့် ရည်ရွယ်ချက်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှုကို ပျက်ပြားစေရေးနည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသော အဖျက်အမှောင့်အုပ်စုများအနေဖြင့် နိုင်ငံတော် အစိုးရဆန့်ကျင်ရေးအား နေ့စဉ်နှင့်အမျှ ပုံဖော်ဆောင်ရွက်နေကြရာတွင် အေးချမ်းစွာဆန္ဒပြသည့်ခေါင်းစဉ်မှ ဆူပူအဖျက်အမှောင့်ပြုလုပ်ခြင်း၊ ၎င်းမှ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို လွန်ကဲစွာ ကျူးလွန်ဆောင်ရွက်ခဲ့ကြသဖြင့် အများပြည်သူလူထု၏ လိုလားချက်ကို ရှေးရှုကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နေ့/ညမပြတ် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း။

ဆူပူအကြမ်းဖက်သူလူစုအနေဖြင့် လူအားဖြင့် လှုပ်ရှားမှုများအပြင် အစိုးရဆန့်ကျင်ရေးစာတန်းများအား အများပြည်သူပိုင်လမ်းမကြီးများပေါ်တွင် ဆေးရေးခြယ်ခြင်း၊ ညအချိန်တွင် အစိုးရဆန့်ကျင်ရေးစာသားများပါ ဖယောင်းတိုင်ထွန်းခြင်းစသည်ဖြင့် လူစုလူဝေးဖြစ်ပေါ်အောင် လှုံ့ဆော်ဆောင်ရွက်ခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက် အခြေအနေအခွင့်သာမှုအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်နေမှုများအပြင် ယခုရက်ပိုင်းအတွင်း၌ နိုင်ငံတော်အကြီးအကဲ၏ ဓာတ်ပုံများအား ဗွီနိုင်း/စက္ကူများဖြင့် ပုံနှိပ်ထုတ်လုပ်ပြီး လမ်းမကြီးများနှင့် လူသွားလမ်းကြောင်းများတွင် ချထားခြင်း၊ အုတ်တံတိုင်းတွင်ကပ်ခြင်း၊ သချိုင်းအုတ်ဂူများတွင် ကပ်ထားခြင်းစသည်ဖြင့် မသင့်မလျော်လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့် ရည်ရွယ်ချက်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များသည် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် ငြိစွန်းသည့်အပြင် ရာဇသတ်ကြီးပုဒ်မ(၅၀၅-က)ဖြင့် အရေးယူခံရသည့် ပြစ်မှုကျူးလွန်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အဆိုပါ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များအနေဖြင့် ယင်းလုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း မပြု (မပြု)လုပ်ကြရန်နှင့် စစ်ဆေးရှာဖွေတွေ့ရှိရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



| ဒေါ်ရီရီချို | မျိုးမြင့်လှိုင် | ဖြိုးလှိုင် |
| --- | --- | --- |

# မုံရွာမြို့၌ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို ဖမ်းဆီးခေါ်ဆောင်အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၈**

မုံရွာမြို့၌ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို ဖမ်းဆီးခေါ်ဆောင်အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်း ထုတ်ပြန်ထားသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၃ ရက် နံနက် ၁၀ နာရီခန့်တွင် မုံရွာမြို့ မြဝတီရပ်ကွက်၌ ဆူပူဆန္ဒပြသူများက လမ်းပိတ်ဆို့၍ အတားအဆီးများ ချထားရန်အတွက် ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း(ဒေါင်းကျောင်း)မှ စာသင်ခုံများကို ၎င်းတို့သဘောဖြင့် သယ်ထုတ်ကာ လမ်းအားပိတ်ဆို့ အသုံးပြုခဲ့ကြသည့်အတွက် ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူတို့က ကျောင်းအဆောက်အအုံအတွင်းသို့ ပြန်လည်သယ်ဆောင်ခဲ့ကြောင်း။

ယင်းကဲ့သို့စာသင်ခုံများကိုပြန်လည်သယ်ဆောင်မှုအပေါ် ဆူပူဆန္ဒပြသူများက မကျေမနပ်ဖြစ်ကာ အော်ဟစ်ဆဲဆိုပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူကို မတရားဖမ်းဆီးခေါ်ဆောင်၍ ဆံပင်နှင့် မျက်ခုံးမွေးများရိတ်ပြီး ထိုနေ့ညနေပိုင်းတွင် ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း။

ထိုကဲ့သို့ အကြမ်းဖက်သူ လူအုပ်စု၏ မတရားနိုင်ထက်စီးနင်းပြုလုပ်မှုအား ကြောက်လန့်နေရသဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူမှာ နေအိမ်တွင် ဆက်လက်နေထိုင်နိုင်ခြင်းမရှိ၍ နယ်မြေခံတပ်ရင်းသို့ ဆက်သွယ်သွားရောက်နေထိုင်ခဲ့ရကြောင်း၊ ထိုသို့သွားရောက်နေထိုင်စဉ်အတွင်း ယင်းနေ့ ညနေ ၅ နာရီခန့်တွင် အကြမ်းဖက်သူ ၂၅ ဦးခန့်သည် ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်တံခါးသော့ကို ချိုးဖျက်ဝင်ရောက်ကာ အိမ်တွင်းပစ္စည်းများကို ယူဆောင်ပြီး အိမ်ကိုဖျက်ဆီးခြင်းများ ထပ်မံကျူးလွန်ခဲ့သဖြင့် ဖြစ်စဉ်တွင် ပါဝင်သူများအား စုံစမ်းဖော်ထုတ်၍ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း။

အဆိုပါ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား မတရားဖမ်းဆီးခေါ်ဆောင်ပြီး ဆံပင်နှင့် မျက်ခုံးမွေးများရိတ်ခြင်း၊ နေအိမ်အား ဖျက်ဆီး၍ ပစ္စည်းများယူဆောင်မှု ကျူးလွန်ခဲ့သူများကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ အခင်းဖြစ်နေ့က အကြမ်းဖက်ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည့် ဒေါ်ရီရီချို(ဘ) ဦးကြီးအောင်၊ ဇော်တိကကျောင်းဆရာမ(ရွှေဥဒေါင်းကျောင်း) မြဝတီရပ်ကွက် မုံရွာမြို့၊ တစ်ရပ်ကွက်တည်းနေ ဖြိုးလှိုင်(ဘ)ဦးတင်ဝင်း နှင့် မျိုးမြင့်လှိုင်(ဘ)ဦးတင်ဝင်း၊ ရပ်/ကျေး စာရေး၊ ရေအောင့်ကျေးရွာ ယင်းမာပင်မြို့နယ် နေသူတို့ကို မတ် ၇ ရက် ညနေ ၃ နာရီခွဲတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဆူပူအကြမ်းဖက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ တပင်ရွှေထီးလမ်းမပေါ်တွင် လုံခြုံရေးဆောင်ရွက်နေစဉ် ယနေ့နံနက်ပိုင်းက အောင်နန်းချပ်ကျောင်းဝင်းအတွင်းရှိ ဆူပူဆန္ဒပြလိုသူ အင်အား ၂၅၀ ကျော်ခန့် စတင်စုဝေးကာ တပင်ရွှေထီးလမ်းပေါ်သို့ တက်ရောက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အသိပေးဆောင်ရွက်ခဲ့သော်လည်း ဆူပူသူလူအုပ်စုမှ အတားအဆီးများ ချ၍လမ်းပိတ်ဆို့ခြင်း၊ ကျောက်တုံး၊ ကျောက်ခဲများ၊ လေးဂွများ၊ တူမီးသေနတ်(ဒေသလုပ်) ကျည်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အမိန့်ဥပဒေစိုးမိုးနိမ်နင်းရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများထဲမှ ကျား ၄၆ ဦး၊ မ ၄၅ ဦး စုစုပေါင်း ၉၁ ဦး ဖမ်းဆီးရမိခဲ့ကာ ကျန်ဆူပူအကြမ်းဖက်သူများ လူစုခွဲသွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများထဲမှ ငါးဦးခန့် ဒဏ်ရာရရှိကြောင်း သိရသဖြင့် ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၈**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံး ဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့်ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များဖြစ်ပွားခဲ့သည့်နေရာများတွင် ဆူပူမှု ဖြစ်ပေါ်အောင်လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များလုပ်ဆောင်ပြီး ပိတ်ထားသည့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကန်ချောင်ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးရုံးနှင့် ဖြပ္ပဒါတ်ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးရုံးများ၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိ/ရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများအား အသီးသီး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ လက်လုပ်မိုင်းဟုယူဆရသော မသင်္ကာဖွယ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၈ ရက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအနီး မြတ်သူမင်း (၂၅ နှစ်) ရန်အောင်(၁)ရပ်ကွက် မောင်းနှင်ပြီး ခန့်မင်းကို (၂၇ နှစ်) ရွှေချီရပ်ကွက် ပျဉ်းမနားမြို့နယ်နေသူတို့ လိုက်ပါလာသည့် ဆိုင်ကယ်နှင့် သွင်ကိုကိုဇော်(ခ)ဖိုးသား (၂၉ နှစ်) ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့နေသူတို့ မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့သုံးဦး လွယ်ထားသည့် ကျောပိုးအိတ်များအတွင်းမှ ယမ်းဟုယူဆရသော အမှုန့်များထည့်ထားသည့်(Signal ကွမ်းစားဆေး) သံဘူး ခြောက်ဘူး၊ ယမ်းဟုယူဆရသော အမှုန့်များထည့်ထားသည့် (ကွမ်းစားဆေး) သံဘူးအသေး သုံးဘူးတို့အား တွေ့ရှိရပြီး ယင်းသံဘူးကိုးဘူးတွင်စနက်တံဟုယူဆရသော ယမ်းမှုန့်များ သုတ်လိမ်းထားသည့်အရာများ တပ်ဆင်ထားကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိသူသုံးဦးနှင့် လက်လုပ်မိုင်းဟုယူဆရသည့် ပစ္စည်းများအား စိစစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အငြိမ်းစားလစာထုတ်ယူကြသည့် ပင်စင်စားမိဘပြည်သူများ အဆင်ပြေချောမွေ့စေရေး

ပြည့်ဖြိုးအောင် (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)

လစဉ် လတစ်လ၏ တတိယပတ်(၂၁ ရက်နေ့မှစ၍ နောက်ပိုင်း)မှ စတင်၍ မိမိတို့နိုင်ငံရှိ ပင်စင်စားမိဘပြည်သူများသည် ယင်းတို့၏ ဘဝတစ်လျှောက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို နှစ်ပြည့်/ သက်ပြည့် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးနောက် ရရှိလာသည့် အငြိမ်းစားလစာများကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် သွားရောက်ထုတ်ယူလေ့ရှိကြပါသည်။ ယခုအခါ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှု၊ နည်းပညာတိုးတက်ပြောင်းလဲလာမှုတို့ကြောင့် ပင်စင်လစာထုတ်ယူရန် အချိန်ကုန်သက်သာ၍ ပိုမိုလွယ်ကူစေသည့် နည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်ကြပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါနည်းလမ်းများအား မသိရှိသေးသည့် ပင်စင်စားမိဘပြည်သူများ အနေဖြင့် နှစ်သက်ရာနည်းလမ်းကို ရွေးချယ်အသုံးပြုနိုင်စေရန်နှင့် အများပြည်သူဗဟုသုတရရှိစေရန် ရည်ရွယ်ပါသည်။

အငြိမ်းစားလစာ ထုတ်ယူလေ့ရှိသည့် အဆိုပါ နည်းလမ်းများမှာ (က) ဘဏ်သို့ မိမိကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ထုတ်ယူသည့်နည်းလမ်း(ပင်စင်စာအုပ်(သို့မဟုတ်) e-Pension ကတ်တို့နှင့်အတူ)၊ (ခ) မိုဘိုင်း ဖုန်းကို အသုံးပြု၍ ထုတ်ယူသည့်နည်းလမ်းနှင့် (ဂ)ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ ATM စာရင်းသို့ ပြောင်းလဲထည့်သွင်း၍ထုတ်ယူသည့်နည်းလမ်းတို့ ဖြစ်ကြပါသည်။ အလျဉ်းသင့်၍ တင်ပြရလျှင် မိုဘိုင်းဖုန်းကိုအသုံးပြု၍ ထုတ်ယူသည့်နည်းလမ်းမှာ Fintech ဟူသည့် ဘဏ္ဍာရေးဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာ၍ ဖြစ်ပါသည်။ Fintech ဆိုသည်မှာ ဘဏ္ဍာရေး(Finance)နှင့် နည်းပညာ (Technology) ပေါင်းစပ်ထားသည့် စကားလုံးဖြစ်သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာနည်းပညာဟု အလွယ်တကူ သိရှိနားလည်နိုင်ပါသည်။ Fintech နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များတွင် ယခင်ကထက် အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့စွာ လုပ်ဆောင်နိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

ပင်စင်စားမိဘပြည်သူများအနေဖြင့် အငြိမ်းစားလစာများကို အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်သည့်နည်းလမ်း သုံးမျိုးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

**(က) ဘဏ်သို့ မိမိကိုယ်တိုင်သွားရောက်၍ဖြစ်စေ (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ ဖြစ်စေထုတ်ယူသည့် နည်းလမ်း**

ပုံမှန်အားဖြင့် ပင်စင်စားမိဘပြည်သူများသည် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများသို့ လူကိုယ်တိုင်သွားရောက် ထုတ်ယူလေ့ရှိကြပါသည်။ ထိုသို့ထုတ်ယူရာ၌ မိမိတို့တွင်ရှိသည့် e-Pension ကတ် (သို့မဟုတ်)ပင်စင်စာအုပ်ကို ယူဆောင်သွား၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ထုတ်ယူကြပါသည်။ အငြိမ်းစားလစာများကို ကိုယ်စားလှယ်ဖြင့် ထုတ်ယူလေ့ရှိသူများသည် သက်ဆိုင်ရာဘဏ်များမှ ထုတ်ပေးထားသည့် ကိုယ်စားလှယ်လွှဲစာဖောင်တွင် လက်မှတ်ရေးထိုးပေးရမည်ဖြစ်ပြီး ပြန်တမ်းဝင်အရာရှိတစ်ဦး(သို့မဟုတ်) သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လက်မှတ်ပါရှိရပါမည်။ မိသားစုပင်စင် ခံစားသူများသည် သုံးလတစ်ကြိမ်နှင့် ကိုယ်တိုင်ပင်စင်ခံစားသူများသည် ခြောက်လတစ်ကြိမ် အသက်ရှင်လျက်ရှိကြောင်း သက်ဆိုင်ရာဘဏ်သို့ ကိုယ်တိုင်သွားရောက် အကြောင်းကြားပေးရပါသည်။ ယခုအခါ နည်းပညာတိုးတက်လာသည်နှင့်အညီ ဘဏ်သို့ မိမိတို့ကိုယ်တိုင် သွားရောက်ရန် အခက်အခဲရှိပါက မိမိတို့၏ မိုဘိုင်းဖုန်းများကို အသုံးပြု၍ ဘဏ်ခွဲမန်နေဂျာသို့ ဆက်သွယ်ကာ Viber (သို့မဟုတ်) Video Call အသုံးပြုခြင်းဖြင့် အကြောင်းကြား အတည်ပြုနိုင်ပြီဖြစ်ပါသည်။ ဘဏ်ခွဲမန်နေဂျာမှ မှတ်တမ်းယူရ၍ အသက်ရှင်လျက်ရှိကြောင်း အတည်ပြုပေးမည် ဖြစ်ပါသည်။

**(ခ) မိုဘိုင်းဖုန်းကိုအသုံးပြု၍ ထုတ်ယူသည့်နည်းလမ်း**

ပင်စင်စားမိဘပြည်သူများအနေဖြင့် အငြိမ်းစားလစာထုတ်ယူရာတွင် အချိန်ကုန်သက်သာမြန်ဆန်၍ အဆင်ပြေချောမွေ့သည့် နောက်ထပ်နည်းလမ်းတစ်ခုမှာ မိမိတို့၏ မိုဘိုင်းဖုန်းများကို အသုံးပြု၍ဖြစ်စေ၊ မိုဘိုင်းဖုန်းများရှိ Mobile Application ကို အသုံးပြု၍ဖြစ်စေ၊ နီးစပ်ရာကိုယ်စားလှယ် (Mobile Money Agent) များထံ သွားရောက်ထုတ်ယူ နိုင်သည့်နည်းလမ်း ဖြစ်ပါသည်။ ထိုနည်းလမ်းကို အသုံးပြုခြင်းဖြင့် အငြိမ်းစားလစာထုတ်ယူရန် သက်ဆိုင်ရာဘဏ်သို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်တော့ဘဲ မိမိတို့ အဆင်ပြေသည့် အချိန်များတွင်သာ သက်ဆိုင်ရာကိုယ်စားလှယ် (Mobile Money Agent)များထံမှ ထုတ်ယူရရှိနိုင်မည် ဖြစ်ပါသည်။

အဆိုပါနည်းလမ်းကို ယခုမှ စတင်အသုံးပြုမည်ဆိုပါက သက်ဆိုင်ရာဘဏ်ခွဲ၌ ပထမဦးစွာ လျှောက်လွှာတင်ရန် လိုအပ်ပါသည်။ ထိုသို့လျှောက်လွှာတင်ရာတွင် ဖော်ပြပါ ရှိရမည့် အချက်များမှာ (က) အမည်၊ (ခ) ငွေပေးအမိန့်လွှာအမှတ်၊ (ဂ) ပင်စင်လစာပမာဏ၊ (ဃ) မှတ်ပုံတင်အမှတ်၊ (င) ငွေထုတ်ယူသည့်ဘဏ်ခွဲ၊ (စ) နေရပ်လိပ်စာ၊ (ဆ) ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်၊ (ဇ) ပင်စင်စား၏ လက်မှတ်နှင့် (ဈ) e-Pension ကတ်အမှတ် (လိုအပ်ပါက e-Pension ကတ်မိတ္တူ)တို့ကို ဖြည့်စွက်ဖော်ပြရန်လိုအပ်ပါသည်။ လစဉ် ပင်စင် ထုတ်ပေးသည့်နေ့ရက်များတွင် မိမိတို့၏ မိုဘိုင်းဖုန်းများသို့ အငြိမ်းစားလစာ ပမာဏနှင့် ထုတ်ယူနိုင်ရန် အမှာစကား (Message) ပေးပို့ပါသည်။ အဆင်မပြေမှုများရှိပါက အောက်ဖော်ပြပါရှိသည့် သက်ဆိုင်ရာ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ဘဏ်သို့ လူကိုယ်တိုင် သွားရောက်ရန် မလိုအပ်ဘဲ လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်ပါသည်။

ဘဏ်သို့မလာရောက်နိုင်သည့် ပင်စင်စားများအနေဖြင့် မိမိ အသက်ရှင်လျက်ရှိကြောင်းကို မိသားစုပင်စင်ခံစားသူများသည် သုံးလတစ်ကြိမ်နှင့် ကိုယ်တိုင်ပင်စင်ခံစားသူများသည် ခြောက်လ တစ်ကြိမ် မိမိတို့၏ မိုဘိုင်းဖုန်းများကို အသုံးပြု၍ ဘဏ်ခွဲမန်နေဂျာသို့ ဆက်သွယ်ကာ Viber (သို့မဟုတ်) Video Call အသုံးပြုခြင်း အကြောင်းကြားအတည်ပြုရန် လိုအပ်ပါသည်။ သို့မှသာ ဘဏ်ခွဲမန်နေဂျာမှ မှတ်တမ်းရယူထားရှိနိုင်မည် ဖြစ်ပါသည်။

| Mobile Money ဝန်ဆောင်မှုဖြင့် အငြိမ်းစားလစာထုတ်ယူနိုင်သည့် ကိုယ်စားလှယ်များ | | |
|---|---|---|
| စဉ် | ကိုယ်စားလှယ်အမည် | တယ်လီဖုန်းအမှတ် |
| ၁။ | Wave Money | တယ်လီနော - ၉၉၁၁<br>အခြားအော်ပရေတာ - ၀၉-၇၉၀၀၀၉၉၁၁ |
| ၂။ | Myanmar Mobile Money | ၀၉-၃၁၀၀၀၁၅၂၅<br>၀၉-၃၁၀၀၀၁၅၃၀<br>၀၉-၃၁၀၀၀၁၅၃၆<br>၀၉-၃၁၀၀၀၁၅၂၈ (Ext - ၁၁၂) |
| ၃။ | MPT Pay | MPT-၉၉၉၀<br>အခြားအော်ပရေတာ ၀၁-၂၃၂၃၉၉၉၀ |

**(ဂ) ငွေစုဘဏ်စာရင်း/ စာရင်းရှင်စာရင်း/ ATM စာရင်းသို့ ပြောင်းလဲထည့်သွင်း၍ ထုတ်ယူသည့်နည်းလမ်း**

ပင်စင်စားများအနေဖြင့် အငြိမ်းစားလစာများကို ဘဏ်သို့ ကိုယ်တိုင်သွားရောက်၍မထုတ်ယူလို၊ ကိုယ်စားလှယ်စေလွှတ်၍လည်း မထုတ်ယူလို၊ Mobile Money Agent များကို အသုံးပြု၍လည်း မထုတ်ယူလိုပါက ငွေစုဘဏ်စာရင်းဖွင့်လှစ်၍ မိမိတို့၏ အငြိမ်းစားလစာများကို ပြောင်းလဲထည့်သွင်းကာ ထုတ်ယူနိုင်ပါသည်။ ထိုသို့ ပြောင်းလဲလုပ်ဆောင်မည်ဆိုပါက မိမိတို့၏ e-Pension ကတ်ကို ဘဏ်သို့ ပြန်လည်အပ်နှံရန်မလိုဘဲ ငွေစုဘဏ်စာရင်း(သို့မဟုတ်) စာရင်းရှင်ဖွင့်လှစ်၍ ထုတ်ယူလိုကြောင်း သက်ဆိုင်ရာဘဏ်တွင် လျှောက်ထားရန် လိုအပ်ပါသည်။ ငွေစုဘဏ်စာရင်းသို့ ပြောင်းရွှေ့ထုတ်ယူမည်ဆိုပါက ငွေစုစာအုပ်ဖြင့်သာ ထုတ်ယူရမည်ဖြစ်ပါသည်။ စာရင်းရှင်စာရင်းသို့ ပြောင်းရွှေ့ထုတ်ယူမည်ဆိုပါက ချက်လက်မှတ် အသုံးပြု၍ ထုတ်ယူရမည်ဖြစ်ပါသည်။ ATM သို့ ပြောင်းရွှေ့ထုတ်ယူမည်ဆိုပါက ATM ကတ်ကို အသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်၏ ATM စက်များတွင် ဝန်ဆောင်ခပေးဆောင်ရန်မလိုဘဲ ထုတ်ယူနိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များ၏ ATM စက်များတွင် ထုတ်ယူမည်ဆိုပါက သတ်မှတ်ထားသော ဝန်ဆောင်ခပေးဆောင်၍ ထုတ်ယူရရှိနိုင်မည် ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရန် မှတ်ပုံတင်မိတ္တူ၊ e-Pension ကတ်နှင့် အတူ လက်ဗွေနှိပ်ရန်လိုအပ်မည်ဖြစ်ပြီး လျှောက်လွှာပါအချက်များကို ဖြည့်စွက်ရမည် ဖြစ်ပါသည်။ အဆိုပါ နည်းလမ်းသည် မိမိတို့၏ အငြိမ်းစားလစာများကို ဘဏ်သို့သွားရောက်ရန်လည်းမလိုအပ်၊ Mobile Money Agent များသို့ သွားရောက်ရန် မလိုအပ်တော့ဘဲ ATM ကတ်ကိုအသုံးပြု၍ နီးစပ်ရာ ATM စက်များတွင် ကြိုက်နှစ်သက်သည့် အချိန်တွင် ထုတ်ယူရရှိနိုင်သည့် နည်းလမ်းဖြစ်ပါသည်။

ဘဏ်သို့ ကိုယ်တိုင်လာရောက်ခြင်းမပြုနိုင်သော ပင်စင်စားများ အနေဖြင့် မိမိအသက်ရှင်လျက်ရှိကြောင်းကို မိသားစုပင်စင်ခံစားသူများ သည် သုံးလတစ်ကြိမ်နှင့် ကိုယ်တိုင် ပင်စင်ခံစားသူများသည် ခြောက်လ တစ်ကြိမ် မိမိတို့၏ မိုဘိုင်းဖုန်းများမှတစ်ဆင့် ဘဏ်ခွဲမန် နေဂျာသို့ ဆက်သွယ်ကာ Viber (သို့မဟုတ်) Video Call အသုံးပြုခြင်းဖြင့် အကြောင်းကြားအတည်ပြုရန် လိုအပ်ပါသည်။ သို့မှသာ ဘဏ်ခွဲ မန်နေဂျာမှ မှတ်တမ်းရယူထားရှိနိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် မိမိတို့နိုင်ငံတွင် လက်ရှိ အငြိမ်းစား လစာထုတ်ယူလျက်ရှိသည့် ပင်စင်စားအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလထိစာရင်းဇယားများအရ ၉၄၆,၈၆၁ ဦးခန့်ရှိပါသည်။ ဗဟုသုတအနေဖြင့်ဖော်ပြရလျှင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ်တွင် ပင်စင်စားအရေအတွက် ၈၈၆,၀၃၃ ဦးနှင့် အသုံးစရိတ်ငွေကျပ် စုစုပေါင်း ၁,၁၁၆ ဘီလီယံ၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာနှစ်တွင်မှု ပင်စင်စားအရေအတွက် ၉၃၃,၇၃၉ ဦးနှင့် အသုံးစရိတ် ငွေကျပ် စုစုပေါင်း ၁,၂၆၈ ဘီလီယံကိုနိုင်ငံတော်မှ ကျခံသုံးစွဲပေးခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိပင်စင်ဦးစီးဌာနကလည်း "ဝန်ထမ်းနောင်ရေး ကြောင့်ကြ ဝေးဖို့ CPF မှာ ထည့်ဝင်ကြစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ နိုင်ငံ၏ ပင်စင်စနစ်အား ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဝန်ထမ်း နောင်ရေးဗဟိုရန်ပုံငွေစီမံကိန်း(Central Provident Fund Project) ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ မည်သို့ပင်ဆိုစေ ကာမူ အထက်တွင်ဖော်ပြခဲ့သည့် အငြိမ်းစားလစာထုတ်ယူနိုင်သည့် နည်းလမ်း သုံးမျိုးကို လွယ်ကူရှင်းလင်းစွာသိရှိပြီး အဆိုပါ နည်းလမ်း များမှ ဒုတိယနည်းလမ်းနှင့် တတိယနည်းလမ်းတို့သည် ဘဏ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ သွားရောက်ရန် မလိုအပ်ကြောင်း၊ မိမိတို့ ထုတ်ယူလိုသည့်အချိန်မှသာ ငွေထုတ်ယူနိုင် သည့်အတွက် အချိန်ကုန်သက်သာ လူပင်ပန်းစရာ မလိုတော့ပါကြောင်း နှင့် ပင်စင်စား မိဘပြည်သူများအနေဖြင့်လည်း မိမိအသုံးပြုလိုသည့် နည်းလမ်းများကို ရွေးချယ်၍ထုတ်ယူရရှိနိုင်ပါသည်။

Wave Money၊ Myanmar Mobile Money (MMM)၊ MPT Pay တို့ဖြင့် အငြိမ်းစားလစာထုတ်ယူနိုင်သော ဘဏ်ခွဲများစာရင်းအား မြန်မာ့စီးပွားရေးဘဏ် Website (www. https//meb.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ထို့အပြင် ပင်စင်ဦးစီးဌာနကလည်း Pension Myanmar Facebook Page တွင် အချိန်နှင့်တပြေးညီ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။ ။

**မိမိတို့နိုင်ငံတွင် လက်ရှိ အငြိမ်းစားလစာထုတ်ယူလျက်ရှိသည့် ပင်စင်စား အရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလထိ စာရင်းဇယားများအရ ၉၄၆,၈၆၁ ဦးခန့် ရှိပါသည်။ ဗဟုသုတအနေဖြင့်ဖော်ပြရလျှင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ်တွင် ပင်စင်စားအရေအတွက် ၈၈၆,၀၃၃ ဦးနှင့် အသုံးစရိတ်ငွေကျပ် စုစုပေါင်း ၁,၁၁၆ ဘီလီယံ၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာနှစ်တွင်မှု ပင်စင်စားအရေအတွက် ၉၃၃,၇၃၉ ဦးနှင့် အသုံးစရိတ် ငွေကျပ် စုစုပေါင်း ၁,၂၆၈ ဘီလီယံကိုနိုင်ငံတော်မှ ကျခံသုံးစွဲပေးခဲ့ သည်ကို တွေ့ရှိနိုင်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁၄၉ ဒသမ ၀၇၉) သန်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၃၂၃ ဒသမ ၇၅၈) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာ (၂၀၂၀) | | ဇန်နဝါရီလ(၂၀၂၁) | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ US$(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ US$ (သန်း) |
| (က) | စက်မှု ကဏ္ဍ | ၅ | ၁၅.၀၁၅ * | ၇ | ၁၅၅.၅၁၈ * |
| (ခ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၂ | ၄၈.၀၆၄ | ၄ | ၁၁၂.၆၁၃ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၁ | ၈၁.၀၀၀ * | - | - |
| (ဃ) | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | - | - | ၂ | ၁၀.၃၁၆ * |
| (င) | အခြား ဝန်ဆောင်မှု ကဏ္ဍ | ၁ | ၅.၀၀၀ * | ၂ | ၃၉.၅၀၁ |
| (စ) | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | - | - | - | ၅.၈၁၀ * |
| | စုစုပေါင်း | ၉ | ၁၄၉.၀၇၉ | ၁၅ | ၃၂၃.၇၅၈ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၁၂၇၇၅၉ ဒသမ ၅၇၅) သန်းနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၈၈၃၁၈၀ ဒသမ ၄၅၅) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာ(၂၀၂၀) | | ဇန်နဝါရီလ(၂၀၂၁) | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ် (သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ် (သန်း) |
| (က) | အိမ်ရာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | - | ၂ | ၁၄၇၇၇.၅၈၀ * |
| (ခ) | စက်မှု ကဏ္ဍ | ၆ | ၁၁၈၁၀.၅၇၅ | ၅ | ၈၅၈၆၁၅.၂၀၀ * |
| (ဂ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၃ | ၇၃၂၁၅.၀၀၀ | ၁ | ၁၄၃၀.၁၀၀ |
| (ဃ) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၁ | ၁၃၇၀၄.၀၀၀ | ၂ | ၈၃၅၇.၅၇၅ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၂ | ၂၈၃၈၀.၀၀၀ | - | - |
| (စ) | စိုက်ပျိုးရေး ကဏ္ဍ | ၁ | ၆၅၀.၀၀၀ | - | - |
| | စုစုပေါင်း | ၁၃ | ၁၂၇၇၅၉.၅၇၅ | ၁၀ | ၈၈၃၁၈၀.၄၅၅ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်အတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာ(၂၀၂၀) | ဇန်နဝါရီ(၂၀၂၁) |
| (က) | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | - | ၄၄ |
| (ခ) | စက်မှု ကဏ္ဍ | ၅၁၀၅ | ၂၅၈၃ |
| (ဂ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁၆၄၆ | ၂၆၈၅ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၁၇၉ | - |
| (င) | အခြား ဝန်ဆောင်မှု ကဏ္ဍ | ၂၃ | ၁၃၃၈ |
| | စုစုပေါင်း | ၆၉၅၃ | ၆၆၅၀ |

*လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာ(၂၀၂၀) | ဇန်နဝါရီ(၂၀၂၁) |
| (က) | စက်မှု ကဏ္ဍ | ၂၀၆၈ | ၈၅၄ |
| (ခ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၆၇၃ | ၅၈ |
| (ဂ) | အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | ၆၅ |
| (ဃ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၃၁၅ | - |
| (င) | စိုက်ပျိုးရေး ကဏ္ဍ | ၂၁ | - |
| (စ) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၂၃၀၉ | ၁၀၈ |
| | စုစုပေါင်း | ၅၃၈၆ | ၁၀၈၅ |

သတင်းစဉ်

# မယ်စဲ့မြို့နယ်၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့်မေမြို့ပန်းများ ဈေးကောင်းရ၍ ခြံစိုက်သူများ အဆင်ပြေ


**မယ်စဲ့ မတ် ၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာတွင် ဥယျာဉ်ခြံများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် မေမြို့ပန်းများ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရသဖြင့် ခြံစိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ရဲ့ ဥယျာဉ်ခြံမှာ မေမြို့ပန်းကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားပါတယ်။ ဒီမှာက ပန်းစိုက်တဲ့သူ နည်းတဲ့အတွက် အခုပန်းပေါ်ချိန် တစ်ပင်ကို ကျပ် ၁၅၀၊ ကျပ် ၂၀၀၊ လက်တစ်ဆုပ်စည်း တစ်စည်းကို ကျပ် ၁၅၀၀ နဲ့ ရောင်းရတဲ့အတွက် ဈေးကောင်းရတယ်။ ဒေသထွက်ပန်းဖြစ်ပြီး အရောင်အသွေးလည်းစုံ၊ အပွင့်လည်းလှသလို တာရှည်အထားခံတာကြောင့် လူကြိုက်များကြတယ်။ အပွင့်မညီတဲ့အတွက် တစ်ပတ်ကို တစ်ခါခူးရောင်းတယ်။ တစ်ခါရောင်းရင် ကျပ် ၅၀၀၀၀ လောက်ရတဲ့အတွက် တွက်ခြေကိုက်တယ်"ဟု ဟိုစဲ့ကျေးရွာမှ မေမြို့ပန်းစိုက်သူ ဒေါ်ခင်ဝင်းက ပြောသည်။

မေမြို့ပန်းမျိုးကို လွိုင်ကော်မြို့နယ် လောပိတမှ မှာယူ၍ ဇန်နဝါရီလတွင် စတင်စိုက်ပျိုးသည်။ မေမြို့ပန်းသည် ရေအလွန်နှစ်သက်သဖြင့် တစ်နေ့တစ်ခါ ရေလောင်းပေးရသည်။ ပျိုးထောင်ပေးပြီး တစ်လခွဲအကြာ ပျိုးပင်ပေါက်လေးများကို စိုက်ပေါင်သို့ ပြောင်းရွှေ့စိုက်ပျိုးရသည်။ မေမြို့ပန်းသည် ပိုးကြိုက်သည့်အတွက် စိုက်ပျိုးပြီး အပင်ပေါက်မှ ၁၅ ရက်တစ်ခါ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေး ဖျန်းပေးခြင်း၊ ပေါင်းသင်၊ မြေဆွပေးခြင်းတို့ ပြုလုပ်ပေးရသည်။ မတ်လပိုင်းတွင် ပန်းစတင်ပေါ်ချိန်ဖြစ်ရာ တစ်ပတ် တစ်ခါနှုန်းဖြင့် လေးပတ်၊ ငါးပတ်ခန့် ခူးရောင်းရသည်။ ဟိုစဲ့ကျေးရွာတွင် မေမြို့ပန်းစိုက်ပျိုးသည့် ခြံသုံးခြံခန့်သာရှိပြီး အနီးအနားကျေးရွာများနှင့် မယ်စဲ့မြို့ပေါ်သို့ ဆိုင်ကယ်ဖြင့် လှည့်လှည်ရောင်းချခြင်းဖြင့် ဈေးကောင်းရရှိကြောင်း မေမြို့ပန်းစိုက်သူများထံမှ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# မတ် ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၇-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၈-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၃၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၃,၇၆၅)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၄၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၇၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၆၉၇၁၈၈ | ၂၀၃၃၆၆၆၁ | ၅၃၇၈၄၁ |
| ၂။ | အိန္ဒိယ | ၁၁၂၂၉၃၉၈ | ၁၀၈၈၂၇၉၈ | ၁၅၇၈၉၀ |
| ၃။ | ဘရာဇီး | ၁၁၀၁၉၃၄၄ | ၉၇၅၇၁၇၈ | ၂၆၅၅၀၀ |
| ၄။ | ရုရှား | ၄၃၃၃၀၂၉ | ၃၉၂၂၂၄၆ | ၈၉၄၇၃ |
| ၅။ | ဗြိတိန် | ၄၂၁၈၅၂၀ | ၃၁၉၉၅၆၅ | ၁၂၄၅၀၁ |
| ၆။ | ပြင်သစ် | ၃၉၀၄၂၃၃ | ၂၆၅၂၉၅ | ၈၈၅၇၄ |
| ၇။ | စပိန် | ၃၁၄၉၀၁၂ | ၂၇၄၄၆၆၄ | ၇၁၁၃၈ |
| ၈။ | အီတလီ | ၃၀၆၇၄၈၆ | ၂၄၉၄၈၃၉ | ၉၉၇၈၅ |
| ၉။ | တူရကီ | ၂၇၈၀၄၁၇ | ၂၆၂၃၉၂၄ | ၂၉၀၃၀ |
| ၁၀။ | ဂျာမနီ | ၂၅၀၈၆၅၅ | ၂၃၁၀၉၀၀ | ၇၂၅၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၈၆၅၅၆ | ၁၂၀၃၃၈၁ | ၃၇၅၄၇ |
| ၂။ | ဖိလစ်ပိုင် | ၅၉၇၇၆၃ | ၅၄၅၉၁၂ | ၁၂၅၁၂ |
| ၃။ | မလေးရှား | ၃၁၄၉၈၉ | ၂၉၄၀၃၄ | ၁၁၇၇ |
| ၄။ | မြန်မာ | ၁၄၂၀၄၅ | ၁၃၁၆၇၉ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၆၀၀၄၆ | ၅၉၈၉၄ | ၂၉ |
| ၆။ | ထိုင်း | ၂၆၄၄၁ | ၂၅၇၇၇ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၅၂၄ | ၁၉၂၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၀၁၁ | ၅၁၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၉၀ | ၁၈၂ | ၃ |
| ၁၀။ | လာအို | ၄၇ | ၄၂ | ၀ |

## ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိ တိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် -

တယ်လီဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄
၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃

Email - office@e-mohs.gov.mm

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

နေပြည်တော် မတ် ၈

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ကြေးမုံ
မတ် ၉၊ ၂၀၂၁



## ရမည်းသင်းအကျဉ်းဦးစီးဌာနဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**ရမည်းသင်း မတ် ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာနရိပ်သာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာနဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာနရှိဝန်ထမ်းစုစုပေါင်း ၁၁၅ ဦးအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး ဒုတိယအကြိမ်အဖြစ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို ဧပြီ ၃ ရက်တွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**ဥတ္တရသီရိ မတ် ၈**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဝန်ထမ်း ၁၁၉၅ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါဆေးရုံတွင် ဆောင်ရွက်သည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ထို့ပြင် ဥတ္တရသီရိမြို့နယ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၄၀၂၀ အား မတ် ၉ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာဟိန်း**
**(ပြန်/ဆက်)**





ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူကြမည့်သူများကို တွေ့ရစဉ်။
(သတင်း- ကျော်ဖုံး)



ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူကြသည့် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများကို တွေ့ရစဉ်။
(သတင်း- ကျော်ဖုံး)


* ဒလမြို့နယ်မှ

သောကြာနေ့တို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ပြီး ဆေးခန်းတွင် စေတနာ့ဝန်ထမ်း ဆရာဝန်များနှင့် သူနာပြုဆရာ၊ ဆရာမများက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကုသနိုင်ကြောင်း သိရသည်။

"အခမဲ့ဆေးခန်း ဖွင့်လှစ်ပေးလို့ အဘွားတို့ မရှိဆင်းရဲသား ပြည်သူတွေအတွက် အရမ်းအဆင်ပြေတယ်။ ဝမ်းလည်းသာတယ်။ အထွေထွေရောဂါ ကုသနိုင်တယ်ဆိုလို့ လာရောက်ပြီး ပြသတာဖြစ်ပါတယ်" ဟု ဆေးခန်းသို့ လာရောက်ပြသသည့် အဘွားတစ်ဦးက ပြောသည်။

ဒလမြို့နယ်၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဖျားနာကုသသည့် အခမဲ့ဆေးခန်းဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သော်လည်း လက်ရှိအချိန်တွင် ဖွင့်လှစ်နိုင်ခြင်း မရှိခြင်းကြောင့် ပြည်သူများအနေဖြင့် အခက်အခဲများကြုံတွေ့လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ -နိုင်လင်းကျော်(IPRD)**




## ဈေးပိတ်မည်ဆိုသည်မှာ ကောလာဟလသာဖြစ်

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့(မြို့မ)ဈေးပိတ်မည်ဆိုသည်မှာ ကောလာဟလသာဖြစ်ကြောင်း သိရသည်။ မြို့မဈေးကို ဝါတွင်းကာလတွင် ဥပုသ်နေ့များတွင်ပိတ်ပြီး ဝါပတွင် လပြည့်လကွယ်နေ့များတွင်ပိတ်ကြောင်း သိရသည်။

လတ်တလော မြို့မဈေးအားပိတ်မည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း၊ ကောလာဟလသာဖြစ်ကြောင်း၊ ဈေးတွင်ပုံမှန် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြို့မဈေးတွင် ဈေးရောင်းချသူတစ်ဦးက "မတ် ၈ ရက် (တနင်္လာနေ့) မှစ၍ ၁၀ ရက် မြို့မဈေးပိတ်မည်ဆိုသော ကောလာဟလကြောင့် မတ် ၇ ရက် (တနင်္ဂနွေနေ့) က ဈေးထဲမှာ ဈေးဝယ်သူများပြီး ဈေးထဲတော်တော်စည်စည်ကားကားဖြစ်သွားတယ်။ ဒီနေ့ မတ် ၈ ရက်မှာတော့ ပုံမှန်ပြန်ဖြစ်သွားပြီး အရောင်းအဝယ်အေးသွားပါတယ်" ဟု ပြောကြားသည်။

**ကျော်ဆန်း**

## မိုင်းယုမြို့၌ ခရီးသွားပြည်သူနည်းပါးသဖြင့် ယာဉ်အစီးရေလျော့နည်း

**မိုင်းယု မတ် ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်ဒေသ မိုင်းယုမြို့တွင် ကိုဗစ်-၁၉ ရောဂါကာလဖြစ်၍ ခရီးသည်တင်ယာဉ်လိုင်းများ ခရီးသည်နည်းပါး၍ ယခင်ကထက် ပြေးဆွဲမှုအစီးရေနည်းပါးသွားပြီး ခရီးသည်အနည်းအများပေါ်မူတည်၍ တစ်စီးစ နှစ်စီးစကို ကုန်ပစ္စည်းများနှင့်အတူ နေ့စဉ် (သို့) ရက်ခြားသာ ပြေးဆွဲပေးလျက်ရှိသည်။

မိုင်းယုမြို့သို့ ပြေးဆွဲကြသည့် ယာဉ်လိုင်းများမှာ ရွှေဥဒေါင်း၊ ရွှေမိုင်းယောင်းနှင့် ရွှေအိုးရတနာစသည့် ယာဉ်လိုင်းများဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က မော်တော်ယာဉ်လိုင်းကားများ နေ့စဉ် များစွာပြေးဆွဲနေလျက်ရှိသော်လည်း ၂၀၂၁ ခုနှစ် မတ်လ မှစ၍ ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ခရီးသွားလာသူနည်းပါးသွား၍ လိုင်းကားများ နေ့စဉ်ပုံမှန်ပြေးဆွဲနိုင်ခြင်း မရှိတော့ပေ။ ယခုအခါ ရွှေမိုင်းယောင်းနှင့် ရွှေအိုးရတနာလိုင်းကားများမှာ မိုင်းယုမှတစ်ဆင့် ပြေးဆွဲခြင်း မရှိတော့သော်လည်း အခြားဒေသမှ မိုင်းယုသို့ ခရီးသည် (သို့) ကုန်ပစ္စည်း များကို လာရောက်ပို့ဆောင်လျက်ရှိကြောင်း၊ ရွှေဥဒေါင်းယာဉ်လိုင်းမှာ မိုင်းယုတွင် မော်တော်ယာဉ်လိုင်းဂိတ်ရှိ၍ နေ့စဉ်(သို့) ရက်ခြားသာ ခရီးသည်နှင့် ကုန်ပစ္စည်း အနည်းအများပေါ်မူတည်၍ ပုံမှန်ဈေးနှုန်းဖြင့် ပြေးဆွဲပေးလျက် ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အခြေအနေများကြောင့် မိုင်းယုမြို့တွင် ခရီးသွားလာမှုနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သူနည်းပါးလာ၍ မော်တော်ယာဉ်လိုင်းများမှာ ယခင်ကထက် များစွာနေ့စဉ် ပြေးဆွဲနိုင်ခြင်းမရှိတော့ဘဲ ပြေးဆွဲ သည့် ယာဉ်အစီးရေလျော့နည်းလာခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင် (မိုင်းယု)**

# ဘွဲ့တော်သုံးမည်ခေါ်ဝေါ် ရှေးဟောင်းသဗ္ဗညုဆုတောင်းပြည့်စေတီတော်

**မြင့်မောင်(မိုင်းဆတ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နှင့် ဝန်းကျင်တစ်ဝိုက်တွင် ဖူးမြော်ကြည်ညိုဖွယ်ရာ ဘုရားစေတီပုထိုးများစွာထဲမှ ဘွဲ့တော်သုံးမည် ခေါ်ဝေါ် ရှေးဟောင်းသဗ္ဗညုဆုတောင်းပြည့် စေတီတော် ဘုရားသမိုင်းကြောင်းကိုသိရှိသူ နည်းပါးသဖြင့် စေတီတော်ကြီးအား တည်ထား ကိုးကွယ်ခြင်းမပြုမီအချိန်မှစတင်ပြီး မှတ်သား ကြည်ညိုဖွယ်ရာများကို ရေးသားဖော်ပြလိုပါ သည်။

မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဥာဏသံဝရသည် မိုင်းဆတ်မြို့သို့ ၂၇- ၅- ၁၉၉၇ ရက်နေ့တွင် ကြွရောက် သီတင်းသုံးတော်မူခဲ့ပြီး အဆိုပါနေ့ ညနေတွင် ဆရာတော်က တရားထိုင်ရင်း အဓိဋ္ဌာန် ပြုရာ မိုင်းဆတ်-မိုင်းပျဉ်းသွား ကားလမ်းမကြီး ဘေးတွင် လွန်ခဲ့သောနှစ်ပေါင်း ၈၀၀ ခန့်က စေတီတစ်ဆူရှိခဲ့ကြောင်း အာရုံတွင် ထင်ရှား စွာမြင်လာသဖြင့် သွားရောက်ရှာဖွေ ရှင်းလင်းရာ ရှေးဟောင်း အုတ်ပြားချပ်ကြီးများနှင့်အတူ အချင်း ခြောက်လက်မခန့်ရှိ စေတီအုတ်ခုံပျက်အား သစ်ပင်ချုံနွယ်များ ပေါက်ရောက်ဖုံးလွှမ်းလျက် တွေ့ရှိခဲ့ရပါသည်။

အဆိုပါ စေတီဟောင်းအား မိုင်းဖုန်း ဆရာတော်က ၂၈-၅-၁၉၉၇ ရက်နေ့ နံနက် ၈ နာရီတွင် ပရိတ်တရားတော်များ ရွတ်ဖတ် ပူဇော်ပြီး စေတီဟောင်းအား ပြန်လည်တည်ထား ကိုးကွယ်ရန် ဆရာတော်က မိန့်ကြားတော် မူခဲ့သည်။

ထို့နောက် မိုင်းဖုန်းဆရာတော်၏ ဩဝါဒ ကိုခံယူပြီး မိုင်းဆတ်မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသုန္ဒရမာလာအား အမှူး ထား၍ တာဝန်ရှိသူများနှင့် မြို့နယ်ဂေါပကဥက္ကဋ္ဌ ဦးနာလိန်တို့ဦးဆောင်၍ ၉-၇-၁၉၉၇ ရက်နေ့ နံနက်ပိုင်းတွင် မြေသန့်မင်္ဂလာကျင်းပပြီး နံနက် ၉ နာရီ ၉ မိနစ် ၉ စက္ကန့်တွင် ပန္နက်တင် မင်္ဂလာကျင်းပကာ ၁၂-၇-၁၉၉၇ ရက်နေ့ နံနက် ၇ နာရီ ၇ မိနစ် ၇ စက္ကန့်တွင် အုတ်မြစ်ချမင်္ဂလာ ကျင်းပခဲ့သည်။ ၁၆-၉-၁၉၉၇ ရက်နေ့တွင် အောက်ဌာပနာပိတ်သိမ်းပြီး ၁၂-၃-၁၉၉၈ ရက်နေ့ နံနက် ၉ နာရီ ၁၈ မိနစ် ၉ စက္ကန့်တွင် အထက် ဌာပနာပိတ်သိမ်းပူဇော်ခြင်း၊ ထီးတော်၊ စိန်ဖူးတော် တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မင်္ဂလာကျင်းပကာ ပလ္လင်တော် ၄၄ တောင်ပတ်လည် နှင့် ဉာဏ်တော်အမြင့် ၃၇ တောင်ရှိ စေတီတော်ကို ပြန်လည်တည်ထား ကိုးကွယ်ခဲ့ကြသည်။



**စေတီတော်ကြီးနှင့်အတူ အရန်စေတီ ၃၂ ဆူ၊ ဂြိုဟ်တိုင်ဘုရားကျောင်းဆောင်၊ ရုပ်ပွားတော်၊ ဂြိုဟ်တိုင်တို့ကို ထောင့်ရှစ်ထောင့်တွင်လည်းကောင်း၊ စေတီတော် အနီး၌ ဘုံခုနစ်ဆင့်ပါ ဓမ္မဃောသက သာသနာ့ဗိမာန်၊ ပုဗ္ဗာရုံကျောင်း တစ်ကျောင်း နှင့် မဟာဗောဓိညောင်ပင်စိုက်ပျိုးခြင်းတို့ကို စေတီတော်ကြီးနှင့်အတူ တစ်ပြိုင်တည်း ဆောက်လုပ်လှူဒါန်းပူဇော်ခဲ့ကြသည်။ စေတီတော်ကြီးကို ဘွဲ့တော် သုံးမည်ခေါ်ဝေါ်ကာ ပူဇော်ခဲ့ကြပြီး “သဗ္ဗညုဆုတောင်းပြည့်စေတီတော်” ဟုသာ လူသိများကာ ကျန်ဘွဲ့တော်များကိုသိရှိသူ နည်းပါးလှသည်။ စေတီတော်ကြီး၏ ဘွဲ့တော်များမှာ စေတီတော်ကြီးနှင့်အတူ အရန်စေတီ ၃၂ ဆူရှိခြင်းကြောင့် “(၃၃)ဆူ ဆုတောင်းပြည့်စေတီတော်”၊ “သဗ္ဗညုဆုတောင်းပြည့်စေတီတော်” နှင့် “မိုင်းဆတ် ရွှေတိဂုံစေတီတော်” ဟူ၍ ဘွဲ့တော်သုံးမည်ခေါ်ဝေါ်ပူဇော်ခဲ့ကြ။**

အဆိုပါ စေတီတော်ကြီးနှင့်အတူ အရန် စေတီ ၃၂ ဆူ၊ ဂြိုဟ်တိုင်ဘုရားကျောင်းဆောင်၊ ရုပ်ပွားတော်၊ ဂြိုဟ်တိုင်တို့ကို ထောင့်ရှစ်ထောင့်တွင် လည်းကောင်း၊ စေတီတော်အနီး၌ ဘုံခုနစ်ဆင့်ပါ ဓမ္မဃောသက သာသနာ့ဗိမာန်၊ ပုဗ္ဗာရုံကျောင်း တစ်ကျောင်းနှင့် မဟာဗောဓိညောင်ပင်စိုက်ပျိုးခြင်း တို့ကို စေတီတော်ကြီးနှင့်အတူ တစ်ပြိုင်တည်း ဆောက်လုပ်လှူဒါန်းပူဇော်ခဲ့ကြသည်။ စေတီတော် ကြီးကို ဘွဲ့တော်သုံးမည်ခေါ်ဝေါ်ကာ ပူဇော်ခဲ့ကြပြီး “သဗ္ဗညုဆုတောင်းပြည့် စေတီတော်” ဟုသာ လူသိများကာ ကျန်ဘွဲ့တော်များကိုသိရှိသူ နည်းပါး လှသည်။ စေတီတော်ကြီး၏ ဘွဲ့တော်များမှာ စေတီတော်ကြီးနှင့်အတူ အရန်စေတီ ၃၂ ဆူရှိခြင်း ကြောင့် “(၃၃)ဆူ ဆုတောင်းပြည့်စေတီတော်”၊ “သဗ္ဗညုဆုတောင်းပြည့်စေတီတော်” နှင့် “မိုင်းဆတ် ရွှေတိဂုံစေတီတော်” ဟူ၍ ဘွဲ့တော်သုံးမည် ခေါ်ဝေါ်ပူဇော်ခဲ့ကြပါသည်။

ထို့ကြောင့် မိုင်းဆတ်သူ မိုင်းဆတ်သားများ ကြည်ညိုကိုးကွယ်ပူဇော်နေကြသည့် ဘုရားစေတီ များစွာထဲမှ ရှေးဟောင်းဆုတောင်းပြည့်သဗ္ဗညု စေတီတော်ကြီး၏သမိုင်းနှင့် ဘွဲ့တော်သုံးမည် တို့ကို ရေးသားဖော်ပြလိုက်ရပြီး ခရီးသွားပြည်သူ များအနေဖြင့် မိုင်းဆတ်မြို့သို့ ရောက်ရှိပါက ဘွဲ့တော်သုံးမည်ခေါ်ဝေါ် ရှေးဟောင်းသဗ္ဗညု ဆုတောင်းပြည့်စေတီတော်အား သွားရောက် ဖူးမြော်နိုင်စေရန် ရေးသားဖော်ပြလိုက်ရပါ သည်။ ။

# ကြေးတိုင်အင်းများအတွင်း တိုင်းရင်းငါးမျိုးစိတ်များ မျိုးစိုက်ထည့်

**နေပြည်တော် မတ် ၈**


ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဇလွန်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ရေလဲ ကျေးရွာရှိ တပုလဲအင်းတွင် တိုင်းရင်းငါးမျိုး အရွယ်စုံပိသဿ ချိန် ၃၀၀ ကိုလည်းကောင်း၊ ဟင်္သာတမြို့နယ် အိပ်ပျော် ကျေးရွာရှိ အိပ်ပျော်အင်းတွင် တိုင်းရင်းငါးမျိုး အရွယ်စုံပိသဿ ချိန် ၂၀၀ ကျော်ကို လည်းကောင်း (မျိုးချန်)မျိုးစိုက်ပွဲကို ကျင်းပခဲ့ သည်။



အဆိုပါ မျိုးစိုက်ပွဲကို ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့် လွင်နှင့် မြို့နယ်ဦးစီး ဌာနမှူး ဦးမင်းဇော်တို့အပြင် ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီး ဌာနရုံးတို့မှ ဝန်ထမ်းများ၊ အင်းသားကြီးများ နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ တိုင်းရင်း ငါးအရွယ်စုံတွင် ငါးခူ၊ ငါးရံ့၊ ငါးကျည်း၊ ငါးသင်းအုံ(ငါးပနော်)၊ ဘိလား၊ ငါးဖယ်၊ ငါးကြင်းဖြူ (မြစ်)၊ ငါးမြစ်ချင်း(မြစ်)၊ ငါးခေါင်း ပွ(မြစ်)၊ ငါးဘတ်နှင့် တီလားပီး ယားတို့ပါဝင်သည်။

ငါးလုပ်ငန်းဦးစီးဌာနက လျော့ပါး လာသည့် ငါးသယံဇာတကို ဖြည့်တင်းရန်အတွက် ဌာနပိုင် ငါးစခန်းများမှ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းစသော ငါးမျိုးသား ပေါက်များကို မိုးရာသီတွင် မျိုးစိုက်လေ့ရှိပြီး ယခုကဲ့သို့ အင်းရာသီကုန်ဆုံးချိန် ကာလ ကုန်းတင်ရေကျန် အင်းများ၌ တိုင်းရင်းငါးများကို အကုန် မဖမ်းဘဲ (မျိုးချန်) မျိုးစိုက်ကာ သဘာဝရေပြင်တွင် ထိန်းသိမ်း ထားပြီး မိုးဦးကျ ငါးရစ်ရာသီတွင် သဘာဝအလျောက် ပေါက်ပွား စေခြင်းဖြင့် အစာဖိုးမကုန် ဆေးဖိုးမကုန်ဘဲ ငါးသယံဇာတကို တိုးပွားစေကြောင်း ခရိုင်ငါး လုပ်ငန်းဦးစီးမှူးထံမှ သိရသည်။

သတင်းစဉ်



## ကျောက်ဆည်ဒေသထွက် ကြက်သွန်နီများ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူး

**နေပြည်တော် မတ် ၈**

နေပြည်တော်သမဝါယမအသင်းစုချုပ်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သမဝါယမအသင်းစုနှင့်ချိတ်ဆက်၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းများမှ ထုတ်လုပ်သော ကြက်သွန်နီပိဿာချိန် ၃၀၀၀ ကို မတ် ၈ ရက်က နေပြည်တော်တိုင်းဒေသကြီးအတွင်းရှိ သီရိ ငါးမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များရှိ သမဝါယမအသင်းသား ပြည်သူများသို့ ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရေးအတွက် ဖြန့်ဖြူး ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သစ်သားဆီဆုံများ မကွေးမြို့နယ်၌ အသုံးတွင်ကျယ်လာ



**မကွေး မတ် ၈**
မကွေးမြို့၌ နှမ်း၊ မြေပဲ၊ နေကြာသီးနှံများကို နွားတပ်ဆီဆုံများအစား မြင်းကောင်ရေနှစ်ကောင်အားရှိ မော်တာတပ်ဆင်ထားသော မိသားစုတစ်ပိုင်တစ်နိုင် သစ်သားဆီဆုံ လုပ်ငန်းများ တစ်နေ့ ပျမ်းမျှကျပ် ၂၀၀၀၀ ကျော်ပုံမှန်ဝင်ငွေရရှိကြကြောင်း သိရသည်။

"မကွေးမြို့ပေါ်မှာ တစ်ပိုင်တစ်နိုင် စက်ကြိတ်ဆီစက်အသေးစားလေးတွေလည်း ရှိပါတယ်။ သို့သော်လည်း တစ်ပိုင်တစ်နိုင် သစ်သားဆီဆုံများ အလုပ်ဖြစ်ကြပါတယ်။ ဘာဖြစ်လဲဆိုတော့ ဆုံဆီစစ်စစ် ဆီမွှေးမွှေး စားသုံးသူများရှိကြလို့ပါ။ ကိုယ့်ရဲ့ လယ်ယာမြေက ထွက်ရှိတဲ့ နှမ်း၊ မြေပဲ၊ နေကြာတွေကို သစ်သားဆုံဆီမှာ ဆီပွတ်ခပေးပြီး ဆီကြိတ်စားကြပါတယ်။ မော်တာသုံးသစ်သားဆီဆုံများရဲ့လုပ်ငန်းကလည်း တွင်ကျယ်နေပါတယ်" ဟု မကွေးမြို့ အောင်ဇေယျာရပ်ကွက်မှ သစ်သားဆီဆုံ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်သူ ဦးထွန်းထွန်းအေးက ပြောကြားသည်။

ဆုံတစ်လုံးတွင် နှမ်းလေးပြည် (သို့မဟုတ်) မြေပဲဆန်လေးပြည် ကြိတ်နိုင်သည်။ နှမ်းလေးပြည်ကို နှမ်းဖတ်ယူဆီကြိတ်ပါက ဆီကြိတ်ခ ကျပ် ၁၇၀၀၊ နှမ်းတစ်တင်းကျပ် ဖ၈၀၀ ဆီကြိတ်ခယူကြောင်း သိရသည်။ တစ်နေ့ နှမ်းလေးတင်းနှုန်းဖြင့် နေ့စဉ်ပုံမှန်ဆီကြိတ်နိုင်ကြောင်း ၎င်းထံမှ သိရသည်။ မြေပဲဆန်ကြိတ်ပါကလည်း နှမ်းကြိတ်ခအတိုင်း ယူကြောင်း သိရသည်။

နှမ်းတစ်တင်းဆီပွတ်ပါက နှမ်း၏ အရည်အသွေးပေါ်မူတည်၍ နှမ်းဆီ ခြောက်ပိဿာခွဲမှ ခုနစ်ပိဿာနှုန်း ထွက်ရှိကြောင်း သိရသည်။ မြေပဲနှင့် နှမ်းတစ်တင်းလျှင် ပိဿာချိန် ၁၅ ပိဿာအဖြစ် စံနှုန်းသတ်မှတ်ထားကြောင်း သိရသည်။

မကွေးမြို့ပေါ်တွင် နှမ်းဆီဆုံဆီစစ်စစ်တစ်ပိဿာ ကျပ် ၈၀၀၀၊ မြေပဲဆီဆုံဆီစစ်စစ် တစ်ပိဿာ ကျပ် ၇၀၀၀ ဈေးနှုန်းဖြင့် ရောင်းကြောင်း လက်ရှိ ပေါက်ဈေးအရ သိရသည်။ စက်ကြိတ်နှမ်းဆီ တစ်ပိဿာကျပ် ၆၀၀၀၊ မြေပဲဆီ တစ်ပိဿာ ကျပ် ၅၅၀၀ မှ ၅၇၀၀ ရှိကြောင်း လက်လီရောင်းချနေသော ဆီစက်များမှ သိရသည်။

မကွေးမြို့ပေါ်တွင် မိသားစု တစ်ပိုင်တစ်နိုင်သုံး မော်တာတပ် သစ်သားဆုံ ၃၀ ကျော် ၄၀ ခန့် ရှိကြောင်း၊ တစ်မြို့နယ်လုံးဆီဆုံ ၁၀၀ နီးပါးခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း သစ်သားဆုံဆီလုပ်ငန်းရှင်များထံမှ သိရသည်။

**မကွေး ဝင်းမောင်**

■

## မိုးနဲမြို့ ပြည်သူ့အားကစားကွင်းဝင်းအတွင်း မိုးလုံလေလုံ အားကစားရုံ ဆောက်လုပ်

**မိုးနဲ မတ် ၈**
ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနက ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ်ပြည်သူ့အားကစားကွင်းဝင်းအတွင်း မိုးလုံလေလုံအားကစားရုံကို တည်ဆောက်လျက်ရှိသည်။

မိုးလုံလေလုံအားကစားရုံမှာ အလျားပေ ၂၀၀၊ အနံပေ ၁၀၀ နှင့် ခေါင်အမြင့် ၄၆ ပေ Steel Structure အမျိုးအစားတစ်ထပ်ဖြစ်ပြီး လုပ်ငန်း ၃၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားရုံ တည်ဆောက်ရာတွင် လုပ်ငန်းများအရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## သောက်သုံးရေအခက်ကြုံနေသည့်ဒေသခံပြည်သူများအား သောက်သုံးရေလှူဒါန်း

**ညောင်ဦး မတ် ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဝက်သဲကျင်းတဲတိုက်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်ကြုံတွေ့နေရကြောင်း သိရ၍ ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ပရဟိတ ရေလှူအဖွဲ့က ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်ခဲ့ကြောင်း သိရသည်။

ပွင့်လင်းရာသီရောက်ရှိလာချိန်တွင် ညောင်ဦးမြို့နယ်အတွင်းရှိအညာကျေးလက်ဒေသများတွင် မြေသား မိုးရေလှောင်ကန်များတွင် မိုးရေဝင်ရောက်မှုလျော့နည်းခဲ့သည့်အတွက် ဒေသခံပြည်သူများ ဆောလျင်စွာသောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကာ ကျေးလက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ရေသယ်ယာဉ်များဖြင့် စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်း ဝက်သဲကျင်းတဲတိုက်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ညောင်ဦးခရိုင်ဥပဒေရုံးမှ ရုံးဝန်ထမ်းမိသားစုဝင်များက ရေကုသိုလ်အဖြစ် လှူဒါန်းသော သောက်သုံးရေဂါလန် ၁၈၀၀ လှူဒါန်းသည့်အတွက် ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း သိရသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

## ချင်းပြည်နယ်အတွက် ဝင်ငွေတိုးပွားစေမည့် တစ်ပိုင်တစ်နိုင် နွားနောက်မွေးမြူရေးလုပ်ငန်း

ချင်းပြည်နယ်၏ ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ ချင်းလူမျိုးများသည် နွားနောက်ကို အလွန်တန်ဖိုးထားကြသည်နှင့် အညီ လူပြီးလျှင် နွားနောက်ဟူသော နွားနောက် အပေါ်တန်ဖိုးထားမှုဆိုရိုးများ ရှိခဲ့သည်။

ချင်းလူမျိုးတို့၏ ရိုးရာပွဲများဖြစ်သည့် ခလှေ့ထုံးတမ်း ယစ်ပူဇော်ပွဲများ၊ သက်ကြီးကန်တော့ပွဲများ၊ ထိမ်းမြားမင်္ဂလာပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် လူမှုရေးပြဿနာတို့တွင် နွားနောက်မပါလျှင်မပြီး၊ မပါလျှင် မဖြစ်ပေ။ ချင်းပြည်နယ် (တောင်ပိုင်း)ဒေသခံလူကြီးများအဆိုအရ နွားနောက်သည် မင်းတပ်မြို့နယ် ဝေလောင်းကျေးရွာအနီး အွတ်လောင်းအိုင်တွင် စတင်တွေ့ရှိရပြီး ယခုအချိန် ချင်းတောင်ဒေသအသီးသီး၌ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားစေရန် နွားနောက်များကို တန်ဖိုးထားမွေးမြူကြကြောင်း သိရသည်။

ချင်းပြည်နယ်တွင် နွားနောက်မွေးမြူသည့် မြို့နယ်များမှာ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ မြို့နယ်တို့ဖြစ်ကြပြီး ယင်းမြို့နယ်များအနက် မင်းတပ်နှင့် မတူပီမြို့တို့တွင် နွားနောက်ကို အများဆုံးမွေးမြူကြကာ ဟားခါးနှင့် ပလက်ဝမြို့တို့တွင် မွေးမြူမှု အနည်းဆုံးဖြစ်သည်။

ချင်းပြည်နယ် တစ်ဝန်းလုံးတွင် နွားနောက်ကောင်ရေ ၇၀၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းပြောဆိုကြကြောင်း၊ နွားနောက်အရှင်ကို အိန္ဒိယနိုင်ငံမီဇိုရမ်ပြည်နယ်ဘက်နှင့် ရှမ်းပြည်နယ်ဘက်မှလည်း လာရောက်ဝယ်ယူမှုများရှိပြီး ကလေး၊ မုံရွာ၊ မန္တလေးဘက်မှလည်း နွားနောက်သားအစိုအခြောက် နှစ်မျိုးလုံး ဝယ်ယူကာဟင်းလျာအဖြစ် အသုံးပြုကြကြောင်း တီးတိန်မြို့နယ်မှ နွားနောက်မွေးမြူရေး တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

နွားနောက်၏အသားသည် နူးညံ့၍ အရသာကောင်းမွန်ခြင်း၊ အသားထွက်နှုန်း ကောင်းမွန်ခြင်းတို့ကြောင့် အသားထုတ်လုပ်သူများနှင့် ကျွဲ၊ နွားရောင်းဝယ်သူများက ဈေးကောင်းပေး၍ ဝယ်ယူကြခြင်း၊ တစ်ဖက်တွင်လည်း နွားနောက်ပိုင်ရှင်များက ဈေးကောင်းရချိန်တွင် ရောင်းချကြသဖြင့် နွားနောက်ကောင်ရေသည် ပွားများတိုးတက်သင့်သလောက် ပွားများတိုးတက်လာခြင်း မရှိကြောင်း တွေ့ရသည်။



သို့ဖြစ်၍ ယင်းကဲ့သို့ နွားနောက်မျိုးများ တိမ်ကောပပျောက်မှုကိုကာကွယ်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်၏သားငါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အပံ့ဖြစ်လာစေရေးအတွက်လည်းကောင်း၊ နွားနောက်ကောင်ရေ တိုးပွားလာစေရေးနှင့် မိရိုးဖလာ မွေးမြူထားသောစနစ်မှသည် စနစ်တကျထိန်းကျောင်းမွေးမြူရေးစနစ်သို့ ကူးပြောင်းလာစေရေးအတွက်လည်းကောင်း လုပ်ငန်းစီမံချက်များချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိသည်။

နွားနောက်သည် တစ်နှစ်တစ်ကြိမ်သားမွေးသည့် သတ္တဝါအမျိုးအစား ဖြစ်သည်။ အရွယ်ရောက်ပြီးအကောင်ကြီးထွားသည့် နွားနောက်တစ်ကောင်၏ တန်ဖိုးမှာ ကာလဒေသပေါက်ဈေး အမတစ်ကောင်လျှင် ခြောက်သိန်း၊ အထီးတစ်ကောင်လျှင် ၁၀ သိန်းအထိရှိသည်။

နွားနောက်များသည် အရွယ်ရောက်ချိန်စော၍ အသားတိုးနှုန်းကောင်းမွန်ခြင်း၊ အသားသည် နူးညံ့၍အရသာကောင်းမွန်ခြင်း၊ အရိုးသေး၍ အသားများသဖြင့် အသားအထွက်များခြင်း၊ ကုန်ကျစရိတ်သက်သာစွာဖြင့် မွေးမြူနိုင်ခြင်းတို့ကြောင့် အသားစားမျိုးအဖြစ် စနစ်တကျမွေးမြူနိုင်ပါက စီးပွားရေးအရ များစွာအောင်မြင်နိုင်သည်။

နွားနောက်များသည် ရောဂါနှင့် ရာသီဥတုဒဏ်ကို ကျွဲ၊ နွားများထက် များစွာခံနိုင်ရည်ရှိသည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးပါးလုံး တောထဲ၌ နေထိုင်ကျက်စားသွားလာနိုင်သည်။ ချင်းပြည်နယ်တွင် နွားနောက်အထီးနှင့် ဒေသနွားများကို ရောနှောလွှတ်ကျောင်းလေ့ရှိပြီး နွားနောက်အထီးနှင့် ဒေသနွားများ သဘာဝသားစပ်ပြီး ရရှိသော ကပြားနွားငယ်နွားနောက်နှင့် နွားကပြားမျိုး ဟုခေါ်သည်။ အဆိုပါနွားမျိုးသည် နွားနောက်အစစ်များထက် ခန္ဓာကိုယ်ကြီးမားတုတ်ခိုင်၍ အသားစားနွားမျိုးအဖြစ်မွေးမြူရန် ပိုမိုသင့်လျော်သည်။

နွားနောက်မွေးမြူရေးလုပ်ငန်းသည် စနစ်တကျဖြင့် ထိန်းကျောင်းမွေးမြူပါက ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်များများရရှိနိုင်ပါသည်။ နွားနောက်များအတွက် နွားများကဲ့သို့ အစာအထူးကျွေးမွေးစရာမလိုဘဲ တောထဲ၌သာ စနစ်တကျလွှတ်ကျောင်းပြီး ညနေပိုင်းအချိန်မှန်မှန် ခြံပြန်သွင်း၍ ဆားကျွေးခြင်း၊ ကာကွယ်ဆေးများအချိန်မှန်ထိုးနှံပေးခြင်းတို့ဖြင့် ကောင်ရေတိုးပွားအောင် မွေးမြူနိုင်သည်။

ထို့ကြောင့် ချင်းတိုင်းရင်းသားတို့ကို ဝင်ငွေတိုးတက်စေသော နွားနောက်မွေးမြူရေးကို နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများကပုဂ္ဂလိကအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့များအနေဖြင့်လည်းကောင်း တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ် တစ်အုပ်တစ်မ မွေးမြူရေးဆီသို့ ဆောင်ရွက်မွေးမြူနိုင်ပါက ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဇိုဟောဆာ**




# ဘာစီလိုနာအသင်းက လာပေ့ါတာအား အသင်းဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ် ရွေးချယ်

လာပေ့ါတာဟာ ဘာစီလိုနာအသင်းရဲ့ ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့တာကြောင့် အသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပြီး ယခုတစ်ကြိမ်ဟာ လာပေ့ါတာအတွက် ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ် ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။

လာပေ့ါတာဟာ ဆန္ဒမဲပေးမှုရဲ့ ၅၄ ရာခိုင်နှုန်းကျော်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းဥက္ကဋ္ဌဖြစ်လာခဲ့တာကြောင့် တိုက်စစ်မှူး လီယွန်နယ်မက်ဆီကိုလည်း အသင်းမှာ ဆက်ထားသွားဖို့ ကတိပြုခဲ့ပါတယ်။ အသက် ၅၈ နှစ်အရွယ်ရှိလာပေ့ါတာဟာ ၂၀၀၃ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တာဖြစ်ပြီး အဲဒီအချိန်က ဂွါဒီယိုလာကို ဘာစီလိုနာအသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ဗစ်တာဖွန့်ဟာ ဆန္ဒမဲပေးမှုရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ ဒုတိယမဲအများဆုံးရရှိခဲ့ပြီး တိုနီဖရီဇာကတော့ တတိယမဲအများဆုံးရရှိခဲ့တာဖြစ်ပါတယ်။ လာပေ့ါတာဟာ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူချိန်မှာ ဘရာဇီးစူပါစတား ရိုနယ်လ်ဒင်ဟိုနဲ့ ကင်မရွန်းတိုက်စစ်မှူး အီတူးတို့ကို ဘာစီလိုနာအသင်းဆီ ခေါ်ယူခဲ့ပြီး ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ စပိန်လာလီဂါဖလားလေးကြိမ်နဲ့ စပိန်ကိုပါဒယ်ရေးဖလားတစ်ကြိမ်တို့ကို ရရှိခဲ့တာဖြစ်ပါတယ်။

လာပေ့ါတာ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် ရှိနေစဉ်အတွင်း တိုက်စစ်မှူး မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ပေါ်ထွက်လာခဲ့ပြီး အခုအသင်းဥက္ကဋ္ဌရွေးချယ်ပွဲမှာလည်း လာပေ့ါတာကို မဲပေးခဲ့တယ်လို့ သိရပါတယ်။

■

# ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ပေါင်သန်း ၁၀၀ နဲ့ ရောင်းချလိမ့်မည်မဟုတ်ဟု နည်းပြဒေးဗစ်မိုယက်ပြောကြား

ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်ဟာ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ပြောင်းရွှေ့ကြေးပေါင်သန်း၁၀၀ နဲ့ ရောင်းချသွားမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

ဝက်စ်ဟမ်းအသင်းရဲ့ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့က အသက် ၂၂ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

လက်ရှိမှာ ဝက်စ်ဟမ်းအသင်း ပူးတွဲပိုင်ရှင်ဒေးဗစ်ဆူလီဗန်က ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၀၀ သတ်မှတ်ထားတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ဟာ အခုနှစ်ဘောလုံးရာသီမှာ ဝက်စ်ဟမ်းအသင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၆ ပွဲမှာ ပွဲချိန်ပြည့် ပါဝင်ကစားပေးခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းကို ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၇)နေရာရောက်ရှိရေး စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

ဒီကလန်ရိုက်ဟာ အသက် ၁၄ နှစ်အရွယ်မှာ ဝက်စ်ဟမ်းအသင်းကို ရောက်ရှိခဲ့တာဖြစ်ပြီး အသက် ၁၈ နှစ်အရွယ်ဖြစ်တဲ့ ၂၀၁၇ ခုနှစ်မှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ပရီမီယာလိဂ်မှာ အကောင်းဆုံးကွင်းလယ်ကစားသမားတွေထဲက တစ်ဦးဖြစ်လာခဲ့ပါတယ်။

နည်းပြ ဒေးဗစ်မိုယက်ဟာ ဝက်စ်ဟမ်းအသင်းကို ပရီမီယာလိဂ်အဆင့်(၄) စာရင်းဝင်ကာ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးကြိုးပမ်းနေတာဖြစ်လို့ ဒီကလန်ရိုက်ကို အသင်းမှာဆက်ရှိနေရေး ပြင်ဆင်လျက်ရှိပါတယ်။ ဒီကလန်ရိုက်ရဲ့ လက်ရှိ ဝက်စ်ဟမ်းအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၄ ခုနှစ်ရောက်မှ ကုန်ဆုံးမှာဖြစ်ပါတယ်။

■




ငွေကြယ် - ရေးသားသည်

# မန်ချက်စတာဒါဘီပွဲစဉ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့

မတ် ၇ ရက်ညပိုင်းက မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၈ အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ချက်စတာဒါဘီပွဲစဉ်မှာ မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကတော့ ပွဲကစားချိန် ၇၃ မိနစ်မှာ လူစားလဲကစားခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းနည်းပြ ဆိုးရှားကတော့ ရက်ရှ်ဖို့ဒ်ရဲ့ ဒဏ်ရာဟာ မပြင်းထန်ဘူးလို့ ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာလည်း မန်ချက်စတာဒါဘီပွဲစဉ်မတိုင်မီ လေ့ကျင့်ရေးကွင်းမှာ ဒဏ်ရာရရှိခဲ့တာကြောင့် မတ် ၁၁ ရက်မှာ အေစီမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ယူရိုပါလိဂ်ပွဲစဉ်မှာ တိုက်စစ်ပိုင်းအားထားရတဲ့ ရက်ရှ်ဖို့ဒ်နဲ့ ကာဗာနီတို့ ပါဝင်လာနိုင်မှာမဟုတ်ဘူးလို့ သိရပါတယ်။

## ○ မန်စီးတီးအသင်းမှ

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ မန်ယူအသင်းနဲ့အတူ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီးနောက်ပိုင်း ပင်နယ်တီကန်သွင်းခွင့် ၁၃ ကြိမ်ရရှိခဲ့ရာမှာ ၁၂ ဂိုးအထိ ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ မန်ချက်စတာဒါဘီပွဲစဉ်မှာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ်စုစုပေါင်း ၆၅ မှတ်ရရှိထားပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၂)နေရာက မန်ယူအသင်းကို ၁၁ မှတ်အထိဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိနေတာဖြစ်ပါတယ်။

မန်ယူအသင်းအတွက်တော့ အဝေးကွင်းပွဲစဉ် ၂၂ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာဖြစ်ပြီး အဲဒီအဝေးကွင်းပွဲစဉ် ၂၂ ပွဲမှာ ၁၄ ပွဲက အနိုင်ရရှိထားတာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ်ရှုံးပွဲကြုံတွေ့ခဲ့တာဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၂၈ ပွဲဆက်ရှုံးပွဲမရှိစံချိန်လည်း မန်ယူအသင်းကြောင့် အဆုံးသတ်ခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းက အိမ်ကွင်းအီတီဟက်ဒ်မှာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် လက်ရှိအချိန်ဟာ ယခုနှစ်ဘောလုံးရာသီရဲ့ အရေးကြီးတဲ့အပိုင်းကို ရောက်ရှိလာပြီဖြစ်ကြောင်းနဲ့ ကစားဖို့ကျန်ရှိနေတဲ့ လက်ကျန်ပွဲစဉ် ၁၀ ပွဲဟာ အရေးပါနေတာဖြစ်တာမို့ ပရီမီယာလိဂ်ချန်ပီယံဖြစ်လာဖို့အတွက် အဲဒီပွဲစဉ်တွေထဲက ပွဲစဉ်အတော်များများကို အနိုင်ရရှိအောင် ကြိုးပမ်းသွားမှာဖြစ်တယ်လို့ မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာက ပြောကြားခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် မတ် ၁၀ ရက် (ဗုဒ္ဓဟူးနေ့ည)မှာ ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင် ကစားရမှာဖြစ်ပြီး မတ် ၁၃ ရက်(စနေနေ့ည)မှာ ဖူဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ မန်ယူအသင်းကတော့ မတ် ၁၁ ရက်(ကြာသပတေးနေ့ည)မှာ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် အေစီမီလန်အသင်းနဲ့ ကစားရမှာဖြစ်ပြီး မတ် ၁၄ ရက်(တနင်္ဂနွေနေ့ည)မှာ ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

# တိုက်စစ်မှူး အီဘရာဟီမိုဗစ်က အေစီမီလန်အသင်းတွင် ဆက်ရှိရန် ဆန္ဒရှိနေ

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ယခုနှစ် ဘောလုံးရာသီကုန်ပြီးနောက်ပိုင်းမှာလည်း လက်ရှိကလပ် အေစီမီလန်အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိ ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက အလွတ်ပြောင်းရွှေ့ကြေးနဲ့ အီတလီစီးရီးအေသို့ ပြန်လည်ရောက်ရှိလာခဲ့ကာ ယခုနှစ် ဘောလုံးရာသီကုန်အထိ စာချုပ်ချုပ်ဆိုထားတာဖြစ်ပါတယ်။ ဒါကြောင့် အေစီမီလန်အသင်းမှာ နောက်ထပ်ဘောလုံးရာသီ တစ်ရာသီ ဆက်ကစားဖို့ အီဘရာဟီမိုဗစ်က ဆန္ဒရှိနေတဲ့အပြင် အသက် ၄၀ အထိ အေစီမီလန်အသင်းနဲ့အတူ ကစားနိုင်ဖို့ မျှော်လင့်ထားတာ ဖြစ်ပါတယ်။



တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာအခုနှစ်ဘောလုံးရာသီမှာ အေစီမီလန်အသင်းနဲ့ အတူ အီတလီစီးရီးအေပွဲစဉ် ၁၂ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၁၆ ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် အေစီမီလန်အသင်းရဲ့ လာမယ့်ပွဲစဉ်တွေမှာ ပွဲထွက်လာနိုင်မှာမဟုတ်ဘဲ အနားယူရမှာဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အသင်းဟောင်းမန်ယူအသင်းနဲ့ အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ယူရိုပါလိဂ်ပွဲစဉ်တွေမှာလည်း ဒဏ်ရာပြဿနာကြောင့် ပါဝင်လာနိုင်မှာမဟုတ်ဘူးလို့ သိရပါတယ်။

■



## မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းကဖော်ဆောင်ပေးနေသော ကင်ပွန်းချဉ်စိုက်ခင်း

**မင်းဘူး မတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာတွင် ကင်ပွန်းချဉ်စိုက်ခင်းကို မိမိတို့၏ လက်ငုတ်လက်ရင်းဖြစ်သော လယ်ယာလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သော်လည်း တစ်ဖက်တစ်လမ်းမှ မိသားစုစားဝတ်နေရေးအတွက် အထောက်အပံ့ရရှိကာ အဆင်ပြေလျက်ရှိသည်။

ကင်ပွန်းချဉ်ပင်သည် စိုက်ပျိုးပြီးသုံးလအကြာတွင် အညွန့်များ၊ အတက်များကို စတင်ခူး၍ ရောင်းချလို့ရနေပြီး ခြောက်ရက်တစ်ခါ ရေသွင်းကာ မြေဆွ၊ ပေါင်းရှင်းပြုလုပ်ပေးနိုင်ပါက တစ်ရက်ခြား၊ နှစ်ရက်ခြား ခူးပေးရပြီး တစ်နှစ်ပတ်လုံးရောင်းချရကြောင်း သိရသည်။

ကင်ပွန်းချဉ်၊ ဆူးပုပ် စသောသီးနှံပင်များသည် ပင်လတ်အမျိုးအစားထဲတွင် ပါဝင်နေသဖြင့် တစ်ပင်နှင့်တစ်ပင် သုံးပေခွဲခြားကာ စိုက်ပျိုးရပြီး အပင်အရပ်မပြန်စေရန်နှင့် ဘေးသို့ဖြာထွက်နေသော ကိုင်းတက်များကို ခားဖြင့်ဖြတ်ပေးရသည်။

ကင်ပွန်းချဉ်ပင်သည် အရွက်နှင့် အသီးပါ နှစ်မျိုးစလုံး အသုံးဝင်သော်လည်း အသီးများသီးသည်အထိ မထားကြဘဲ အညွန့်များခူးကောင်းရုံအနေအထားဖြင့်သာ ကိုင်းတက်များကို ဖြတ်ဖြတ်ပေးကြသည်။

ကင်ပွန်းချဉ်ရွက်သည် မန်ကျည်းရွက်နှင့် အရသာချင်းတူသော်လည်း မန်ကျည်းရွက်က ရင်ပြည့်ရင်ကယ်ဖြစ်တတ်ပြီး ကင်ပွန်းချဉ်ရွက်က ဆေးဖက်ဝင်လေသည်။ ပေါ်စတွင် တစ်ပိဿာ ကျပ် ၄၅၀၀ ဈေးရောင်းရပြီး တစ်နှစ်ပတ်လုံး ခူး၍ရောင်းချနေရသဖြင့် မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ဖော်ဆောင်ပေးနေသော ကင်ပွန်းချဉ်ပင်ကို စိုက်ပျိုးသင့်ပေသည်။

**ဇေယျာထက် (မင်းဘူး)**

## မြစ်ကြီးနား၌ ဖရဲသီးဈေးကွက် အရောင်းကျဆင်း

**မြစ်ကြီးနား မတ် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ဖရဲသီးများ သစ်သီးဈေးကွက်သို့ ရောက်ရှိမှု အချိန်စောသော်လည်း ရောင်းအားကျဆင်းလျက်ရှိကြောင်း သစ်သီးအရောင်းဈေးကွက်မှ ဖရဲသီးရောင်းချသူ ဒေါ်မြင့်မြင့်ထွန်းက ပြောကြားသည်။

"လက်ရှိမှာတော့ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးထွက် ဖရဲသီးတွေ ရောင်းချနေတာပါ၊ တခြားတိုင်းဒေသကြီးတွေက ဖရဲသီးကို တစ်ဆင့်ခံဝယ်ယူရောင်းချရတာကြောင့် လက်ရှိပေါက်ဈေးကတော့ လက်ရွေးစင် အကြီးဆုံးတစ်လုံးကို ကျပ် ၃၅၀၀ နဲ့ အနိမ့်ဆုံး အသေးတစ်လုံးကိုတော့ ကျပ် ၁၀၀၀ နဲ့ ရောင်းချနေတာပါ၊ ဒေသတွင်းမတည်ငြိမ်မှုတွေလည်း ပါမယ်ထင်တယ်၊ အရင်နှစ်တွေလောက် ရောင်းမကောင်းဘူးလို့ ပြောရမှာပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်နှစ်များက ကချင်ပြည်နယ်အတွင်း ဖရဲစိုက်ခင်းများ စိုက်ပျိုးမှုကြောင့် ဖရဲသီးဈေးကွက်မှာ လက်ရွေးစင် အကြီးဆုံးတစ်လုံးလျှင် ကျပ် ၂၀၀၀ နှင့် အသေးတစ်လုံးလျှင်ကျပ် ၅၀၀ သာရောင်းချခဲ့ပြီး ယခုအခါ ဒေသတွင်း ဖရဲစိုက်ခင်းများ မစိုက်ပျိုးခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းတွင် မော်တော်ယာဉ်နှင့် မြန်မာ့မီးရထားခရီးစဉ်များမှာ ပြတ်တောက်နေခြင်း၊ ဒေသတွင်းမတည်ငြိမ်မှုများကြောင့် ယခင်နှစ်ကထက် ဖရဲသီးဈေးနှုန်းမှာ တိုးမြင့်လျက်ရှိကြောင်း ဖရဲသီးအရောင်းဆိုင်များမှ သိရသည်။ **မိုးဃ်ကျ(မြစ်ကြီးနား)**





## ဒေသထွက် မန်ကျည်းသီးမှည့်ပေါ်ချိန် ပုံမှန်ဈေးဖြင့်သာ ရောင်းချနေရ

**မယ်စဲ့ မတ် ၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဒေသခံပြည်သူများ ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်သည့် ဒေသထွက် မန်ကျည်းသီးအမှည့်ပေါ်ချိန် ဈေးကောင်းမရရှိဘဲ ပုံမှန်ဈေးဖြင့်သာ ရောင်းချနေရကြောင်း မန်ကျည်းသီးမှည့်ရောင်းချသူများထံမှ သိရသည်။

မန်ကျည်းပင်သည် အများအားဖြင့် အပူပိုင်းဒေသတွင်ပေါက်ရောက်ပြီး မန်ကျည်းသီးမှည့်သည် ဟင်းချက်ရာ၌ အလွန်အသုံးဝင်ပြီး ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုသည်။ တပေါင်းလတွင် အသီးရင့်မှည့်ပြီး မန်ကျည်းသီးအသစ် စပေါ်ချိန်ဖြစ်ရာ မန်ကျည်းပင်စိုက်ပျိုးထားသူ ဒေသခံများအနေဖြင့် အပိုဝင်ငွေရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

“အရင်နှစ်က ထိုင်းနိုင်ငံကို အစေ့မထုတ်ရသေးတဲ့ မန်ကျည်းသီးမှည့် တစ်ကီလိုကို ကျပ် ၇၀၀ နဲ့ ရောင်းရတယ်။ လက်ရှိအချိန်မှာတော့ နှစ်နိုင်ငံကုန်သွယ်ရေးလမ်းတွေ မဖွင့်သေးတဲ့အတွက် ဒေသတွင်းနဲ့ လွိုင်ကော်မြို့ကို တင်ပို့ရောင်းချရတယ်။ အစေ့မထုတ်ရသေးတဲ့ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ် ၅၀၀ နဲ့ အစေ့ထုတ်ပြီးသားဆိုရင် တစ်ပိဿာ ကျပ် ၃၀၀၀ နဲ့ ရောင်းချရတဲ့အတွက် အစေ့ထုတ်ပြီးမန်ကျည်းသီးမှည့်က ဈေးပိုရတယ်။ ခုလိုရာသီချိန် ဈေးကောင်းရတာမျိုးမဟုတ်ဘဲ ပုံမှန်ဈေးနဲ့သာ ရောင်းရတယ်” ဟု မန်ကျည်းသီးမှည့်ရောင်းချသူတစ်ဦးက ပြောကြားသည်။

ဒေသထွက်မန်ကျည်းသည် အချို့က အသားထူ၍ အစေ့သေးပြီး အချို့က အသားပါးကာ အစေ့ကြီးသည်။ မန်ကျည်းသီးမှည့်ပေါ်ချိန်ကာလတွင် မန်ကျည်းသီးအပေါ်ယံ အခွံခွာပြီး အသားသီးသန့်ရရန်နှင့် အစေ့သီးသန့်ရရန်ပြုလုပ်ကြပြီး မန်ကျည်းသီးစေ့ကို လှော်၍လည်းရောင်းချရသဖြင့် စားသုံးသူနှင့် ရောင်းချသူ နှစ်ဦးနှစ်ဖက် အဆင်ပြေသည့် ဒေသထွက်ကုန်တစ်ခုဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ပေါ်ဦးပေါ်ဖျားထန်းလျက်များ ပုံမှန်ဈေးသာ ရောင်းချနေရ



**ငါ့သရောက် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့တွင် ထန်းရာသီစတင်နေပြီဖြစ်ရာ ပေါ်ဦးပေါ်ဖျားထန်းလျက်များ ပုံမှန်ဈေးသာ ရောင်းချနေရကြောင်း ငါ့သရောက်မြို့ ထန်းပေါက်ကုန်းကျေးရွာထန်းတောင်သူ ဦးသာအောင်ထံက သိရသည်။

ညောင်ဦးခရိုင် ငါ့သရောက်မြို့ပတ်လည်တွင် ထန်းတောင်သူများ ထန်းလုပ်ငန်း အမြောက်အမြားလုပ်ကိုင်နေကြသော်လည်း ပေါ်ဦးပေါ်ဖျားထန်းလျက်များ တစ်ပိဿာ ကျပ် ၁၃၀၀ သာ ရောင်းချနေရကာ မနှစ်က ပေါ်ဦးပေါ်ဖျား ထန်းလျက်ဈေးထက် ကျပ် ၅၀၀ ထိ ဈေးနှုန်းလျော့ကျနေကြောင်း သိရသည်။

ငါ့သရောက်မြို့ပတ်လည်တွင် ထန်းပင်မြောက်မြားစွာရှိပြီး တစ်ချိန်က ထန်းတက်လုပ်ငန်း အဓိကထားလုပ်ကိုင်ခဲ့ကြသော်လည်း ခေတ်ကာလပြောင်းလဲလာခြင်းနှင့်အတူ သကြားဈေးနှုန်းလျော့ကျမှုကို မလိုက်နိုင်ဘဲ ထန်းတောင်သူများ ရေကြည်ရာမြက်နုရာ ပြည်ပထွက်အလုပ်လုပ်ကိုင်မှု များပြားလာခဲ့ရာ ထန်းပေါက်ကုန်းကျေးရွာတွင် ယခင်က ထန်းတောင်သူ တစ်ရွာလုံးလုပ်ကိုင်စားသောက်နေခဲ့ကြရာ ယခု ထန်းတောင်သူ တစ်ဝက်ခန့်ပင်မရှိတော့ကြောင်း ထန်းတောင်သူ ဦးစိုးဝင်းက ရှင်းပြသည်။

ထန်းလျက်ပေါ်ဦးပေါ်ဖျားပင် ဈေးနှုန်းကျဆင်းနေလျှင် ထန်းလျက်လှိုင်လှိုင်ပေါ်ချိန် ပို၍ဈေးနှုန်းကျဆင်းနိုင်ကြောင်း၊ ထန်းတောင်သူလုပ်ငန်းသည် ငါ့သရောက်မြို့တွင် ထန်းတက်လုပ်ငန်းကို မိရိုးဖလာလုပ်ငန်တစ်ခုအဖြစ် ခေတ်အဆက်ဆက်လုပ်ကိုင်လာကြသော်လည်း ထန်းတက်လုပ်ငန်းသည် အိမ်ရှိမိသားစုအားလုံးပင်ပန်းသော်လည်း ပင်ပန်းသလောက်တွက်ခြေမကိုက်ခြင်းကြောင့် အခြားလုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်လာကြကြောင်း၊ အချို့က စိုက်ပျိုးမွေးမြူရေး၊ အချို့က ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား အစရှိသည့်နိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်နေမှုများပြားလျက်ရှိရာ ငါ့သရောက်မြို့တွင် ပြည်ပထွက်အလုပ်လုပ်ကိုင်နှုန်း အလွန်များပြားကြောင်းလည်း သိရသည်။

ငါ့သရောက်မြို့တွင် ထန်းတက်ရန် ထန်းပင်ပြင်ခြင်းလုပ်ငန်းများကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် စတင်ပြင်ဆင်ကြပြီး ထန်းနှင့်ပတ်သက်၍ လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများဖြစ်သော ထန်းဆွဲမြူအိုး၊ ထန်းဆွဲမြူအိုးဆွဲကြိုး၊ ယင်းထောင်(လှေကား)၊ ယင်းဆွဲ၊ ထန်းလှီးအိမ်၊ ထန်းလှီးဓား၊ ထန်းလျက်လုပ်ရန် မိုးဖြဲဒယ်လေးလုံးမှ ခြောက်လုံး၊ ထန်းလျက်ချက်ရန် ထန်းလျက်ချက်ဖိုပြုလုပ်ရန် မြေနီမြေနှင့် မြေစေးစုဆောင်းတည်ဆောက်ခြင်း၊ ထန်းလျက်ကျိုချက်ရန် လောင်စာထန်းလက်များ ကြိုတင်စုဆောင်းရကြောင်းလည်း သိရကာ အိမ်ရှိလူကုန်ပင်ပန်းသည့် ထန်းတက်လုပ်ငန်းအား ထန်းလျက်ဈေးနှုန်းပေါ်မူတည်ကာ ထန်းတက်လုပ်ငန်းလုပ်ကိုင်မှုရှိလာခဲ့ကြောင်းလည်း သိရသည်။

**အေးအေးမိုး**
**(ငါ့သရောက်)**

## သတင်းဌာန ၅ ခုအား ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**နေပြည်တော် မတ် ၈**
ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်အမှတ် (၁/၂၀၂၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါအမိန့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ၄၂၀ တို့အရ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အခွင့်အာဏာကို လွှဲအပ်ကျင့်သုံးခွင့်အပ်နှင်းခဲ့ကြောင်း၊ သို့ဖြစ်၍ ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော မဇ္ဈိမ၊ DVB၊ ခေတ်သစ်မီဒီယာ၊ Myanmar Now နှင့် 7 Day သတင်းဌာနတို့၏ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ယနေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်း၊ ယင်းသတင်းဌာနများသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါကြောင်း ဖော်ပြထားသည်။

သတင်းစဉ်



# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**နေပြည်တော် မတ် ၈**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နိုင်ငံနှင့်အဝှမ်း ထိုးနှံနိုင်ရေးဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ရောက်ရှိပြီးဖြစ်သော ကာကွယ်ဆေးအရေအတွက် ၃ ဒသမ ၅ သန်း အနက် ၁ ဒသမ ၃ သန်းခန့်ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ခွဲထားရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ဝန်ထမ်းများ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးလျက်ရှိကြောင်း ယနေ့တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့ရှိ ပြည်သူ ၁၂၈၂ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်


ကြေးမုံ ယနေ့ ဇတ်စရာ

တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကုန်ကျစရိတ်မျှဝေကျခံရေး အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ သဘောတူညီ
စာမျက်နှာ » ၁၂

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၅၆ ဦး ထပ်မံတွေ့ရှိ
စာမျက်နှာ » ၁၃

အမှန်မြင်နိုင်ပါစေ
ဆောင်းပါး စာမျက်နှာ » ၁၅

ဘာစီလိုနာအသင်းက လာပေါ့တာအား အသင်းဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ်ရွေးချယ်
စာမျက်နှာ » ၂၉


# ဒလမြို့နယ်၌ ပြည်သူလူထုအခြေပြု အခမဲ့ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်

**ရန်ကုန် မတ် ၈**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူလူထုအခြေပြု အခမဲ့ဆေးခန်းကို ယနေ့ နံနက် ၉ နာရီက ဗညားဒလရပ်ကွက်ရှိ ရွှေကျင်နိကာယ မစိုးရိမ်ကျောင်းစာသင်တိုက် ကုသိုလ်ဖြစ်ဆေးခန်း၌ ဖွင့်လှစ်ခဲ့ပြီး အထွေထွေရောဂါများ စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးခန်း၌ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ဖျားနာလူနာများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အထွေထွေ ရောဂါများကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ **စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ✻





# မန်စီးတီးအသင်းရဲ့ ၂၁ ပွဲဆက်တိုက်နိုင်ပွဲရရှိမှုကို မန်ယူအသင်း အဆုံးသတ်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ် ၂၈ အဖြစ် မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ မတ် ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းရဲ့ ၂၁ ပွဲဆက်တိုက်နိုင်ပွဲရရှိမှုကို အဆုံးသတ်စေခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ မန်ယူအသင်းဟာ ပွဲကစားချိန် ၂ မိနစ်မှာ ရရှိခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ပွဲကစားချိန် မိနစ် ၅၀ မှာသွင်းယူခဲ့တဲ့ နောက်ခံလူ လုရှောတို့ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်ယူအသင်းအတွက် ပင်နယ်တီကနေ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ **စာမျက်နှာ ၂၉ ကော်လံ ၁ သို့** ○